www.burmeseclassic.com

SHWE THAMEE PUBLISHING HOUSE

# သူဝေး

Thu Way

www.burmeseclassic.com

www.burmeseclassic.com









SHWE THAMIEE PUBLISHING HOUSE

စွန်း

သောက်

စိုင်



ရွှေသမီးစာပေ

အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။

ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ [illegible]။

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




သားသား စိစစ်သည်။

ရွှေ သ မီး စာ ပေ မှ

တင်ဆက်သည်။

အကြိမ်

ပထမအကြိမ်

ထုတ်ဝေသူ

ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)

အမှတ်-၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ

ရွှေပြည်ဟိန်း ၊(၀၉၉၅၈)

၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း

၂၀၁၂ ခုနှစ် ၊ ဇူလိုင်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သူဝေး ၈၉၄.၈၃

( စုန်းသောက်ဝိုင် ) / သူဝေး ။ ရန်ကုန်၊

ပန်းဝေဝေစာပေ၊ ၂၀၁၂

၂၀၀-စာ၊ ၁၂.၅၊ ၁၉.၅စင်တီ။ (၁) စုန်းသောက်ဝိုင်။


www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

တစ်ခါက တက္ကသိုလ်တစ်ခုမှာ အဖြစ်အပျက်လေးတစ်ခု ဖြစ်ပွားခဲ့ပါသည်။ မည်သူမျှထင်မထားသည့် အချိုးအလှည့်လေးပေါ့။

အဲသည်နေ့ကို အနည်းငယ်ခင်းကျင်းပြရလျှင် . . .

"ဒီနေ့ နောက်ဆုံးနေ့နော်"

"အင်း . . ."

ကျောင်းသူနှစ်ယောက် ထိုသို့ပြောရင်း ကျောင်းဝန်းအလယ်သို့ သုတ်သုတ်လျှောက်သွားကြသည်။

ကန်တင်းတစ်ခုမှာထိုင်နေသည့် ကျောင်းသားတစ်ယောက်ကလည်း နာရီကိုပင့်ကြည့်ရင်း . . .

"အချိန်နီးပြီ၊ သွားကြစို့"

သူ့အဖော်တွေကလည်း . . .

"အေး . . . သွားကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောင်းသားတစ်သိုက်ကလည်း ကျောင်းဝန်းအလယ်သို့ ဦးတည်လျှောက်သွားကြပြန်သည်။

ကျောင်းဆောင်အပေါ်ထပ် ဝရန်တာတွင်လည်း ကျောင်းသူကျောင်းသားတစ်ဖွဲ့၊ ခပ်လှမ်းလှမ်းမှမြင်ရသော မိုးမခအပင်ကြီးဆီသို့ လှမ်းမေးရင်း . . .

"ဒီနေ့ နောက်ဆုံးနေ့ပေါ့"

"သူတို့ ကျိန်စာကလွတ်ပြီလို့ ဆိုရမှာပေါ့နော်။ ဝမ်းသာစရာပဲ"

"အေး . . . သူတို့ အမြဲကံကောင်းပါစေ"

. . . . . . . . . . .

. . . . . . . . . . .

. . . . . . . . . . .

ဘာတွေလဲ။

ဘာအကြောင်းအရာကို ဦးတည်ပြီး ပြောနေကြတာလဲ။

သေချာတာတော့ အဲသည်နေ့က တစ်ကျောင်းလုံးမှ ကျောင်းသားကျောင်းသူတွေသည် ကျောင်းဝန်းအလယ်က မိုးမခအပင်ကြီးဆီ စိတ်ဝင်တစား လှမ်းကြည့်နေကြခြင်းပင် ဖြစ်တော့သည်။

✂ ✂ ✂



(၁)

(က)

နေ့လယ်အတန်းချိန်ပြီးသွား၍ ကျောင်းသားကျောင်းသူများ ထမင်းစားရန် ပြင်ကြလေသည်။ တချို့တွေက အိမ်ပြန်စားကြရန်၊ ဆိုင်သွားစားကြရန်အတွက် အတန်းအပြင်ထွက်သွားကြပြီး ထမင်းချိုင့်ပါသူများကတော့ အခန်းအနောက်က ထမင်းချိုင့်များထားသည့် စင်တစ်ခုဆီသို့ သွားကြရသည်။

ထမင်းချိုင့်တွေ တိုးဝှေ့ယူကြသည်။ ထိုအခိုက် ကျောင်းသူလေးတစ်ယောက်၏ ထမင်းချိုင့်သည် တစ်စုံတစ်ခုနှင့်တိုက်မိပြီး လွတ်ကျသွားသည်။ ခလွမ်း . . . ခွမ်း . . . ဂွမ်း . . . မြည်သံများနှင့် ချိုင့်ကလေးမှာ အဆင့်များပြုတ်သွားပြီး သမံတလင်းတွင် ကစဥ့်ကလျားကျဲ၍ကျသွားတော့သည်။

အသံဆူညံသွား၍ အားလုံးလှမ်းကြည့်သောအခါမှာတော့ . .

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

"အို . . ."

အာမေဋိတ်အသံများနှင့်အတူ အမူအရာတွေလည်း စုံးစုံးခါးခါး ဖြစ်ကုန်တော့သည်။

ချောက်ချားခြင်းနှင့် မသတိမူတွေ . . .။

ပြုတ်ကျသွားသောချိုင့်ထဲမှ ထွက်ကျလာသည့်အရာတွေက .. အသားစိမ်းတွေ၊ သွေးရည်စက်လက်နှင့် အသားစိမ်းများ . . .။



(ခ)

ဆရာမက ဘူဇ္ဖာခေတ်အကြောင်းကို သေချာရှင်းပြနေသည်။ ကျောင်းသားကျောင်းသူများက နားထောင်ကြ၊ ဘောလ်ပင်တထောင်ထောင်နှင့် လိုက်မှတ်ကြသည်။

ဆရာမက အသံငြိမ်ငြိမ်နှင့် ရှင်းပြရင်းပင် မျက်လုံးက တစ်စခန်းလုံးကို အကဲခတ်လိုက်ကြည့်နေသေးသည်။ ထိုသို့လိုက်ကြည့်ရင်း တစ်နေရာမှာတော့ ဆရာမမျက်လုံးက 'တုံ့'ခနဲ ရပ်တန့်သွားသည်။ မျက်နှာအမူအရာမှာလည်း ခပ်မျက်မျက်ဖြစ်သွားသည်။ အလိုမကျသည့်အရာတစ်ခုကို တွေ့သွားပုံပေါ်သည်။ ထို့နောက် ခြေလှမ်းများက တစ်နေရာသို့ ရွေ့သွားတော့သည်။ ကျောင်းသားကျောင်းသူများကလည်း ဆရာမသွားသည့်နေရာကို လိုက်ကြည့်ကြသည်။

ဆရာမက အခန်းအလယ်မှ စာသင်ခုံလေးဆီ သွားခြင်းဖြစ်သည်။ ထိုခုံတွင်ထိုင်နေသော ကျောင်းသူလေးမှာ သူ့နံဘေးသို့ ဆရာမရောက်နေမှန်းမသိဘဲ ခုံအောက်ကစာအုပ်တစ်အုပ်ကိုသာ ကွယ်ကွယ်



www.burmeseclassic.com

www.burmeseclassic.com

ဝှက်ဝှက် ဖတ်နေရှာသည်။ ကွယ်ဝှက်၍ဖတ်နေရသော ထိုစာအုပ်မှာ ကျောင်းစာအုပ်မဟုတ်တာတော့ သေချာပြီ။ ဒါဆို ဘာစာအုပ်လဲ . ..။

"သမီး . . . ဘာစာအုပ်ဖတ်နေတာလဲ"

ရုတ်တရက် အနီးကပ်ထွက်လာသောအသံကြောင့် ကျောင်းသူလေး တုန်သွားသည်။ ဆရာမ၏အသံမှာ ယဉ်ကျေးသော်လည်း တင်းမာနေသည်။

"ရှင် . . ."

ကမန်းကတန်းထူးရင်း မော့ကြည့်တော့ ကျောင်းသူလေးလန့်သွားသည်။ စာအုပ်ကို လွယ်အိတ်အတွင်းသို့ ထိုးထည့်ကာဝှက်ရန် အလုပ်မှာ စာအုပ်မှာ သမံတလင်းပေါ် ပြုတ်ကျသွားသည်။

တစ်တန်းလုံးရှိ ကျောင်းသားကျောင်းသူများက ထိုစာအုပ်ကို ဝိုင်းကြည့်လိုက်တော့ . . .

'ကဝေသာရကျမ်း' တဲ့။

"ဟင် . . ., သူ . . .: သူ"

"သူ . . . သူ . . ."

ကျောင်းသူလေးကို တစ်ခန်းလုံးက ကြောက်ရွံ့ထိတ်လန့်စွာ လက်ညှိုးတွေ ထစ်ထစ်ငေါ့ငေါ့ ထိုးကုန်ကြ . . .။

ᅔ ᅔ ᅔ



(၂)

"တောက် . . ."

ထို 'တောက်'ခေါက်သံ တော်တော်ပြင်းသွားလိမ့်မည်။ လေပူတွေကို မှုတ်ထုတ်လိုက်သည်။ ယောဂီဝတ်စုံကြီးနှင့် ဒေါ်သမီးတောက်နေရတာ လားလားမျှမကောင်း။ သို့သော် မတတ်နိုင်။ မနေ့က ကန်တင်းထဲမှာ ပြောခဲ့သည့်စကားလုံးတွေကိုပဲ အောင့်သက်သက်နှင့် 'ဈာန်ရဲ'ပြန်ကြားယောင်နေမိသည်။

"ဟော့ကောင် . . . ငါတို့ ကျောင်းပိတ်ရက်တွေမှာ ကောင်မလေးတွေရဲ့ အတင်းပြောလိုက်၊ ငါးမျှားပြီး ဘာဘာညာညာလေးနဲ့မြည်းလိုက်၊ မိန်းထဲ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နဲ့ ကြာတော့ရိုးလာပြီကွ။ နောက်ပြီး အဲ့ဒီအလုပ်တွေက တန်ဖိုးလည်း မည်မည်ရရရှိတာမဟုတ်ဘူး"

ထိုစကားက ဉာဏ်မင်းစကား။ မိုးအောင်ကလည်း ထောက်ခံသား။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ကွ။ အဲ့ဒီအလုပ်တွေက အကုသိုလ်တွေ။ ဟိုကောင် ဘိတ်ကြီးဆိုလည်း မှန်ပြောင်းကြီးဝယ်ပြီးကတည်းက မိန်းကလေးရေကူး ကန်ဘက်တွေပဲ သွားနေတာ"

မိုးအောင်စကားကြောင့် ဘိတ်ကြီး၏ဗိုက်ဖိုင့်ဖိုင့်ကြီး တစ်ချက် ဘွန့်သွားသေးသည်။ ပြီးမှ နှာခေါင်းကို လက်နှင့်ပွတ်လိုက်ပြီး ဆူပုတ် ပုတ်နှင့် . . .

"ငါက ပတ်ဝန်းကျင်ကို လေ့လာနေတာပါကွ။ မင်းတို့ ယဉ်ယဉ် ကျေးကျေးတွေးစမ်းပါ"

အဲ့သည်လို အသံကောင်းဟစ်ရင်းနှင့်ကို ကန်တင်းရှေ့မှဖြတ် သွားသည့်ကောင်မလေးကို လှမ်းရှိုးပြီး မျက်လုံးကြီး ဝင်းသွားသည်။

ဈာန်ရဲကပဲ စိတ်မရှည်စွာ ဝင်ပြောလိုက်ရသည်။

"ကဲ . . . ကဲ . . . ဒါဆို မင်းတို့က ဘာတွေလုပ်ချင်တာလဲ ပြော"

အဲ့သည်မှာပဲ မိုးအောင်က ကျားသားမိုးကြိုးဟု အံ့သြရလောက် သော မလိုက်မဖက်စကား ဖွင့်ဟတော့သည်။

"ငါတို့ တနင်္ဂနွေနေ့ကျရင် ဘုရားတက်ရအောင်"

'ဖျောက်'ခနဲ ဘိတ်ကြီးက လက်ဖျောက်တီးပြီး . . .

"ဟုတ်တယ်။ ငါတို့ ဘုရားသွားပြီး ဥပုသ်သီလဆောက်တည် ကြရင်ကောင်းမယ်"

"အင်း . . . ရုပ်နာမ်နှစ်ပါးလည်း စင်ကြယ်မယ်။ ကုသိုလ် လည်းရ၊ အချိန်ကို တရားဓမ္မနဲ့အတူ ဖြတ်သန်းရမှာ၊ ကောင်းတယ်။ တနင်္ဂနွေနေ့ ဘုရားတက်မယ်"

အံ့သြဖွယ်ကောင်းအောင် သူတို့သုံးယောက်က ဘုရားသွား ကျောင်းတက်ဖို့ တက်ညီလက်ညီ ရှိနေကြပါလား။ သူတို့စကားငြင်း ဆန်လျှင် ဈာန်ရဲတော့ ဒိဋ္ဌိဖြစ်ရော့မည်။ ထို့ကြောင့် . . .



"ကောင်းပြီ . . . သွားမယ်။ တနင်္ဂနွေနေ့ကျ ဘုရားသွားမယ် သွား"

ဘိတ်ကြီးက အထွန့်တက်ပြီး (ချက်ချင်းပဲ သောတာပန်တည် သွားတော့မည့် ရုပ်မျိုးနှင့်) ပြောသေးသည်။

"ဘုရားသွားမှာဆိုတော့ ကပျက်ကချော်လုပ်လို့မရဘူး။ ယောဂီ ဝတ်စုံလေးနဲ့ သွားသင့်တယ်"

"အေး . . . အဲ့ဒါဆိုရင် ယောဂီပုဆိုးတွေဘာတွေ ရှာဝတ်ခဲ့ ကြကွာ"

"အိုခေနော်"

"အိုခေ"

"တရားရေး စိတ်မနေးပါဘူးကွ။ အိုခေ . . . အိုခေ"

ထိုစဉ်တုန်းက တစ်အိုခေတည်း အိုခေလိုက်ကြတာ။

တကယ့်နေ့ကျတော့ ဘယ်ကောင်မှလည်း ပေါ်မလာပေ။ ဒီ တော့မှ မိုးအောင်၊ ဉာဏ်မင်းနှင့် ဘိတ်ကြီးတို့သုံးယောက်ပေါင်းပြီး သူ့ ကိုမောင်းလိုက်မှန်း သိတော့သည်။

နေကလည်း ကျစ်ကျစ်တောက်ဆိုတာမျိုးနှင့် ပူနေသည်။ ယောဂီပုဆိုးတောင့်တောင့်ကြီးနှင့် ဈာန်ရဲ ချွေးတွေပြန်လာသည်။ ကြာ တော့ မခံနိုင်တော့သည်နှင့် (Toilet)တစ်ခုအတွင်းဝင်၍ ယောဂီပုဆိုးကို လဲရသည်။ အောက်ခံဘောင်းဘီအဖြစ် ဒူးခေါင်းလောက်မရောက် တရောက် ဂျင်းဘောင်းဘီတိုတိုလေးဝတ်လာ၍ တော်သေးသည်။

စိတ်မကြည်လင်တော့သည်မို့ ဘုရားရှေ့ ဦးသုံးကြိမ်ချပြီး ထွက် လာခဲ့သည်။

ယောဂီပုဆိုးကိုလည်း ခေါက်ခတ်ပြီး ကိုင်လာခဲ့သည်။ အိမ် တော့ မပြန်ဖြစ်သေး။ မြို့ထဲရောက်တုန်းဆိုပြီး ဟိုဟိုဒီဒီ လျှောက်ပတ် နေလိုက်သည်။ ရုပ်ရှင်ရုံတွေဘက်ရောက်တော့ ရုံတင်ထားသည့် ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ကြီးတွေကို လိုက်ကြည့်နေလိုက်သည်။ ရုံတစ်ရုံက သရဲကားလား၊ ချော်ကားလားမသိ၊ ကြော်ငြာထားသည်။

ချာန်ရဲ နာရီကိုငုံ့ကြည့်လိုက်သည်။ အင်း . . . အချိန်မီပဲ။

သို့နှင့် ချာန်ရဲ ရုပ်ရှင်လက်မှတ်ဝင်ဖြတ်တော့သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ကြည့်ရတာပေါ့ဟု ချာန်ရဲရေရွတ်မိသေးသည်။ ဘုရားလည်းဖူးရင်း၊ ရုပ်ရှင်လည်းကြည့်ရင်း တစ်ယောက်တည်း အဆင်ကိုပြေလို့။

"ခစ် . . . ခစ် . . . ခစ်"

"ခွိ . . . ခွိ . . . "

သိပ်သက်သာစရာကောင်းသည့် ရယ်သံမဟုတ်။ ရယ်သည့်သူတွေကို ကြည့်လိုက်တော့ လက်မှတ်ရောင်းသည့် ကောင်မလေးနှစ်ယောက်။ ချာန်ရဲကြည့်လိုက်တော့ သူတို့က ရယ်ချင်တာကို 'ဂုစ်'ခနဲ ပြိုင်တူအောင့်လိုက်ကြခြင်းဖြစ်သည်။ အဲ့သည့် အောင့်ထားသည့်မျက်နှာတွေက ရယ်နေသည့်မျက်နှာထက်တောင် ပိုကြည့်ရဆိုးနေသေးသည်။

သူတို့ ချာန်ရဲကိုကြည့်ကာ ရယ်နေကြခြင်းဖြစ်သည်။ ဒါကို ချာန်ရဲလည်း စိတ်မာတတ်ကျစွာ ကောင်းကောင်းသိနေပါသည်။

အပေါ်ကအကျီအဖြူ စတစ်ကော်လံလည်ကတုံးနှင့်၊ လက်ထဲမှာလည်း ယောဂီပုဆိုးခေါက်ကြီးနှင့်၊ အောက်ကဂျင်းဘောင်းဘီတိုလေးနှင့် ထိုသို့ ချာန်ရဲ၏ဖက်ရှင်က မြင်ရသူအတွက် ရယ်စရာဖြစ်နေသည်။ ဟင်း . . . သက်ပြင်းတစ်ဝက်နှင့် ဟိုသုံးကောင်ကိုပဲ စိတ်ထဲကပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်။

"ခွိ . . . ခွိ"

"ခစ် . . ."

ရယ်သံတွေဆက်ထွက်လာသည်နှင့် လက်မှတ်မြန်မြန်ယူပြီး ရုံထဲဝင်ခဲ့သည်။ ဟာသကားမဟုတ်၍လား၊ မင်းသားတွေ အခြောက်လုပ်



ဖြီး ရိုက်သည့်ကား မဟုတ်၍လားမသိပါ။ ရုံထဲတွင် လူကမရှိသလောက်ဖြစ်နေသည်။ ဒီတော့လည်း အေးဆေးတာပေါ့။

ချာန်ရဲထိုင်သည့်ခုံတစ်တန်းတွင် ချာန်ရဲတစ်ယောက်တည်းဖြစ်နေသည်။ အတော်လေးကြာမှ ဘေးခုံကို နောက်ထပ်တစ်ယောက်ရောက်လာသည်။ ရုပ်ရှင်ရုံထဲက အမှောင်ထုကဲနေပြီမို့ ဘေးကလူကို ချာန်ရဲလှည့်ကြည့်မိပေမဲ့ ကောင်းကောင်းမမြင်ရပေ။ တော်တော်လေးကြာမှ...

"စားပါဦးရှင့်"

ဘေးကလူက မုန့်လာကျွေးတာပါ။ ကြားရသည့်အသံအရ ကောင်မလေးတစ်ယောက်မှန်းတော့ ချာန်ရဲသိလိုက်ရပါပြီ။

"တော်ပြီဗျ . . . ကျေးဇူးပဲ။ စား . . . စား . . ."

ကျေးဇူးတင်စွာနှင့်ပင် ချာန်ရဲ ငြင်းလိုက်ပါသည်။ အတော်လေးကြာတော့ . . .

"စားပါဦးရှင့်"

ထပ်ကျွေးပြန်သည်။ ချာန်ရဲ ထပ်ငြင်းလိုက်ပါသည်။ သို့သော် နောက်တစ်အောင့်လောက်ကြာတော့လည်း . . .

"စားပါဦးရှင့်"

ဆက်ငြင်းရမှာလည်း မကောင်းလွန်းတော့သည်နှင့် နည်းနည်းယူစားလိုက်ရသည်။ ကောင်မလေးကျွေးသည်က ပြောင်းဖူးပေါက်ပေါက်တွေပါ။

ခဏကြာတော့ ရုပ်ရှင်ပိတ်ကားပေါ်မှာ တလူလူလွင့်နေသည့် အလံတော် ပေါ်လာပါသည်။ ရုံထဲမှလူတွေအားလုံး ထရပ်ကာ အရိုအသေပြုကြသည်။ ကောင်မလေးကတော့ (ချာန်ရဲဘေးက ချာန်ရဲကိုပေါက်ပေါက်ကျွေးသည့်ကောင်မလေး) မတ်တတ်ရပ်ရုံတင်မကဘဲ အသံသေးသေးလေးနှင့် နိုင်ငံတော်သီချင်းကို လိုက်ဆိုနေသေးသည်။ အသံသာသေးတာ ဇာတိမာန်ကအပြည့်ပဲဟု ချာန်ရဲမှာ ကောင်မလေးအပေါ် မခိုးမခန့် အထင်ကြီးမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာရယ်မဟုတ်၊ ဈာန်ရဲစိတ်ထဲ ကောင်မလေး၏မျက်နှာကို မြင်ချင်လာမိသည်။ သို့သော် ရုပ်ရှင်ရုံထဲသည်မှောင်ဆဲ . . .။

ခဏကြာတော့ ရုပ်ရှင်စပြသည်။ ကြော်ငြာဘုတ်ထဲမှာ ကြေညာထားသည့်အတိုင်း မှော်ကားလိုလို၊ သရဲကားလိုလိုပဲဖြစ်သည်။ ကောင်းကင်ဝေါ်တွေလည်း ပျံဝဲပြီး တိုက်ခိုက်ကြ၊ အလင်းတန်းတွေနှင့်လည်း ပစ်ခတ်ကြ၊ ဝူးဝူးဝေါင်းဝေါင်းအသံတွေနှင့်လည်း အော်ကြ၊ ကြောက်မက်ဖွယ် ထူးဆန်းသည့်သတ္တဝါကြီးတွေလည်းပါသည်။ ထိုသတ္တဝါကြီးတွေက မီးလည်းမှုတ်တတ်သေးသည်။

"ဝေါင်း . . ."

ရုပ်ရှင်ရုံထဲကအကောင်ကြီးက ရုတ်တရက်အော်ပြီး ထွက်လာတာပါ။ အဲသည့်အချိန်ပဲ ဈာန်ရဲတစ်ကိုယ်လုံး ဆစ်ခနဲစူးသွားပါသည်။

"အား . . ."

"ဟာ . . . ဆော . . . ဆောရီးပါရှင် . . . ကန်တော့ . . . ကန်တော့"

အင်္ဂလိပ်လိုကော၊ မြန်မာလိုတွေကော ကပျာကယာ တောင်းပန်လာသည်။ ရုပ်ရှင်ထဲကအကောင်ကြီးက ဘွားခနဲထွက်လာတော့ ကောင်မလေးကကြောက်လန့်ပြီး ဈာန်ရဲဒူးခေါင်းကို လာကုတ်မိခြင်းဖြစ်သည်။

ကောင်မလေး၏လက်သည်းတွေက တော်တော်ရှည်မယ့်ပုံပဲ။ ဈာန်ရဲ တော်တော်အီသွားသည်။

"မင်းကလည်း လန့်ရင် ထိုင်ခုံကိုကုတ်ပါလား"

"ဟုတ်ကဲ့။ ကျွန်မ နောက်တစ်ခါ အဲ့ဒီလိုကုတ်ပါ့မယ်ရှင်"

အဲ့သည်လိုတော့ ပြောတာပဲ။ သို့သော် ရုပ်ရှင်ထဲကအကောင်ကြီးက ဝုန်းခနဲ ထွက်လာတော့လည်း 'အမယ်လေး' ဆိုပြီး ဈာန်ရဲဒူးခေါင်းကို ဆွဲကုတ်ပြန်ရော။

"အား . . . မင်း . . . မင်းကွာ"

"အား . . . ကန်တော့ . . . ဆောရီး . . . ဆောရီး"



လုပ်ပြန်ပြီ။ ခုနလိုပဲ တောင်းပန်ပြန်ပြီ။ ကျွတ် . . .။ ဈာန်ရဲမှာ ရုပ်ရှင်ထဲကအကောင်ကြီးကိုပဲ ရုပ်ရှင်ထဲဝင်သတ်ရမလား။ သူ့ခေါင်းကိုပဲ ဗုသွားအောင်ထုပစ်ရမလား မသိတော့ပေ။

"မင်းက ဒီထိုင်ခုံကိုကုတ်ပါဆိုကွာ"

"ဟုတ် . . . ဟုတ် . . . ကျွန်မကုတ်တယ်။ ချော်ပြီး ရှင့်ခြေထောက်ကို သွားကုတ်မိပြန်တာ။ စိတ်မဆိုးပါနဲ့ရှင်"

"ဟင်း . . ."

"ရော့ . . . ရော့ . . . ပေါက်ပေါက်စား"

သနားလို့ သူ ကျေနပ်အောင်စားပေးလိုက်တာ။ နောက်တစ်ခါလာကုတ်ရင် ဒီကလည်းအလုပ်ပဲဟု ဈာန်ရဲစိတ်ထဲမှာတော့ တေးထားလိုက်သည်။

တော်တော်လေးကြာသည်အထိတော့ ဘာမှမဖြစ်တော့ပါ။ ရုပ်ရှင်ထဲမှာ အကောင်ကြီးကလည်း ထွက်မလာတော့၍ ကောင်မလေးကလည်း လာမကုတ်တော့ . . . ။

သို့သော် တစ်အောင့်လောက်အကြာမှာတော့ 'ရှီး' ဆိုပြီး အကောင်ကြီးကလည်းထထွက်အလာ 'ဝွက်'ခနဲ ဈာန်ရဲမျက်နှာလည်း ကြယ်စုံလစုံ ဝေသွားတော့သည်။

"အား . . ."

ထိန်းအော်လိုက်သော်လည်း တော်တော်ကျယ်သွားလိမ့်မည်။ ကောင်မလေးဘက် ဆတ်ခနဲလှည့်ကြည့်ပြီး . . .

"ကျွတ် . . . မင်း . . ."

သည်တစ်ခါ ကုတ်တာမဟုတ်ပါ။ ကောင်မလေးက အကောင်ကြီးထွက်လာ၍ လန့်ပြီး လက်ရုတ်လိုက်ရင်း ဈာန်ရဲမျက်နှာကို တံတောင်နှင့် တွက်မိသွားခြင်းဖြစ်သည်။ နှာခေါင်းရိုးလည်း တွက်မိသဖြင့် ဈာန်ရဲ နှွန်လည်းမွှန်၊ မူးလည်း မူးသွားတော့သည်။

"အားနာလိုက်တာရှင်"



www.burmeseclassic.com

www.burmeseclassic.com

"အားနာမနေနဲ့ . . . ရော့ . . . ရော့ . . . "

စိတ်ပေါက်ပေါက်နှင့် သူ့ပေါက်ပေါက်တွေလည်း ပြန်ပေးလိုက်သည်။ (ပေါက်ပေါက်စားရတာနဲ့မတန်အောင် သူကလုပ်တာကိုး။)

"ကန်တော့ . . . ကန်တော့ကွာ . . . ဆောရီးပဲ။ မင်းနဲ့တော့ မနေနိုင်တော့ဘူး"

သူ့လိုပဲ ပြန်အော်တောင်းပန်ပြီး ခပ်လှမ်းလှမ်းကခုံကို ဈာန်ရဲ သွားပြောင်းထိုင်သည်။ စိတ်ညစ်ညစ်နှင့် ဘယ်လိုမိန်းကလေးမျိုးနှင့် လာတွေ့နေရပါလိမ့်ဟုလည်း ဈာန်ရဲ စိတ်ကုန်နေမိသည်။ သတိရပြီး ဟိုသူတောင်းစားသုံးကောင်ကိုလည်း ဆဲချင်လာပြန်သည်။ ဒုက္ခအရင်းအမြစ်က ဒီကောင်တွေဆီကပဲ။

ဈာန်ရဲ ရုပ်ရှင်ပဲ ဆက်ကြည့်နေလိုက်သည်။ ပါးစပ်ထဲ ဝါးစရာ ပေါက်ပေါက်မရှိတော့ ဟာတာတာနှင့်။ အိုး . . . ဘာတမ်းတစရာလိုလဲဟု စိတ်ကိုဖျောက်လိုက်သည်။

ကောင်မလေးနဲ့ဝေးသွားလို့ ရန်အေးရပြီ။ အေးအေးဆေးဆေး ရုပ်ရှင်ကောင်းကောင်းကြည့်ရပြီဟု ဈာန်ရဲ စိတ်ချလက်ချ ထင်လိုက်မိသည်။ ခဏလောက်ကြာတော့ ဘေးဘီကို ယောင်ယမ်းကြည့်မိတော့...

"ဟာ . . ."

ဈာန်ရဲ အံ့သြသွားသည်။ ကောင်မလေးက မချိပြုံးလေး။

"ဟာ . . . မင်း . . . . မင်းဘာလို့ ငါ့အနား လိုက်လာပြန်တာလဲ"

"ကျွန်မတစ်ယောက်တည်း မကြည့်ရဲလို့ပါရှင်"

ကောင်မလေးအသံက သနားစရာပင်။ ဒါပေမဲ့ ဈာန်ရဲက ဖိဟောက်သည်။

"ကြောက်တတ်ရင် ဘာလို့ တစ်ယောက်တည်းလာကြည့်လဲ။ သူငယ်ချင်းတွေဘာတွေနဲ့ ခေါ်လာကြည့်မှပေါ့ကွ"

"ကျွန်မမှာ သူငယ်ချင်းမှမရှိတာ"



" . . . . . "

သူ့အသံနွမ်းအိုအိုလေးကြားမှာ ဈာန်ရဲ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ခဏလောက်ငြိမ်နေမိပြီးမှ 'ဟူး . . .' ခနဲ သက်ပြင်းခပ်ထွေးထွေးကို မှုတ်ချလိုက်သည်။ သူ ကောင်မလေးကို ကုတ်ချင်လည်း ကုတ်ပါစေတော့ဟု အလျှော့ပေးကာ ပစ်ပစ်ခါခါ မလုပ်ရက်တော့ပေ။

"ကဲ . . . ကဲ . . . ဒါဆို ကြည့်ကြည့်။ ငါ့အနားကကြည့်။ ဒါပေမဲ့ မင်းလက်တွေကိုတော့ သတိထားကွာ။ လာမကုတ်မိ၊ မရိုက်မိစေနဲ့တော့"

"ဟုတ် . . . စိတ်ချပါရှင်"

စိတ်မချပါ။ ဈာန်ရဲကတော့ စောင့်ကြည့်နေရသည်။ ရုပ်ရှင်မကြည့်ရဘဲ သူ့လက်တွေကိုသာ ကြည့်နေရတော့သည်။ လိုအပ်ရင် ကာကွယ်ရန် ကိုယ့်လက်တွေကိုလည်း အသင့်ပြင်ထားရသည်။ ရုပ်ရှင်မြန်မြန်ပြီးဖို့သာ ဆုတောင်းနေမိတော့သည်။

မျက်နှာကြက်ကမီးဆိုင်းတွေ တဟုန်းဟုန်းပြန်ပွင့်ပြီး လင်းသွားတဲ့အချိန်ဟာ ရုပ်ရှင်ပြီးသွားသည့်အချိန်ပေါ့။ ဇာတ်သိမ်းစာတန်းများ ထိုးနေသည့်ကြားကကို 'ဘွား'ခနဲ အကောင်ကြီးက ထွက်လာသေးသည်။ ဈာန်ရဲ သတိရှိရှိ ချက်ချင်းကာကွယ်လိုက်သည်။ သို့သော် ကောင်မလေး၏လက်တွေက လာမကုတ်တော့ပါ။

မီးတွေလင်းလာပြီဖြစ်၍ သူ့ကိုလည်း ကောင်းကောင်းမြင်နေရပါပြီ။ ဈာန်ရဲ စစချင်းမြင်မိတာကတော့ သူ့ဦးခေါင်းလေးပါ။ ဆံပင်တွေကို 'ဖွား'ခနဲသိမ်းလိုက်ပြီးထလိုက်တော့မှ ကောင်မလေး၏မျက်နှာလေးကို တွေ့လိုက်ရသည်။

" . . . . . "

စိတ်အတွင်းထဲမှ အာမေဍိတ်သံတစ်မျိုးလေး ထွက်သွားသလို ဈာန်ရဲ ခံစားလိုက်ရသည်။ ကောင်မလေး၏ အူကြောင်ကြောင်ပုံစံလေးနှင့် မျက်နှာဖူးဖူးလေးကို မလိုက်ဖက်သလိုမြင်မိသည်။ ပင်ကိုဖြူဖွေးမည့်



www.burmeseclassic.com

www.burmeseclassic.com

အသားအရေတွင် အပြင်အဆင်မရှိမှုကြောင့် အဆီနည်းနည်းပြန်နေသည်။ သို့သော် ချစ်စရာလေးပင်။

"ငါ . . . ငါသွားတော့မယ်"

နှုတ်ဆက်စရာလိုသလားမသိပေမဲ့ ရှက်ရိပ်ရှက်ဖြာနှင့် ဗျာန်ရဲ ထစ်ထစ်ငေါ့ငေါ့ နှုတ်ဆက်မိသွားသည်။

ခပ်မြန်မြန်ထွက်သွားမိသောသူက သူ့အနောက်၌ကျန်ခဲ့သော သူ့ကိုလှမ်းခေါ်ရန် နှုတ်ခမ်းလေးပြင်နေသောကောင်မလေးကို မတွေ့နိုင်တော့ပါချေ။



နောက်ပြန်လဲကျသွားတာပဲ
ဒါပေမဲ့
သောကြာနေ့ စံပယ်ပွင့်လေးများနှင့် ဝင်တိုက်မိတာမို့
မနာကျင်ခဲ့ရ
ကိုယ့်စိတ်ကြိုက် ခေါက်သိမ်းလို့ရတဲ့
မြေပုံတစ်ခုရခဲ့သလိုလေ။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

အခုတစ်လော ဓာတုမေဂျာအတန်းရှေ့ကို ကောင်မလေးတစ်ယောက် ရောက်ရောက်လာကြောင်း လူပြောသူပြောများနေသည်။ ကောင်မလေးက အတန်းထဲကို ခိုးခိုးဝှက်ဝှက်လှမ်းလှမ်းကြည့်ပြီး သူ့ဘာသာသူ ညို့ဆိုင်းဆိုင်းလေး ပြန်ပြန်သွားတတ်သည်တဲ့။ ဘာလုပ်ချင်တာလဲ၊ ဘာသဘောလဲမသိရ။ သို့သော် ကောင်မလေးကတော့ အချိန်မှန် အတန်းရှေ့ကိုလာသည်ပဲတဲ့။ အဲသည်လိုလာတာ ရက်သတ္တပတ်ရှိခဲ့ပြီ။

"ကောင်မလေးက ချစ်စရာလေးပဲကွ"

"အေးကွ . . .။ ဒါနဲ့ သူက ဘယ်သူ့ကို လာချောင်းနေတာလဲမသိဘူးနော်။ ဧကန္တ ငါ့များရှိုးနေတာလားမသိဘူး။ အယေား . . ."

"အောင်မာ . . . ကောင်မလေးများ မျက်ကန်းမှတ်နေလား။ မင်းလိုကောင် ရှိုးစရာလား"

ထိုသို့ အတန်းထဲက ကျောင်းသားလူယယ်လေးတွေ၏ နှုတ်ဖျားမှာလည်း ကောင်မလေး၏သတင်းက ချိုမြစွာ တွဲလွဲခိုနေတော့သည်။



အတန်းတက်တစ်လှည့်၊ ပျက်နစ်လှည့်နှင့်မို့ ချာန်ရဲကတော့ ထိုသတင်းကို ခပ်သဲ့သဲ့ပင် ကြားမိပါသည်။ သိပ်စိတ်ဝင်စားစရာကောင်းသည့်ကိစ္စဟုလည်း မထင်မိ။

"ဟယ် . . . ဟိုမှာ ကောင်မလေး"

"ဟင် . . . လာပြန်ပြီလား။ သူလာပြန်ပြီလား"

ချာန်ရဲတို့နောက်ခုံတန်းက မိုးအောင်၏ ရည်းစား ထက်ထက်နှင်းနှင့် ခတ္တာတို့က တီးတီးတိုးတိုး ပြောနေကြခြင်းဖြစ်သည်။ ချာန်ရဲကလည်း သူတို့စကားကိုကြားရပေမဲ့ အမှုမဲ့အမှတ်မဲ့ပင်ဖြစ်သည်။

ထုံးစံအတိုင်း သတင်းကြီးနေသည့် ကောင်မလေးမှာ သူတို့မေဂျာအခန်းရှေ့မှာ လာချောင်းနေပြန်ပြီဖြစ်သည်။

စူးစူးစမ်းစမ်းရှိသည့် နီထွေးကလည်း ကောင်မလေးရှိရာဆီ ပြန်ချောင်းကြည့်နေသည်။ ကောင်မလေး၏ အကြည့်လမ်းကြောင်းကို သေချာအကဲခတ်ကြည့်ရင်း နီထွေးက ထက်ထက်နှင်းကို ခါးတို့လိုက်သည်။

"ဟဲ့ . . . ထက်ထက်၊ ကောင်မလေးက ရှေ့ကဘိတ်ကြီးတို့ခုံကို လှမ်းကြည့်နေသလိုပဲ"

ထက်ထက်နှင်းကလည်း မျက်မှောင်ကြုတ်ကာ ကောင်မလေးရှိရာဆီသို့ လှမ်းကြည့်လိုက်သည်။ ခတ္တာကလည်း ဝင်မှတ်ချက်ပေးသည်။

"အေးဟ . . . သေချာကြည့်ကြည့်တော့ ကောင်မလေးက ချာန်ရဲကို ကြည့်နေသလိုပဲ"

"အင်းနော် . . . ဟုတ်တယ်"

ထက်ထက်နှင်းကလည်း ထောက်ခံလာသည်။

သူမတို့တီးတိုးပြောတာကို ရိပ်မိသောကောင်မလေးက ချောင်းကြည့်နေရာမှ နံရံတစ်ဘက်သို့ ကွယ်လိုက်သည်။

မနေနိုင်သော သူမတို့က ရှေ့ခုံတန်းကို သတင်းပို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

စုံသောက်ဝတ္ထုခိုးဖတ်နေသော ဉာဏ်မင်းအကျႌကုပ်ကို နီထွေး တလှမ်းဆွဲပြီး . . .

"ဉာဏ်မင်း . . . ဟိုကောင်မလေးက နင်တို့ခုံတန်းကို လှမ်းလှမ်းကြည့်နေတယ်"

"ဟမ် . . ."

"သေချာတာတော့ ဈာန်ရဲကိုကြည့်နေတာပဲဖြစ်မယ်ဟ"

ဉာဏ်မင်းနှင့် တစ်ယောက်ကျော်အနေအထားမှာ ထိုင်နေသော ဈာန်ရဲမှာလည်း သူ့နာမည်ပါလာသဖြင့် ရှေ့ဆရာရေးပြထားသော သင်ပုန်းမှစာကိုကူးနေရာမှ နောက်သို့ မျက်နှာတစ်ဝက် လှည့်လိုက်သည်။

"ဘာတွေ ငါ့အတင်းပြောနေတာလဲ"

ဘုမသိဘမသိပြောသည့် ဈာန်ရဲကို ခင္တာက နှုတ်ခမ်းတစ်ချက်မဲ့ပြီး . . .

"အတင်းမဟုတ်ဘူးဟဲ့ . . . သတင်း . . . သတင်း။ ဟိုးအခန်းပေါက်မှာ ကောင်မလေးတစ်ယောက် နင့်ကို ခိုးခိုးကြည့်နေတယ်"

ဈာန်ရဲက အရေးမပါသလို တစ်ချက်ရယ်ပြီး . . .

"သူ့ဘာသာ သူ့သူငယ်ချင်းတစ်ယောက်ယောက် လာရှာတာနေမှာပေါ့ဟာ"

ရှေ့သို့ပြန်လှည့်ကာ စာဆက်ကူးလေသည်။ ထက်ထက်နှင်းကပါ သူ့ကျောကုန်းကိုဆွဲဆိတ်ပြီး ပြောတော့သည်။

"ငါတို့ အကဲခတ်နေတာကြာပြီ။ ကောင်မလေးက နင့်ဆီကို တန်းတန်းကြီး ကြည့်နေတာဟဲ့"

"ဟုတ်လို့လားဟာ"

"ဟုတ်တယ်။ မယုံရင် ကြည့်ကြည့်"

ယုံသည်မယုံသည်ဆိုသည်ထက် ဈာန်ရဲက စိတ်ကိုမပါ။ သို့သော် ထက်ထက်နှင်းပြောသလို ကြည့်ကြည့်လိုက်ပါသည်။ မျက်လုံးက အတန်းရှေ့တံခါးပေါက်အရောက်မှာတော့ . . .



"ဟင် . . ."

ဈာန်ရဲ အံ့သြသွားမိသည်။

သူဘယ်လိုမှ ထင်မှတ်ထားခြင်းမရှိသော မြင်ကွင်းတစ်ခုဝင်။ သူ့ကိုချောင်းကြည့်နေသည့် မျက်နှာလေးတစ်ခု။ ထိုမျက်နှာက ဈာန်ရဲကို မှင်တက်သွားစေသည်။

သို့သော် . . .

ဈာန်ရဲလှမ်းကြည့်နေမှန်းသိသောအခါ ချောင်းကြည့်နေသော မျက်နှာလေးမှာ 'ဗစ်' ခနဲ (ထိုဗစ်ဆိုသည့်အသံကို ဈာန်ရဲနားနှင့် လှမ်းမကြားလိုက်ရပါ) နံရံတစ်ဖက်သို့ ပြေးကွယ်သွားသည်။

ဈာန်ရဲ လည်ပင်းကြီး စောင်းငန်းစောင်းငန်းလုပ်ပြီး သူ့ကိုလှမ်းကြည့်ရသည်။ သူ . . . သူပါပဲ။ ဟုတ်ပါတယ် . . . သူပါပဲ။ ဈာန်ရဲ ဝေခွဲနေရသည်။ ရုပ်ရှင်ရုံထဲမှာတွေ့ခဲ့တဲ့ အကုတ်သန်တဲ့ ကောင်မလေး။ ဟုတ်တယ် . . . သူ့မျက်နှာပါ။

"ငါပြောတာ မှန်တယ်မို့လား။ နင့်ကို ကြည့်နေတာမို့လား"

"အင်း . . ."

ထက်ထက်နှင်းစကားကို ခေါင်းညိတ်ပြီး ခပ်ဖျော့ဖျော့ဖြေလိုက်ရသည်။

ထိုသို့ ဈာန်ရဲဖြေတော့ ဘိတ်ကြီး၊ မိုးအောင်နှင့် ဉာဏ်မင်းတို့လည်း အခန်းပေါက်ဝကို လှမ်းကြည့်ကြသည်။ သည်လို သူတို့ဝိုင်းကြည့်တော့ ကောင်မလေးက ပြန်မကြည့်တော့ပေ။ နံရံ၏တစ်ဖက်၌ ပုန်းနေဆဲ။

နောက်တော့ ဈာန်ရဲတို့ သူ့ကိုမကြည့်တော့ဘဲ ရှေ့သင်ပုန်းက စာကို အာရုံပြန်စိုက်ချိန်ကျမှ သူက ခိုးကြည့်ပြန်သည်။ သူ ခိုးကြည့်နေတာကို ဈာန်ရဲလည်း ခိုးကြည့်နေ၍ မြင်ရခြင်းဖြစ်သည်။

အတန်းဆင်းပြီး ဆရာထွက်တာနှင့် ဈာန်ရဲလည်း အလျင်အမြန် ဝဲအပြင်ထွက်ပြီး သူချောင်းကြည့်သည့်နေရာကို အပြေးလိုက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဈာန်ရဲပြောလာတာကိုလည်းမြင်ရော ကောင်မလေး လန့်ဖျပ်သွားပုံရသည်။ ချက်ချင်း ထွက်ပြေးပါရော။

"ဟော့ . . . ဟော့ . . . ဟော့ . . . ကောင်မလေး"

ဈာန်ရဲ မီသလောက်ပြေးလိုက်ပြီးခါပေမဲ့ ကောင်မလေးကတော့ လှည့်လည်း လှည့်မကြည့်၊ ရပ်လည်းမရပ်ဘဲ ထွက်ပြေးတော့သည်။

ဘာလဲဟ . . . ။ သူပဲ လာချောင်းပြီးတော့ . . .

ဈာန်ရဲ ဆူပုတ်ပုတ်နှင့် ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့ရသည်။ ဈာန်ရဲ ကောင်မလေးကို နားမလည်နိုင်ခဲ့ပါ။

သည်လိုဖြစ်တာ အဲသည်နေ့တင်မကခဲ့ပါ။ နောက်နေ့များမှာလည်း သည်အတိုင်းပဲ ဖြစ်နေတော့သည်။ ကောင်မလေးက လာချောင်းမြဲချောင်းသည်။ ချောင်းကြည့်နေတာသိလို့ ဈာန်ရဲပြေးလာတိုင်း ကောင်မလေးက လုံးနေအောင် (ဘယ်လိုလုံးတာလဲ မမေးရ) ထွက်ပြေးတော့သည်။

ကြာတော့သည်ကိစ္စက ဈာန်ရဲအတွက် ကသိကအောက်နှင့် ဆွေးနွေးစရာတစ်ခု ဖြစ်လာတော့သည်။

ဈာန်ရဲက အရင်ဆုံးအနေနှင့် ရပ်ရှင်ရုံထဲမှာ ကောင်မလေးနှင့် တွေ့ခဲ့သည့်ပုံကို အသေးစိတ်ပြောပြသည်။ သူပြောပြပြီးမှ သူငယ်ချင်းတွေက တစ်ယောက်တစ်ခွန်း ထင်မြင်ချက်တွေ ယှက်တင်ကြလေသည်။

"ရုပ်ရှင်ရုံထဲမှာကြုံခဲ့တဲ့ ကောင်မလေးဆိုတာကော သေချာရဲ့လား"

"သေချာပါတယ်ဆိုကွာ"

"ကွာ . . . ကောင်မလေးက ဒီကောင့်ကိုကြွေလို့ လာလာရှိုးနေတာနေမှာပေါ့"

ဘိတ်ကြီးစကားက ဘဝင်မြင့်စရာပါ။ သို့သော် ရှားလော့ဟုမ်းဝတ္ထုဖတ်နေရာက ဉာဏ်မင်းဝင်ပြောသည့်စကားကတော့ မမိုက်။

"ဟွန်း . . ကြွေလို့လာရှိုးတာ ဟုတ်ပါ့မလားကွာ။ ကောင်မလေးက ခြံထဲမှာခွေးရူးရှိမရှိ ချောင်းကြည့်တဲ့ပုံစံမျိုးနဲ့ လာကြည့်ကြည့်နေတဲ့ဟာ"

"အေး . . . ဟုတ်တယ်ကွ။ ဒီကောင်ပြေးလိုက်ရင်လည်း ကောင်မလေးက ခွေးရူးလိုက်တယ်အမှတ်နဲ့ ထွက်ပြေးနေတာပဲ"

သူတို့နဲ့ဆွေးနွေးမှ ဈာန်ရဲမှာ ခွေးရူးဖြစ်ကိန်းဆိုက်တော့သည်။

"တော်ပြီကွာ။ ဘာတွေမှန်းလည်းမသိဘူး"

သည်လောက်နှင့်ပဲ ဆွေးနွေးခန်းကို ရပ်လိုက်ပါသည်။

ဘာရယ်ညာရယ်တော့မဟုတ်။ အတန်းထဲမှာ ဈာန်ရဲ နာမည်ကြီးလာရတာတော့ အမှန်။ ကောင်မလေးလှလှလေးတစ်ယောက် ဈာန်ရဲကို နေ့တိုင်းလာလာချောင်းနေတာတဲ့ ဆိုပြီးတော့ . . .။ အကြွေးတောင်းလို့နေမှာပေါ့ဟဲ့ဆိုပြီး တချို့ကလည်း ဝင်အထင်ကြီးကြသည်။

ဒါကြောင့် ကောင်မလေးလာချောင်းသည့်ကိစ္စမှာ ဈာန်ရဲအတွက် အကောင်းအဆိုးဝေဝါးနေဆဲ။ သူဘာလို့ လာချောင်းနေတာလဲ။ ထိုမေးခွန်းက ပဟေဠိတစ်ခုလို ဈာန်ရဲ၏စူးစိုက်မှုအာရုံတစ်ခုလုံးကို အရင်းမှနေ၍ ကုပ်တွယ်ချုပ်ကိုင်ထားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

သို့သော် တစ်ရက်မှာတော့ ကောင်မလေးရောက်မလာခဲ့ပါ။

သည်တော့လည်း အတန်းထဲမှာကျွက်စီကျွက်စီနှင့် ပြောစရာတစ်ခုရနေကြသည်။ နောက်ခုံတန်းကနီထွေးက လေသံသဲ့သဲ့နှင့် . . .

"ချာန်ရဲ နင့်ကောင်မလေး မလာပါလား"

"နေမကောင်းလို့များလား မသိဘူး"

ခတ္တာ၏ဖြည့်စွက်စကားက ချာန်ရဲကိုပါ စိုးရိမ်စိတ်ဝင်သွားစေသည်။ သူ နေများမကောင်းလို့လား . . . ။အတွေးများလည်း ပူပြီးဝင်လာသည်။

"ကဲ . . . ဒီနေ့တော့ဒီလောက်ပါပဲ တပည့်တို့"

ဆရာကနှုတ်ဆက်၍ အတန်းထဲမှထွက်သည်။

အတန်းပြီးချိန်အထိ သူမလာတော့ အမည်မသိခံစားမှုတစ်ခုနှင့် ရင်ထဲမှိုင်းအိုလာသလိုလို။ ဟူး . . . သက်ပြင်းသံကလည်း တိုးသက်လို့။



အဲသည်အချိန်မှာပဲ ခုနက နှုတ်ဆက်ပြီးထွက်သွားသည့်ဆရာ အတန်းထဲသို့ပြန်ဝင်လာသည်။ လက်ထဲတွင်လည်း စာတစ်စောင်နှင့်။ ဆရာဝင်လာတာမို့ အတန်းထဲကထွက်မည့် ကျောင်းသားတွေကလည်း ကြုံရာနေရာမှာ ကြုံသလိုထိုင်လိုက်ကြသည်။

ဆရာက တစ်ခန်းလုံးကိုဖြုံကြည့်ပြီး

"မောင်ချာန်ရဲရှိလား"

ဘာကိစ္စပါလိမ့်။ ချာန်ရဲ မတ်တပ်ရပ်လိုက်ရသည်။ လူတွေကလည်း ဝိုင်းကြည့်ကြသည်။

"ဒီမှာ မင်းနာမည်နဲ့စာလာလို့ကွ၊ မေဂျာလိပ်စာနဲ့ပဲ ရော့ ရော့"

"ဟုတ် . . . ဟုတ်ကဲ့ဆရာ"

ဟုတ်ကဲ့လည်းပြောရင်း၊ ဘယ်သူ့ဆီကစာလည်းတွေးရင်း ချာန်ရဲ ခေါင်းရှုပ်သွားပါသည်။ ရော့ ရော့ဟုဆိုသော်လည်း ဆရာက စာကိုစားပွဲခုံပေါ်မှာချထားခဲ့၍ ထွက်သွားပြီဖြစ်သည်။ ချာန်ရဲ သွားယူရန် ပြင်တုန်းမှာပဲ . . .

"ဘာစာလဲမသိဘူး ဟေဟေး"

ဆိုပြီး ဘိတ်ကြီးက မိုက်တလှုပ်လှုပ်နှင့်ပြေးယူသည်။

"ဟေ့ကောင်၊ ဟေ့ကောင်"

ဆိုပြီး ချာန်ရဲ ပြေးလိုက်မလို့ရှိသေး၊ မိုးအောင်ကလှမ်းဖမ်းထားသည်။ ဉာဏ်မင်းကလည်း လက်တွေကိုဆွဲချုပ်သည်။

"ဘိတ်ကြီးလည်း စာဖတ်တတ်ပါတယ်ကွ။ သူ ဖတ်ပြပါလိမ့်မယ် ဟေးဟေး"

"ကန်တင်းက အကြွေးလှမ်းတောင်းတဲ့စာထင်တယ်၊ အော်ဖတ်ကွာ၊ ဖတ် ဖတ်"

"အာ . . . လွှတ် . . . လွှတ်ကြစမ်းပါကွာ"

မလွှတ်ကြပါ။ ဉာဏ်မင်းနှင့်မိုးအောင်က တင်းနေအောင်တောင် ဆွဲချုပ်ထားလိုက်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘိတ်ကြီးကစာသွားယူပြီး သင်ပုန်းရှေ့က စတိတ်စင်ခပ်နိမ့်နိမ့်လေးဆေါ်မှာ ဟန်ကျပန်ကျရပ်၍ စာကိုဖောက်သည်။ အတန်းထဲက အခြင်ထွက်မည့်လူတွေကလည်း မထွက်ကြပြန်တော့ပေ။ စာဖတ်မည့် ဘိတ်ကြီးဆီပဲ စိတ်ဝင်တစားနှင့် လှမ်းကြည့်နားစွင့်ကြတော့သည်။ ထက်ထက်နှင်း၊ နီထွေးနှင့် ခတ္တာတို့ကလည်း ရှေ့တစ်ခုံတိုးပြီး နားထောင်ဖို့ ပြင်သည်။

"အဟင်း ဟင်း အဟွတ်"

မိန့်ခွန်းပဲပြောမှာလိုလို လည်ချောင်းရှင်းလိုက်သေးသည်။ ပြီး . . . စပ်ဖြီးဖြီးမျက်နှာနှင့် ဘိတ်ကြီးက စာစ,ဖတ်သည်။

"သို့ . . . တဲ့။

ကိုဈာန်ရဲရှင့်တဲ့၊ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မလက်သည်းတွေနဲ့ကုတ်မိတာ ရှင် တော်တော်နာနေမှာပဲတဲ့။ အမှောင်ထဲမှာဆိုတော့ ကျွန်မလည်း ကုတ်မိကုတ်ရာ ကုတ်လိုက်မိတာပါတဲ့"

"ဟာ . . ."

တစ်ခန်းလုံး၏ 'ဟာ'ဖြစ်သည်။ စာကမပြီးသေး၊ တစ်ခန်းလုံးက ဈာန်ရဲကိုကြည့်ကုန်ကြပြီ။ အမှောင်ထဲမှာတွေကော၊ လက်သည်းနှင့် ကုတ်တာတွေကောဆိုတော့ အားလုံးက ကောင်းကောင်းကြီးအထင်လွဲကြပြီ။

ဘိတ်ကြီးက မရဲတရဲနှင့် ဈာန်ရဲကို ဝင့်ကြည့်သည်။ ဈာန်ရဲ ချွေးပြန်သွားသည်။ ဘိတ်ကြီး မရဲတရဲအသံနှင့်ပဲ ဆက်ဖတ်ရှာသည်။

"ကျွန်မ တကယ့်ကို အနူးအညွတ်တောင်းပန်ပါတယ်။ ဆောရီးပါရှင်၊ ကန်တော့ ကန်တော့ပါတဲ့။ ဒါပေမဲ့ ရှင်ထွက်သွားတော့ ရှင့်ပုဆိုးကကျန်ခဲ့တယ်လေ။ အခု ရှင့်ပုဆိုးကိုပြန်ပေးချင်တာ ဘယ်လိုလုပ်ရမလဲ၊ ရှင့်ပုဆိုး ကျွန်မဆီလာယူပါလားရှင်တဲ့"

"ဟာ . . ."

"ဟာ . . ."



တစ်ခန်းလုံး၏ 'ဟာ'ပါပဲ။ စာကဆုံးတာတောင် 'ဟာ'က ဆေုံးနိုင်သေး။ အမှောင်ထဲမှာ လက်သည်းနှင့်ကုတ်တာအပြင် အခု ပုဆိုး ကျန်ခဲ့တာပါ,ပါလာတော့ အားလုံးက အထင်လွဲရုံတင်မကသေး။ သေချာပေါက်ကို အတည်ပြုလိုက်ကြပြီ။

တစ်ခန်းလုံးက ဈာန်ရဲကို မှုခင်းဂျာနယ်တစ်စောင်လို လှမ်းကြည့်ကုန်ကြသည်။ ပါးစပ်တွေလည်း ကျွက်စီညံကုန်ကြသည်။

ကိုယ်ကျိုးတော့နည်းပါပြီ။ ပြေလျော့နေပြီဖြစ်သည့် မိုးအောင်နှင့်ဉာဏ်မင်းလက်က အတင်းရုန်း၊ ဘိတ်ကြီးဆီကစာကိုပြေးယူ၍ တစ်ချိုးတည်း ပြေးရတော့သည်။ ထိုင်နေကျကန်တင်းဘက်ကိုပေါ့။

ကန်တင်းရောက်မှ ဈာန်ရဲ စာကိုဖတ်ကြည့်လိုက်သည်။ ဘိတ်ကြီးဖတ်ပြသည့်အတိုင်းပင်။ ဘာမှ လုပ်ကြံဖတ်ထားတာမရှိ။ စာအသွားအလာကိုကြည့်၍လည်း ဒါ ဘယ်သူ့ဆီကလာသည့်စာမှန်းလည်း ဈာန်ရဲ ကောင်းကောင်းသိလိုက်ပါပြီ။ ဒီလို အူကြောင်ကြောင်အဆီအငေါ်နဲ့ အရေးအသားမျိုးက ဘယ်သူ့စာဖြစ်နိုင်ပါ့မလဲ။

ဉာဏ်မင်း၊ ဘိတ်ကြီး၊ မိုးအောင်နှင့် ထက်ထက်နှင်း၊ နီထွေး၊ ခတ္တာတို့လည်း အဖွဲ့လိုက်ရောက်လာကြသည်။ မျက်မှောင်ကြုတ်နေသည့်ဈာန်ရဲကို စိတ်ရှုပ်နေမှန်းသူတို့သိမှာပါ။ ဒါတောင် ဘိတ်ကြီးက စပ်ဖြဲဖြဲနှင့် . . .

"ဟင်း ဟင်း၊ ပြောစမ်း မောင်ဈာန်ရဲ ဇယားရှုပ်ပြီးပျားတုပ်နေတဲ့ကောင်လေး၊ အဲ့ဒီစာက ဘယ်ကအရှုပ်ထုပ်လဲ"

ဆားပုလင်းနှင်းမောင်စာအုပ် လက်ကြားညှပ်ထားသည့်ဉာဏ်မင်းက ဘိတ်ကြီးကို မျက်နှာထားနှင့်ဟန့်တားပြီး . . .

"နေစမ်းပါကွာ၊ စကားကောင်းကောင်းပြောစမ်းပါ။ ဘယ်လိုလဲ ဈာန်ရဲ ဒီစာက ရုပ်ရှင်ရုံမှာတွေ့ခဲ့တဲ့ ကောင်မလေးရဲ့စာလား"

ဉာဏ်မင်းကမှအမြင်ရှိသေး၊ ဈာန်ရဲ ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်ရုပ်ရှင်ရုံက ကောင်မလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

ထက်ထက်နှင်းက စိတ်ဝင်တစားမေးလာတာပါ။ ဈာန်ရဲက ချောချောအေးအေးရှိပုံမပေါ်သဖြင့် မိုးအောင်ကပဲ ဝင်ရှင်းပြလိုက်သည်။ ရှင်းပြအပြီးမှာ နီထွေးက . . .

"နှင့်ပုဆိုးကျန်ခဲ့တယ်ဆိုတာကကော ဘာလဲဟ"

"အထင်မလွဲကြပါနဲ့ဟာ၊ ယောဂီပုဆိုးကိုပြောတာပါ။ နောက်မှ ငါသတိရတာဟ။ ငါ ရုပ်ရှင်ရုံထဲတုန်းက ယောဂီပုဆိုးကျန်ခဲ့တာကွ"

ပြဿနာက ထိုသို့ ခပ်ရှုပ်ရှုပ်ဖြစ်နေသည်။

"ဒါနဲ့များ ကောင်မလေးက၊ ရော့ ရှင့်ပုဆိုးကျန်ခဲ့တယ်ဆိုပြီး လာပေးပေါ့၊ ပြီးပြီပဲ။ အခုကျတော့ လာချောင်းကြည့်လိုက်၊ ထွက်ပြေးလိုက်ဆိုတော့ ဘာသဘောလဲ"

ဘိတ်ကြီးစကားကလည်း မေးစရာ၊ တွေးစရာဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် အဲ့ဒီကောင်မလေးကို ဘယ်သူဘယ်ဝါ၊ ဘယ်မေကျာကလဲကို နင်တို့စုံစမ်းသင့်ပြီ"

ခင်္သာစကား အရေးပါ,ပါသည်။ ဉာဏ်မင်းကလည်း ခေါင်းညိတ်ထောက်ခံပြီး လက်ဖျောက်ထတီးတော့သည်။

"လာ . . .၊ ငါတို့ လွမ်းနေတဲ့လူတစ်ယောက်ဆီ သွားကြမယ်"

အားလုံး၏အကြည့်များ ဗဟိုချက်တစ်ခုမှာ ဆုံစည်းသွားကြသည်။

အဲ့သည်နောက်မှာတော့ သူတို့ထွက်ခဲ့ကြလေသည်။

ᄌ ᄌ ᄌ



ကိုလွမ်းလူဆိုတာ ခေတ်ဟောင်းတက္ကသိုလ်ကျောင်းသားကြီးခေတ်ကိုင်လ် နေတတ်သည့် နှစ်ချို့ကျောင်းပျော်ကြီးပေါ့။ သူ အိပ်မောကျနေသည့်အချိန် အတင်းနှိုးပြီး ခင်ဗျားဘာလုပ်နေတာလဲလို့ မေးရင်တောင် သူ့မှာဖြေရန် စကားတစ်ခွန်းတည်းရှိသည်။ 'ကျွန်တော် လွမ်းနေတာပါ' တဲ့၍။ သိပ်ကိုလွမ်းတတ်သည့် လူကြီးပေါ့။

သူက တစ်ခါတလေ လွယ်အိတ်အထုံးလေးလွယ်ပြီး ခရေခြောက်တွေ လိုက်ကောက်တတ်သည်။ အကြီးအကျယ် အသည်းတစ်ခါကွဲဖူးလေသည်တဲ့။ မကြီးမကျယ်ကွဲခဲ့သည့် အသည်းတွေလည်း ရှိရင်ရှိမည်ပေါ့။ တိုက်ပုံအနက်ရောင်ကြီးကို ဝတ်တတ်သည်။ အသက်က သုံးဆယ်ကို နှာတစ်ဖျားလွန်နေပြီ။ အဆောင်တွေရှေ့ ကျောင်းသားတွေ ဂစ်တာနှင့်အပီအပြင်ဟဲနေလျှင် မယ်ဒလင်ကြီးတကားကားနှင့် ကန့်လန့်ကန့်လန့်ဝင်ရှုပ်တတ်သည်။ ထားပါတော့ . . .။

သူ့စတိုင်လ်တွေမပြောတော့ဘဲ သူ့ကို ကျောင်းသားငယ်တွေ အားကိုးရတဲ့အကြောင်းပဲပြောရရင် သူ့မှာက စာရင်းဇယားတွေရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတက်ခဲ့သည့် တက္ကသိုလ်စာသင်နှစ်ကနေစပြီး အခုထိ ဒီကျောင်းက ကောင်မလေးတွေရဲ့စာရင်း သူ့မှာရှိသည်။ ထိုကောင်မလေးများ၏ ဓာတ်ပုံ၊ ကိုယ်ရေးအကျဉ်း၊ မေဂျာ၊ ဝါသနာ၊ ရည်းစားရှိမရှိဆိုတာတွေကိုပါ သူတာ စာတမ်းပြုစု စာရင်းလုပ်ထားသည်။

အခု ဈာန်ရဲတို့ သူ့ကိုလိုက်ရှာနေတာပေါ့။

ဈာန်ရဲကိုလာချောင်းသည့် ကောင်မလေးအကြောင်းကို အမြန်ဆုံးစုံစမ်းနိုင်ရန် သူ့ကိုသာအားကိုးရတော့မည်ဖြစ်သည်။

ကိုလွှမ်းလူထိုင်တတ်သည့် ကျောင်းအပြင်ခပ်လှမ်းလှမ်းမှ လက်ဖက်ရည်ဆိုင်ကို သူတို့ သွားရှာကြသည်။ ကံကောင်းချင်တော့ အလွယ်တကူပင်သွားတွေ့သည်။ သို့သော် သူက ထိုင်နေရာမှထ၍ လက်ဖက်ရည်ဆိုင်ထဲကထွက်ဖို့ ပြင်နေပြီဖြစ်သည်။

ဈာန်ရဲတို့ အမြန်ဆွဲထားလိုက်ကြသည်။

"ဟာ . . . ကိုလွှမ်းလူကြီး သွားတော့မလို့လား၊ နေ . . .နေပါဦး"

"ဟေ . . . အဲ . . ."

ဖွတ်တားပြီး ထိုင်ခုံမှထိုင်ခိုင်းရသည်။ ကိုလွှမ်းလူက သူတို့အတင်းဆွဲထိုင်ခိုင်း၍ထိုင်ရသော်လည်း ထိုင်ရင်းတန်းလန်းနှင့်ပင် နာရီကို ငုံ့ကြည့်နေသေးသည်။

"ငါ . . . ငါနောက်ကျနေပြီကွ"

"ဘာလုပ်စရာရှိလို့လဲဗျ"

"ငါ . . . ကျောင်းအနောက်ဘက် သွားလွှမ်းမလို့ကွ"

"ဟာ . . ."

"နောက်မှလွှမ်းပါဗျာ၊ စုံစမ်းစရာလေးရှိလို့"

ကိုလွှမ်းလူက သူလွှမ်းမှာကိုဟန့်တားလိုက်၍ သိပ်တော့ကြည်ပုံမရ။ သို့သော် ခပ်တည်တည်ပြန်နေလိုက်ပြီး . . .

"ဘာစုံစမ်းမလို့လဲ"



"ကောင်မလေးတစ်ယောက် အကြောင်းပါ"

"ဆိုစမ်းပါဦး"

ဈာန်ရဲအစား ဘိတ်ကြီးကပဲ ခပ်ရှည်ရှည်ခပ်ရှုပ်ရှုပ် ရှင်းပြလိုက်သည်။ ရှုပ်ရှင်ရုံတွေ၊ ပုဆိုးကျန်ခဲ့တာတွေစသဖြင့် ရှင်းပြတာဆုံးတော့ ကိုလွှမ်းလူက . . .

"သိပြီ၊ ရပြီ အဲ့ဒီကောင်မလေးရဲ့ အမည်၊ လိပ်စာ၊ မေဂျာ၊ ဘာညာတွေသိချင်တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ကိုလွှမ်းလူ။ သူ့အကြောင်း စာရင်းပြုစုထားတာ ဆေးရှိရင် ကူညီပါဦး"

ကိုလွှမ်းလူက တည်နေသေးသည်။ တဟင်းဟင်းနှင့် လွှမ်းသံ ခွက်စွက်ရယ်သည်။

"ဒီကျောင်းကကျောင်းသူမှန်ရင် ငါ့စာရင်းစာအုပ်တွေထဲက ပြေးမလွတ်ပါဘူးကွ ဟင်းဟင်း"

"လုပ်ပါကွာ၊ အားကိုးပါတယ်"

ဈာန်ရဲ သနားစရာမျက်နှာလေးလုပ်၍ ပြောလိုက်သည်။ ကိုလွှမ်းလူကလည်း ဈာန်ရဲ၏မျက်နှာလေးကိုကြည့်ပြီး လွှမ်းသွားပုံရပါသည်။

"ကောင်းပြီ၊ ငါ ကူညီမယ်။ ဟေ့ . . . ဆီချက်တစ်ပွဲ၊ ပါဝါတစ်လုံး၊ ဆေးလိပ်တစ်ပွဲအရင်လာချ"

ဈာန်ရဲကိုပြောရင်းနှင့် စားပွဲထိုးကိုလှမ်းမှာလိုက်တာပါ။ သေချာတာကတော့ ထိုမှာလိုက်သမျှကို ဈာန်ရဲရှင်းရတော့မှာပါ။

စကားကမဆက်သေး။ သူမှာထားတာတွေကို အရင်စောင့်နေသေးသည်။ မှာထားတာတွေရောက်တော့ နှုတ်ခမ်းဖျားမှာ ဆေးလိပ်ကောက်တေ့ပြီး စားပွဲထိုးဆီက မီးခြစ်လှမ်းတောင်းသည်။ ဆေးလိပ်မီးညှိပြီးတော့လည်း စားပွဲထိုးလေးဆီပြန်မပေးဘဲ မီးခြစ်ကို သူက သေချာကြည့်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူစကားစောင့်နေသည့် ဈာန်ရဲတို့က စိတ်မရှည်တော့။ သည်းမခံနိုင်တော့သည့်အဆုံး ဘိတ်ကြီးက . . .

"ခင်ဗျားဘာလုပ်နေတာလဲ။ မီးခြစ် မြန်မြန်ပြန်ပေးလိုက်တော့လေဗျာ"

"ခဏ . . . ခဏလေးပါဗျာ၊ မီးခြစ်ထဲမှာသွားနေတဲ့ ဂက်စ်ငွေ့လေးတွေက လွမ်းစရာကောင်းနေလို့ပါကွာ"

"ဟာ . . ."

သူတို့တစ်ဖွဲ့လုံး 'ဟာ'ခနဲ ကိုလွမ်းလူကို ရေရေလည်လည်လက်လန်သွားမိတော့သည်။

မီးခြစ်ပြန်ပေးပြီးမှ ကိုလွမ်းသူကစကားစသည်။

"မင်းတို့ အုတ်ချစ်ကျော်အေးကိုသိလား"

"မန္တလေးမြို့တည်တဲ့ နှစ်လေဗျာ"

"လှည်းဝင်ရိုးသံ တည့်ညံကကော"

"ပုဂံဘုရားတွေရဲ့ အရေအတွက်လို့ပြောတာပဲ"

ဘာတွေမေးနေမှန်းမသိ၊ လိုရင်းကိုမရောက်နိုင်။ ကိုလွမ်းလူက ဗာဒံသီးဆိုလျှင် သူတို့ထုစားပြီးတာကြာပြီဖြစ်သည်။

"အင်း . . . မင်းဖြူမှန်မှန်ပြောဆိုတာကကော"

"မင်းကွန်းခေါင်းလောင်းကြီးရဲ့ အလေးချိန်လေဗျာ၊ ကဲ . . ."

စိတ်ကသိပ်မရှည်ချင်တော့။

"ကဲ . . . ဒါဆို 'ကုလားမတစ်ယောက် ဆပ်စပင်ဒါပျောက်' ကကော"

"အမ် . . ."

ဈာန်ရဲတို့ခေါင်းကုတ်သွားရသည်။ ဒီတော့မှ ကိုလွမ်းလူက ...

"ဟင်း ဟင်း မင်းတို့မသိတော့ဘူးမို့လား"

ဟုဆိုကာ အောင်နိုင်သူအပြုံးနှင့် ဝံ့ဝံ့ကြွားကြွားပြုံးသည်။ သူတို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ပြီး ကိုလွမ်းလူအပေါ် တော်တော်ကြီးစိတ်လေနေကြလေပြီ။ နောက်ဆို ဘယ်တော့မှမဆက်ဆံဟုလည်း တေးထားလိုက်ကြပြီ။

"ကဲ . . . မသိရင်မှတ်ထား၊ အဲ့ဒါ ငါ တက္ကသိုလ်ကျောင်းသားတစ်ဆယ့်လေးနှစ်အတွင်း စုဆောင်းရခဲ့တဲ့ မိန်းမလုစာရင်းပဲကွ"

"သြော် . . . သြော် . . ."

မှတ်သားလောက်ပါပေသည်။ ကျောက်ထက်အက္ခရာတင်သင့်ပေသည်။

"ဒါနဲ့ . . . မင်းတို့ရှာချင်တဲ့ကောင်မလေးက လှတဲ့အထဲပါတယ်နော်"

"အင်း . . . တော်တော်လေး ချစ်စရာကောင်းတယ်"

"ရော့၊ ဒါဆို ဒီအယ်လ်ဘမ်ထဲရှာကြည့်။ အဲ့ဒါ အခုလက်ရှိ ငါတို့ကျောင်းမှာ ထိပ်ထိပ်ကြဲလှတဲ့အယောက်(၁၀၀)စာရင်းပဲ"

"ဟာ . . . ပေးပေး"

သူတို့ဝမ်းသာအားရဖြင့် ကိုလွမ်းလူပေးသည့် အယ်လ်ဘမ်စာအုပ်ကို လှန်လှောရှာကြတော့သည်။

သူတို့ရှာနေသည့်အချိန်တွင်တော့ ကိုလွမ်းလူက ဆီချက်ခေါက်ဆွဲကို လွမ်းလွမ်းလေးစားနေသည်။

အယ်လ်ဘမ်စာအုပ်ထဲတွင်တော့ ပို့စကတ်ဓာတ်ပုံနှင့်အတူ ကောင်မလေးတွေ၏ ကိုယ်ရေးရာဇဝင်အကျဉ်းပါပြီးသားပေါ့။ ကျောင်းသားရေးရာကစာအုပ်တောင် ဒီလောက်စုံမည်မထင်။

ရှာရင်း၊ ရှာရင်းနှင့် စာအုပ်ကုန်သွားသည်။ သို့သော် . . .

"မတွေ့ပါလား"

"မတွေ့ဘူး၊ ကိုလွမ်းလူ"

"ဟင် . . ."

ဆီချက်စားပြီး၍ ပါဝါသောက်နေရာက ခေါင်းထောင်ကာ သူ့တစ်ချက်စဉ်းစားသည်။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"တခြားစာရင်းစာအုပ်တွေထဲ ရောကုန်လို့ထင်တယ်ကွ။ ရှော့ . . . ရှော့ ဒီစာအုပ်တွေထဲလည်းရှာကြည့်"

သူထုတ်ပေးသည့် စာအုပ်မှန်သမျှကို ဈာန်ရဲတို့ စေ့စေ့စပ်စပ် ရှာကြပါသည်။ သူကိုယ်တိုင်လည်း လိုက်ရှာပေးသေးသည်။ သို့သော် မတွေ့။

ကိုလွမ်းလူက ဈာန်ရဲကိုတည့်တည့်ကြည့်ပြီး . . .

"ဘယ်စာအုပ်ထဲမှာမှ မတွေ့ဘူးလား"

"အင်း . . ."

ကိုလွမ်းလူ စဉ်းစားသည်။

စဉ်းစားရင်း၊ စဉ်းစားရင်းနှင့် အချိန်အနည်းငယ် ငြိမ်သက်စွာ ကြာမြင့်သွားသည်။ ကိုလွမ်းလူ၏ မျက်နှာအမူအရာမှာလည်း တစ်ခုခု ကို တွေးမြင်လိုက်မှုနှင့်အတူ ထိတ်လန့်မှုကပါ ကပ်ပါလာသလိုလို။

"မင်း . . . မင်းရှာတဲ့ကောင်မလေးပုံက ချစ်စရာလေးနော်"

"အင်း၊ ဟုတ်တယ်"

ကိုလွမ်းလူ စိတ်ပျက်စွာခေါင်းခါပြီး အင်္ကျီအိတ်ကပ်တစ်ခုထဲ ကနေ ဓာတ်ပုံတစ်ပုံကို လေးလေးပင်ပင်ထုတ်လိုက်သည်။ ပြီး . . . ဈာန်ရဲရှေ့ထိုးပြကာ . . .

"မင်းရှာနေတာ ဒီဓာတ်ပုံထဲကကောင်မလေးလား"

. . . . . .

ဈာန်ရဲ ငုံ့ကြည့်လိုက်တော့ . . .

"ဟင်၊ ဟုတ်တယ် ဟုတ်တယ်၊ သူပဲ သူပဲ"

သူဝမ်းသာသွားသည်။ ဘာကြောင့်မှန်းမသိ အရမ်းပျော်သွား သည်။

သို့သော် ကိုလွမ်းလူကတော့ သူနှင့်ဆန့်ကျင်ဘက်အမူအရာ နှင့် နဖူးကိုလက်ထောက်ပြီး စိတ်ညစ်။

"သွားပြီ၊ မင်းတော့သွားပြီ"



သူ့အမူအရာအထူးအဆန်းကြောင့် ဈာန်ရဲ နားမလည်စွာ . . .

"ဘာ . . . ဘာဖြစ်လို့လဲ"

"သူ . . . သူက လူမဟုတ်ဘူးကွ"

"ဗျာ . . ."

အားလုံး၏ 'ဗျာ' ဖြစ်သည်။ သူတို့နားမလည်စွာ မျက်လုံးပြူး နေစဉ်မှာပဲ ကိုလွမ်းလူက ဖြည်းညင်းစွာပြောချလာလေတော့သည်။

"သူက 'စုန်း'တဲ့"

✂ ✂ ✂



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နံနက်ဦး၏ မွေးခါစနေရောင်ခြည်သည် နုပျိုစင်ကြယ်နေပါသည်။

ရှေ့ဆီက သမိုင်းမေဂျာခန်းဆောင်လေးဆီ မမိုတ်မသုန်ငေးရင်း ဈာန်ရဲ စောင့်မျှော်နေခဲ့ပါသည်။

မနေ့က လက်ဖက်ရည်ဆိုင်မှ ကိုလွမ်းလူ၏စကားများကိုလည်း ပြန်ကြားယောင်နေမိသည်။

"မင်းတို့ သူ့ကိုတကယ်မသိဘူးလား"

သူတို့ ခေါင်းခါကြသည်။

ကိုလွမ်းလူ ပြန်စဉ်းစား၊ ခေါင်းပြန်ခါပြီးမှ

"အင်း . . . မင်းတို့ကတော့ ဓာတုမေဂျာကဆိုတော့ သမိုင်းမေဂျာနဲ့ အလှမ်းဝေးနေလို့ မကြားမိတာဖြစ်မယ်။ သူက သမိုင်းမေဂျာဘက်မှာနာမည်ကြီးပဲ၊ စုန်းမတဲ့ကွ"

"ဘာ . . ."

"ဘာ၊ ဘာစုန်းမလဲ"



ဈာန်ရဲတို့ တကယ့်ကို အံ့သြနားမလည်ဖြစ်ခဲ့ကြသည်။ ကိုလွမ်းလူက ဈာန်ရဲတို့ကို အမိုက်အမဲလေးတွေကို ကြည့်သလိုကြည့်ပြီး . . .

"ဟိုတစ်ခါ ကျောင်းသူလေးတစ်ယောက်ရဲ့ ထမင်းချိုင့်ထဲက အသားစိမ်းတွေ ထွက်ကျလာတယ်ဆိုတဲ့သတင်းမျိုး မင်းတို့မကြားမိဘူးလား"

ဈာန်ရဲ ခေါင်းယမ်းမလို့လုပ်တုန်း ဉာဏ်မင်းက . . .

"ဟာ . . . ကြားမိတယ်၊ ကြားမိတယ်"

"သူ့လွယ်အိတ်ထဲမှာဆိုရင် စုန်းကဝေကျမ်းစာအုပ်တွေ၊ အောက်လမ်းအစီအရင်စာအုပ်တွေနဲ့ ပြည့်နေတာပဲတဲ့"

ဈာန်ရဲတို့ ငြိမ်စူးစိုက်၍နားထောင်နေကြသည်။

"နောက်ပြီး အဆိုးဆုံးကတော့ . . ."

". . . . ."

"သူက ကျိန်စာတွေသိပ်စွမ်းတာပဲ။ သူ့နှုတ်က လွှတ်ခနဲကျိန်ဆဲလိုက်တာနဲ့ အဲ့ဒီလူတကယ်ဖြစ်တော့တာပဲတဲ့။ သူကျိန်ဆဲတဲ့အတိုင်း အကျိန်ဆဲခံရတဲ့လူက ဒုက္ခတွေ့တော့တာပဲတဲ့"

". . . . ."

သူတို့ ဘာမှတ်ချက်စကားမှ အလွယ်တကူမထွက်ဖြစ်ခဲ့ကြ။

ကိုလွမ်းလူဆီကအပြန် သူတို့ မျက်မှောင်ကြုတ်လို့ပါ။ ယုတ္တိတန်မှုဆိုတာနှင့် ချင့်ချိန်တွေးပြီးတော့ ခေါင်းခါဖြစ်ကြသေးသည်။ ထူးခြားဆန်းကြယ်မှုဆိုတာကိုလည်း လျှော်မတွေးချင်သည့်သူတို့သည် တစ်စုံတစ်ရာကို ဉာဏ်မမီသလို ခပ်ဝေးဝေးခံစားလိုက်ရတော့သည်။

သူ့အကြောင်းနှင့် သူ့မျက်နှာလေးကို ယှဉ်တွဲတွေးမြင်ကြည့်ရတာ ခလိုက်ဖက်လှပဟု ဈာန်ရဲထင်မိသည်။ စင်ကြယ်မှုနှင့် ပြည့်ဝန်းနေသည့် သူ့မျက်နှာလေးပေါ်မှာ စုန်းဟူသည့်စကားလုံးကို ပေါင်းထည့်ရမှာ။

ဈာန်ရဲအတွေးတွေ ရှုပ်ထွေးနေတော့သည်။

သမိုင်းကော်ရစ်တာရှေ့တွင် ဈာန်ရဲ ခေါက်တုံ့ခေါက်ပြန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တိုင်လုံးတစ်ခုနားက ရှက်လှပင်ပန်းအိုးလေးဘေးမှာထိုင်ပြီး ပင့်ကူလိုလို ပိုးစွာအောင်လေးတွေကို ငေးမိနေတုန်း သူလာတာကို လှမ်းတွေ့လိုက်ရသည်။

အနက်ရောင်လက်ရှည် အင်္ကျီပွပွကြီးရယ်၊ အနက်ရောင်ထဘီကို ခြေမျက်စိဖုံးအောင်ဝတ်ထားသည့် ဖိုသီဖတ်သီသူ့ဖက်ရှင်က ရယ်စရာဖြစ်နေသည်။ (ဈာန်ရဲနောက်မှပြန်စဉ်းစားမိတာ အဲသည်ဖက်ရှင်က ဥရောပက စုန်းမတွေဝတ်သည့်ဖက်ရှင်များလားလို့ . . .)။ သူ့ပုံစံအတိုင်း ညို့ညို့လေးပဲ လျှောက်လာပါသည်။ သူနံဘေးမှာအဖော်အဖြစ် သူငယ်ချင်းလည်း တစ်ယောက်မှမပါပေ။

"ဟင်"

ရှေ့ကပိတ်ရပ်နေသည့် ဈာန်ရဲကိုမြင်တော့ သူအံ့သြသွားပါသည်။ မျက်နှာပေါ်မှအံ့သြမှုလေး တရွေ့ရွေ့အားလျော့သွားချိန်မှာတော့ သူ ခေါင်းလေးငုံ့နေရှာပါပြီ။ ထွက်ပြေး၍မလွယ်သည့် အနေအထားမို့ထင်သည်။ သူထွက်မပြေးတော့ . . .။

"ဟို အူကြောင်ကြောင်စာကို လှမ်းပို့လိုက်တာမင်းမို့လား"

". . . . ."

သူ့နှုတ်ခမ်းက ဖွဖွစေ့ထားလျက်မို့ ဘာစကားမှ ထွက်ကျမလာခဲ့ပါ။ မျက်နှာငယ်လေးနှင့်ပင် ငြိမ်ဆိပ်နေပါသည်။ ခဏလေးကြာမှ မော့ကြည့်လာသည်။

သူ့ မော့အကြည့်မှာ ဘာရယ်ကြောင့်မသိ၊ ဈာန်ရဲ သူ့ကို သနားသွားမိသည်။ သူက မော့ကြည့်ပြီးတော့

". . . . ."

တစ်ခုခုပြောမလို့ပြင်ပြီးမှ ဝိုင်းနေသည့်နှုတ်ခမ်းလေးကို ပြန်သပ်လိုက်သည်။ သူ့အိတ်ထဲက တစ်စုံတစ်ရာကိုထုတ်ပြီး 'ရော့'ဟု တစ်ခွန်းတည်းပြောကာ ဈာန်ရဲရှေ့ထိုးပေးသည်။ သူပေးသည့်တစ်စုံတစ်ရာက ယောဂီပုဆိုးလေးပါ။



သူနှင့်ဈာန်ရဲ၏ဆက်နွယ်မှုက သည်ယောဂီပုဆိုးလေး တစ်ထည်တည်းသာ။

ပုဆိုးလေးကိုပဲ ငုံ့ကြည့်ရမလို။ ထွက်သွားသည့် သူ့ကျောပြင်ဆီပဲ လှည့်ကြည့်ရမလိုနှင့် တုံ့ဆိုင်းတွေဝေနေမိသေးပေမဲ့ နောက်ဆုံး ဈာန်ရဲလှည့်ကြည့်မိတာက သူ့ကျောပြင်လေးဆီကိုပါ။

ဒါတင်မကပဲ၊ သမိုင်းမေဂျာအဆောင် အနောက်ဘက်တံခါးဝအထိ သူ့ကိုသွားကြည့်နေမိသေးသည်။ ဒီတစ်ခါချောင်းကြည့်ရတာတော့ ဈာန်ရဲအလှည့်ပေါ့။

သူက အတန်းနောက်ဆုံးခုံတန်း နှစ်ယောက်တွဲထိုင်သည့်ခုံတန်းမှာ တစ်ယောက်တည်းထိုင်သည်။ အတန်းထဲမှာ လူအတော်များပေမဲ့ ဘယ်သူမှ သူ့အနားလာမထိုင်ကြ၊ ခေါ်ခေါ်ပြောပြောလာလုပ်ကြတာလဲ မတွေ့ရ။ ဒါ့အပြင် လူတွေက သူ့အနီးအနားကတောင် ဖြတ်မသွားမိအောင် ကွေကွင်းသွားနေကြသလို၊ ထိုသို့ ဈာန်ရဲမြင်မိသည်။

သူက ပြတင်းပေါက်အပြင်က မထူးခြားသည့်ရှုခင်းတွေဘက်ရှ မျက်နှာလှည့်ထားသည်။ သူ့ကိုကြည့်ရတာ ဈာန်ရဲမှာပင်ပန်းလို့။ သူ အထီးကျန်နေပုံပဲ။ ညိုးနွမ်းသည့်အရောင်မြေ့မြေ့လေးတွေတောင် သူ့ခန္ဓာကိုယ်က ဖြန့်ထွက်နေသလားဟုထင်ရသည်။

ဆရာမတစ်ယောက်စာလာသင်တော့ သူ့ရှေ့ကိုကြည့်ပြီး စာသင်သည်။ အဲ့သည်အထိ ဈာန်ရဲငေးနေမိဆဲ။ သူဟာ ဘယ်လိုကောင်မလေးလဲကွယ်။ ကိုလွမ်းသူပြောသလို စုန်းဆိုသည့်အသိက ဈာန်ရဲခေါင်းထဲဝင်ရန် ခက်ခဲနေဆဲပါ။

ဘာပဲဖြစ်ဖြစ် ဈာန်ရဲသူ့အကြောင်းကို အခုထက်ပိုသိချင်လာခဲ့ပြီ။

ထိုင်နေကျကန်တင်းဆီရောက်တော့ သူငယ်ချင်းများက ကြိုးကြင်သိမှုတစ်ခုနှင့် ဆီးကြိုနေကြပါသည်။ ခတ္တာက အအေးပိုက်ကလေးကို သက်နှင့်တောက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ၊ သမိုင်းမေဂျာဘက်သွားတွေ့တာ အဆင်ပြေရဲ့လား"

ချာန်ရဲ ပခုံးတွန့်ပြလိုက်သည်။ ပြီးမှ သူနှင့်တွေ့ခဲ့သည့်ပုံ၊ သူ့ရဲ့ သီးခြားဆန်နေမှုအကြောင်းတွေကို အသေးစိတ်ပြောပြလိုက်သည်။ အဲသည့် သူ့အကြောင်းပြောပြသည့်အသံထဲတွင် စာနာသနားမှုများ ခိုအောင်းရွှေ့လျားနေသည်။

"သူက သူငယ်ချင်းအပေါင်းအသင်းလည်းမရှိဘူး။ ဟိုတစ်ခါ ရုပ်ရှင်ရုံမှာတုန်းကလည်း ကျွန်မမှာ သူငယ်ချင်းမှမရှိတာလို့တော့ ပြောဖူးပါတယ်။ ဒါပေမဲ့ သူငယ်ချင်းမရှိတာအပြင် လူတွေက သူ့ကိုရှောင်နေကြသလိုပဲ"

ခံစားချက်ပါပါပြောသည့် ချာန်ရဲ၏စကားကို သူတို့ခေါင်းညိတ်ပြကြသည်။ အားလုံးက သူ့အကြောင်းကို စိတ်ဝင်စားနေကြပြီလေ။

မောင်စံရှားဝတ္ထုတိုပေါင်းချုပ် လက်ကြားညှပ်ကိုင်ထားသည့် ဉာဏ်မင်းက . . .

"ကိုလွှမ်းလူပြောသလို၊ အင်း . . . လူအများပြောသလို သူကတကယ်ပဲစုန်းလား"

"ငါကတော့ လက်မခံချင်ဘူးဟာ"

နီထွေးက ထငြင်းသည်။ ထိုငြင်းဆန်ချက်ကို ဘိတ်ကြီးကလည်း ထောက်ခံစွာ ခေါင်းညိတ်သည်။ နီထွေးက ခေါင်းသွဲ့သွဲ့ခါရင်း . . .

"ဒီခေတ်မှာ ဒါမျိုးမရှိနိုင်ဘူးဆိုတဲ့ စကားမျိုးနဲ့ငြင်းရင်တော့ ငါညံ့ရာကျမှပေါ့။ ဒါပေမဲ့ သူ့ပုံလေးကြည့်ရတာတော့ လူအများကို ကျိန်စာလိုက်တိုက်ပြီး ဒုက္ခပေးမဲ့ပုံမရှိတာတော့အမှန်ပဲ။ သူ့ပုံလေးက ဒီလောက်ချစ်စရာကောင်းတဲ့ဟာ"

ခတ္တာကလည်း လေးလေးနက်နက် ခေါင်းညိတ်သည်။

"ငါလည်း နင့်လိုပဲထင်တယ်။ ဘာပဲဖြစ်ဖြစ် ငါကတော့ဆုံးဖြတ်လိုက်ပြီ"

"ဘာဆုံးဖြတ်တာလဲ"



"ဩော် . . . ငါတို့သူ့အကြောင်းသိဖို့ဆိုရင် သူ့ကိုပေါင်းမှဖြစ်တော့မှာပေါ့"

"သူ့ကို သူငယ်ချင်းအဖြစ်ဝင်ပေါင်းပြီး ပူးကြည့်မယ်ပေါ့"

"အင်း"

နီထွေးနှင့်ခတ္တာကတောင် အကွက်ကျကျစီစဉ်ကုန်ကြပြီ။ ချာန်ရဲမ်ကိစ္စက ကျယ်ပြန့်လာပါပြီလား။

"ဘယ်လိုလဲချာန်ရဲ၊ နင့်စုန်းမလေးဆီ ငါတို့ဝင်ရောမဲ့ဥစ္စာ နင်သက်ခံလား"

"ငါ့စုန်းမ မဟုတ်ပါဘူးဟ"

"ဒါဆို နတ်သမီးမလေးလား"

"အာ . . ."

ချာန်ရဲ၏ ခပ်ရှက်ရှက်ဖြစ်နေသည့် အမူအရာကိုကြည့်ပြီး နီထွေးနှင့်ခတ္တာက ဝါးခနဲရယ်ကြသေးသည်။ သူတို့ရယ်သံကြားမှာပဲ ချာန်ရဲ စဉ်းစားမိသေး။ ကောင်မလေးရေ နင်ဟာ ငါ့အတွက်စုန်းမလား၊ နတ်သမီးလား။

"ဒါနဲ့ နင်တို့က သူ့ကိုဘယ်လိုပုံစံနဲ့ သူငယ်ချင်းဝင်လုပ်မှာလဲ"

"ငါတို့မိန်းကလေးတွေက ခင်လွယ်ပါတယ်။ စောင့်ကြည့်ပေါ့"

ထိုအချိန်ပဲ မိုးအောင်ရောက်လာသည်။ မျက်နှာက ရှုံ့ရှုံ့နှင့် ဖက်ခံထားရသလို ငန်မဲ့မဲ့ဖြစ်နေသည်။ ခေါင်းတစ်လုံးတည်းကိုလည်း လက်နှစ်ဖက်နှင့် ပတ်ပတ်လည်အောင်ကုတ်နေသည်။

တစ်ချိန်လုံးငြိမ်နေသည့် ဘိတ်ကြီးက ဆီးမေးသည်။

"ဘာဖြစ်တာလဲ"

မိုးအောင် စုတ်တစ်ချက်သပ်ပြီးမှ . . .

"ကျွတ် . . . ထက်ထက်ပေါ့ကွာ။ ငါ့ကိုကောက်ပြီး ဘယ်ထွက်သွားမှန်းမသိဘူး"

မိုးအောင်နှင့်ထက်ထက်နှင်းတို့စုံတွဲက သည်အတိုင်းပင်ဖြစ်သည်။ အားတိုင်း ရန်ဖြစ်နေကျ၊ ကောက်နေကျ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါကော ဘယ်သူမှားတာလဲ"

ခတ္တာအမေးကို မိုးအောင်က . . .

"ငါမှားတာပဲ ဆိုပါတော့ဟာ။ ကျောင်းသားရေးရာရှေ့ကအဖြတ် လူအုပ်ထဲတိုးရင်း လူကွဲသွားတာကွ။ ငါက သူမှတ်လို့ ကောင်မလေးတစ်ယောက်နောက်ကို လိုက်သွားမိတာ"

"အဟား ဟား နောက်တော့ကော"

"သူက အထင်လွဲသွားတာပေါ့ဟ၊ နင် ဘယ်မိန်းမနောက်လိုက်နေတာလဲဆိုပြီး ကွိုင်တော့တာပေါ့။ ငါကလည်း မင်းမှတ်လို့လိုက်သွားတာပါလို့ပြောတော့ အဲ့ဒီမိန်းမက ငါနဲ့တူလို့လားလို့မေးပါရော"

"တူလို့လား"

"မတူပါဘူး တခြားစီ၊ ဟိုကောင်မလေးက လှတယ်"

ခတ္တာနှင့်နီထွေး ဒီကောင့်ကို မျက်စောင်းထိုးသည်။

"ဒါပေမဲ့ ငါသူ့ကိုတော့ အဲ့ဒီလိုမဖြေဘူးပေါ့။ မင်းနဲ့တော့ရုပ်ချင်းမတူပါဘူး။ ဒါပေမဲ့ ထဘီချင်းတူလို့ မှားပြီးလိုက်သွားမိတာပါလို့ ဖြေလိုက်တယ်"

"အဲ့ဒီတော့"

"နင်ကဘာလို့ ထဘီတွေကိုလိုက်ကြည့်နေတာလဲလို့ မေးရော။ အဲ့ဒီမှာ ငါဆက်ရှင်းတာလည်း နားမထောင်တော့ဘူး။ စိတ်ကောက်ပြီး ထွက်သွားတော့တာပဲ"

သူတို့ ရယ်ကြရသည်။

"ဟုတ်သားပဲ။ မင်းက ဘာလို့ ထဘီတွေသွားကြည့်နေရတာလဲ"

"မသိပါဘူးကွာ၊ မသိစိတ်နေမှာပေါ့"

ခတ္တာနှင့်နီထွေး ပြိုင်တူပင် နှစ်ခွန်းလောက်ပိတ်ဆဲတော့သည်။

"နွားဘူး"

"သေချင်းဆိုး၊ ကောင်စုတ်"



## (၆)

"လောကီအင်္ဂုတ် . . . ဘာဆိုလားကွာ အဲ့ဒီကျမ်းအရတော့ စုန်း(၇)မျိုးရှိတယ်ဆိုပဲကွ။ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိန့်တိလိန့်စုန်းနဲ့ ကဝေမြောက်စုန်းဆိုပြီး ခုနစ်မျိုးလေ"

သည်ရက်အတွင်း သည်အကြောင်းတွေကိုသာ သူတို့ လျှာထပ်အောင်ပြောဖြစ်နေကြသည်။ မိုးအောင်ကလည်း ဖတ်ဖူးသမျှကို ကြားဖြတ်ဝင်ရှင်းသည်။

"ဟုတ်တယ်၊ ခြေစုန်းက သစ်သီးသစ်ပွင့်ကိုစားတယ်။ ခေါင်းစုန်းက သစ်သီးအချိုအမှည့်တွေကိုစားတာ။ အေး . . . ကိုယ်စုန်းကကျတော့ ချေးခြောက်စားတာတဲ့"

"ထွီ . . . စားစရာရှားလို့ကွာ"

ဘိတ်ကြီးလိုကောင်ကကို ထရွံပြသည်။ နောက် မောက်လုံးစုန်းက အသွေးအသားအရေကိုစားကြောင်း၊ မောက်ပြားစုန်းက အသည်း



www.burmeseclassic.com

www.burmeseclassic.com

အမြစ်တိုစားကြောင်း၊ အိမ်နီးတိလိန့်က နည်းနည်းအဆင့်မြင့်စွာ အကြော်အလှော် အဆီအစိမ့်လေးစားကြောင်း၊ ကဝေမြောက်စုန်းကတော့ လူရဲ့အသွေးအသားအရိုး အကုန်လုံးကိုစားကြောင်း ပြောဖြစ်ကြသည်။

ပြောသာပြောကြသည်။ မောက်လုံးတို့မောက်ပြားတို့ဆိုတာ ဘာလဲဟုမေးလျှင် သိကြမည်မဟုတ်။

ညဏ်မင်းဆီက မေးခွန်းတစ်ခုကထွက်လာသေးသည်။

“ဟေ့ကောင်ချာန်ရဲ၊ မင်းရဲ့စုန်းမလေးကကော ဘာစားလဲမသိဘူးနော်”

ချာန်ရဲမသိပါ။ သို့သော် တွေးမိသေး။ အဲဒီကောင်မလေးဟာ နောင်တစ်ချိန်မှာ ငါ့နှလုံးသားကိုများ ကိုက်စားလေမလား။

ထိုသို့ ပြောပြောဆိုဆိုနှင့်လျှောက်လာရင်း သူတို့ ကန်တင်းထဲရောက်နေပြီဖြစ်သည်။ ထိုင်နေကျစားပွဲဝိုင်းသို့ ခြေထောက်များက တန်းတန်းမတ်မတ်သွားနေသော်လည်း ပါးစပ်ကတော့ ဥရောပမှစုန်းတွေအကြောင်း ကြားဖူးသလောက်ပြောလာကြသည်။

ထိုင်နေကျစားပွဲဝိုင်းသို့ ရောက်ရောက်ချင်း . . .

“ဟင်”

“ဟာ”

အာမေဋိတ်သံတန်းလန်းနှင့် သူတို့တွန့်ခနဲရပ်သွားသည်။ မျက်လုံးကိုလည်း သံသယကြီးစွာ ပွတ်သပ်၍ပြန်ကြည့်တော့ ချာန်ရဲ၏ အံ့ဩမှု ပြဒါးတိုင်က ဒိုင်းခနဲဆောင့်တက်သွားသည်။ သူ . . .၊ သူ . . .

“ဘာတွေအံ့ဩနေတာလဲ၊ ထိုင်လေဟာ”

နီထွေး၏အသံစူးစူး သူတို့၏အံ့ဩမှုကို ထွင်းဖောက်ပစ်သည်။ ခတ္တာကလည်း ဘာမှမဖြစ်သလိုမျက်နှာပေးနှင့် . . .

“ထိုင်ကြလေ၊ ဒီမှာ ငါတို့သူငယ်ချင်းအသစ်နဲ့ မိတ်ဆက်ပေးမလို့ နင်တို့ကိုစောင့်နေတာ”



သူတို့မိတ်ဆက်ပေးမည့်ကောင်မလေးမှာ (သူတို့အခုခေါ်အခေါ်) ချာန်ရဲ၏စုန်းမလေးဖြစ်နေသည်။ ထိုစုန်းမလေးက ချာန်ရဲကိုမမြင်ရဲသလို ခေါင်းငုံ့နေသည်။

ချာန်ရဲတို့ ကြောင်အမ်းအမ်းနှင့် ခုံတွေဆွဲထိုင်လိုက်ကြသည်။ သူတို့နေသားတကျထိုင်ပြီးသွားမှ ထက်ထက်နှင်းက . . .

“ကဲ . . . ဒါ ငါတို့သူငယ်ချင်းအသစ်လေးပဲ။ သမိုင်းမေဂျာကသေး။ ဟိုတစ်နေ့က ကျောင်းကားပေါ်မှာ ငါတို့ကားခမကျန်တော့လို့ သူကဝင်ကူညီရင်း ခင်သွားကြတာ။ သူ့နာမည်က နွေယွန်းယွန်းစံတဲ့။ ငါတို့ကတော့ ယွန်းစံလို့ပဲခေါ်တယ်”

ချာန်ရဲ ကြည့်လိုက်သည်။ ထို နွေယွန်းယွန်းစံဆိုသော ကောင်မလေးက ခေါင်းငုံ့လျက်သာ။ ခတ္တာ ဝင်မိတ်ဆက်ပြန်သည်။

“ယွန်းစံ . . . ဒါကတော့ ငါတို့သူငယ်ချင်းတွေလေဟာ။ သူက ထက်ထက်နှင်းရဲ့ရည်းစား မိုးအောင်တဲ့။ ဟိုဟာက ဘိတ်ကြီးတဲ့။ ဒီကောင်က ညဏ်မင်း။ အင်း . . . ဒီကောင်လေးကတော့ . . .”

ချာန်ရဲ သူ့ကိုကြည့်နေသည်။ ယွန်းစံကတော့ ခေါင်းငုံ့ရာက မျက်လုံးကလေးပဲလှန်ပြီး ပြန်ကြည့်နေသည်။

“ဒီကောင်လေးကတော့ ရုပ်ရှင်ရုံထဲမှာ နင်ကုတ်ခဲ့တဲ့ကောင်လေးဆိုဟာ”

“အာ . . . ခတ္တာကကွာ”

ဆိုပြီး ယွန်းစံရှက်ရယ်ရယ်လျက် ခတ္တာပေါင်ကို မနာမကျင်သက်ဖျားလေးများနှင့် ရိုက်လေသည်။

ခတ္တာတို့တော့ ထိုနွေယွန်းယွန်းစံဆိုသည့် ကောင်မလေးကိုအကြောင်းရှာပြီး သူငယ်ချင်းဖြစ်အောင်လုပ်လိုက်ပြီဟု ချာန်ရဲသိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ဒါဆိုအခု ငါတို့ သူငယ်ချင်းတွေဖြစ်သွားပြီပေါ့ ဟေး . . .ဟေး . . ."

ဆိုပြီး ဘိတ်ကြီးက ယွန်းစံကို သူ့လက်ဖောင်းဖောင်းကြီး ကမ်းပေးသည်။ သို့သော် ဟိုက သူကမ်းပေးသည့်လက်ကြီးကို ပြန်မကမ်းသည့်အပြင် ကိုယ်ကလေးတောင် နောက်ရို့သွားသေးသည်။

"အဲ . . ."

ဘိတ်ကြီး ရှက်သွားသည်။

"အဲ အဟဲဟဲ ဟဲ"

ရှက်ရှက်နှင့် တန်းလန်းကြီးဖြစ်နေသည့် သူ့လက်ကြီးနှင့် ရေနွေးအိုးကို သွားကိုင်လိုက်တော့သည်။

"သောက်ခွေးနဲ့မှဟော့"

ဘိတ်ကြီး လက်ပူသွားသည်လေ။ ဒန်ရေနွေးအိုးလေးက ကျိုက်ကျိုက်ဆူအောင် ပူနေသေးသည်မဟုတ်လား။

ဘိတ်ကြီးအဖြစ်အပျက်ကြောင့် ဝိုင်းရယ်ကြရသည်။ ရယ်သံအဆုံးလောက်မှ ယွန်းစံဆီမှ စကားသံထွက်လာလေသည်။

"ကျွန်မက ခတ္တာတို့၊ နီထွေးတို့၊ ထက်ထက်နှင်းတို့နဲ့ မိန်းကလေးအချင်းချင်းမို့ သူငယ်ချင်းတွေ လုပ်လို့ရတယ်။ ဒါပေမဲ့ ရှင်တို့က ယောကျ်ားလေးတွေဆိုတော့ ကျွန်မအတွက် သူငယ်ချင်းလုပ်ဖို့ ခက်နေတယ်ရှင့်"

မိုးအောင်က . . .

"သူတို့နဲ့သူငယ်ချင်းဆိုရင် ကျွန်တော်တို့နဲ့လည်း သူငယ်ချင်းဖြစ်ရမှာပေါ့ဗျာ။ ကျွန်တော်တို့ကလည်း မိကောင်းဖခင်သားသမီးတွေပါဗျ။ ရိုင်းရိုင်းရမ်းရမ်း မလုပ်တတ်ပါဘူး"

"မိုးအောင် . . . သူ့စကားဆုံးအောင် နားထောင်ပါဦး"



ထက်ထက်နှင်းက သူ့ရည်းစားကို ဝင်စကားထောက်ခြင်းဖြစ်သည်။ ယွန်းစံက ဟင်း . . . ဟု သက်ပြင်းသေးသေးလေးချပြီးမှ . . .

"ရှင်တို့လည်း ကြားမိမှာပေါ့။ ကျွန်မကို တချို့လူတွေက စုန်းမလို့ခေါ်ကြတာလေ"

သူတို့ငြိမ်သွားကြသည်။

ယွန်းစံကတော့ အပြုံးအေးအေးလေးနှင့်ပင်။

"အင်း . . . ကျွန်မကို စုန်းမပဲထားပါတော့။ ဒီတော့ စုန်းမတစ်ယောက်ဟာ ယောကျ်ားသားတွေနဲ့ မိတ်ဆွေဖြစ်ချင်တိုင်းဖြစ်လို့မရဘူးရှင့်။ စုန်းမနဲ့မိတ်ဆွေဖြစ်ချင်ရင် အဲ့ဒီစုန်းမကိုပူဇော်ရမယ်"

"ဘယ်လို"

"ဘယ်လို"

စိတ်ဝင်တစား ဝိုင်းမေးလာကြသည်။ သူမက သေချာရှင်းပြသည်။

"ဒီလိုရှင့် . . .၊ စုန်းမနဲ့မိတ်ဆွေဖြစ်လိုတဲ့ ယောကျ်ားသားတွေဟာ နွားတွေလိုပဲ အဝတ်အစားတွေဝတ်ရတယ်။ နွားလိုဝတ်ဆင်ပြီးရင် မြို့ရွာတွေကို လိုက်အလှူခံရတယ်။ အလှူခံလို့ရတဲ့ငွေနဲ့မှ စုန်းမစားချင်တာကို ဝယ်ကျွေးရတယ်။ ဒီတော့မှ စုန်းမနဲ့မိတ်ဆွေဖြစ်ခွင့်ရှိတာ"

"ဟွန်း"

"ဘာလဲဟ"

သူ့နည်းလမ်းကြီးက မသက်သာပါလား။ သူတို့ငြိငြင်သွားကြသည်။

"ဟုတ်လို့လား"

ဈာန်ရဲက အဆုံးသတ်ရေရွတ်သေးသည်။

ယွန်းစံက မျက်လုံးကလေးဝင့်လျက် . . .

"ကဲ . . . မယုံရင် ကျွန်မရွတ်ပြမယ်၊ နားထောင်"

ဆိုပြီး အောက်ပါလင်္ကာကို ရွတ်ပြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စုန်းချိုးဆွေမိတ် ဖြစ်လိုစိတ်မှ
စုရှိသူတို့ စုန်းမှုစုန်းရာ
ဆင်ယင်ကာဖြင့် မြို့ရွာများစွာ
နယ်တကာ၌ ဖြန့်ကာလက်ဝါး
တောင်းပန်ကြားပြီး ထိုနည်းလည်းကောင်း
အကြောင်းကြောင်းမှ ပေါင်းစုအသပြာ
ရသောခါမှ စုန်းမျိုးမသို့
ပူဇော်ပို့သ ဆွေဖြစ်ရတည်း . . . တဲ့။

"အဲဒါ ကဝေသာရကျမ်းဒုတိယတွဲ စာမျက်နှာ(၂၃)မှာ ဖော်ပြထားတဲ့လင်္ကာပဲ"

ယွန်းစံက ကျမ်းကိုးနှင့်ကို အတိအကျပစ်ပေါက်လိုက်တာမို့ သူတို့ နှုတ်ဆိတ်အသွားသည်။

သူမနှင့်မိတ်ဆွေဖြစ်ရဖို့ စုန်းလိုလို၊ သရဲလိုလိုဝတ်ပြီးလျှင် သူတောင်းစားလိုလို ငွေကလိုက်တောင်းရဦးမယ်။ စဉ်းစားကြည့်ရတာကိုက စိတ်ပျက်စရာကြီးဖြစ်နေသည်။

"တော်ပြီကွာ၊ ဒီလောက်ခက်နေရင် သူနဲ့ သူငယ်ချင်းမလုပ်တော့ဘူး"

ဘိုတ်ကြီးက စတင်တော်လှန်ပြီ။ ညဏ်မင်းကလည်း ဟုတ်တယ်ဆိုပြီးထောက်ခံပြီ။ ဈာန်ရဲ ဘာပြောရမှန်းမသိသေးခင် ထက်ထက်နှင်းက မိုးအောင်ကိုလက်ညှိုးနှင့်ထိုးပြီး . . .

"မိုးအောင် . . . နင်နဲ့ငါ ရည်းစားနော်။ ငါသူငယ်ချင်းလုပ်တဲ့သူကို နင်လည်း သူငယ်ချင်းလုပ်နိုင်ရမယ်။ နင် ယွန်းစံသူငယ်ချင်းလုပ်ဖို့ ယွန်းစံပြောတဲ့အတိုင်း လုပ်ရမယ်"

ထက်ထက်နှင်း၏ ရာဇသံမှာ မိုးအောင်နှုတ်ခမ်းကြီး တွန့်တွန့်ခေါက်ခေါက်ပိတ်နေပါသည်။ ခဏငြိမ်နေပါသေးသည်။ ပြီးမှ ဈာန်ရဲကိုကြည့်ကာ . . .



"ဈာန်ရဲ . . . လာပါကွာ။ သူနဲ့ သူငယ်ချင်းလုပ်လိုက်ရအောင်နော်။ ဘိုတ်ကြီးကော၊ နော် . . . ညဏ်မင်း"

ဘိုတ်ကြီးက ဟွန်းခနဲ ဟိုဘက်လှည့်ကာ . . .

"စုန်းလိုလို၊ သရဲလိုလိုတွေ လျှောက်ဝတ်ရမှာလား"

"လုပ်လိုက်ပါကွာ၊ သူငယ်ချင်းတစ်ယောက်တိုးအောင်လို့ လုပ်တာပဲ"

မိုးအောင် အတင်းတောင်းဆိုမှ သဘောကောင်းသည့်ဟန်နှင့် ဈာန်ရဲက . . .

"ကောင်းပြီလေ၊ လုပ်ကြတာပေါ့"

ပြောပြီး ကောင်မလေး၏မျက်နှာကိုလည်း လှမ်းကြည့်လိုက်ပါသည်။

မလှစုန်းယိုးလို့ပဲ ကြားဖူးပါတယ်။

သူက လှလည်းလှသားနဲ့ . . .

ဈာန်ရဲအကြည့်က စက္ကန့်များစွာ ရှည်လျားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ဘိတ်ကြီးက ဘွဲ့ဝတ်စုံလို အနက်ရောင်ဝတ်စုံဖားဖားကြီးနှင့် ဝွကျနေသည်။ ခေါင်းမှာလည်း ဦးထုပ်ချွန်ချွန်ကြီးဆောင်းထားသေးသည်။ မိုးအောင်ကလည်း မျက်လုံးမှာ အမည်းရောင်တွေခြယ်ထားကာ လက်သည်းအတုရှည်ရှည်ကြီးများကို ဝတ်ထားပြီး စိတ်လေနေသည်။ ဉာဏ်မင်းကတော့ တံမြက်စည်းကြီးတကားကားနှင့် လက်မှာလည်း အရိုးလက်ကောက်အချွန်အတက်တွေနှင့် သိပ်ကိုဟန်ကျနေသည်။

အဆိုးဆုံးကတော့ ဈာန်ရဲပင်။ အရိုးခေါင်းကြီးကို လည်ပင်းမှာဆွဲထားရသည်။ အရိုးခေါင်းကြီးက ခပ်ရွယ်ရွယ်အုန်းသီးတစ်လုံးစာလောက်ဖြစ်နေ၍ လူမြင်ခံနေရလွန်းသည်။

ထိုဖက်ရှင်များကို နီထွေး၊ ခတ္တာနှင့် ထက်ထက်နှင်းတို့က ပယ်ပယ်နယ်နယ် ခြယ်သပြင်ဆင်ထားလိုက်ခြင်းဖြစ်သည်။ ယွန်းစံကတော့ သူတို့ကိုကြည့်ကာ မပွင့်တစ်ပွင့်သာပြုံးနေခဲ့သည်။

ထက်ထက်နှင်းက သူ့ရည်းစားကိုမှာသေးသည်။



"မိုးအောင် . . . ပိုက်ဆံများများရအောင် တောင်းခဲ့နော်"

"ကိုယ့်ရည်းစားကို သူတောင်းစားလုပ်ခိုင်းတာ နင်တစ်ယောက်တည်းရှိမယ်၊ ဟင်း . . ."

မိုးအောင် ဖုနေတင်းနေပြီလေ။

ယွန်းစံရွတ်ပြသောလင်္ကာအတိုင်း စုန်းလိုလို၊ သရဲလိုလိုဝတ်၍ ပိုက်ဆံလိုက်တောင်းရန် သူတို့ပြင်ဆင်နေကြခြင်းဖြစ်သည်။

သို့နှင့် . . .

ကျောင်းထဲလျှောက်တောင်းရတာ အဆင်မပြေပါ။ မျက်နှာသိတွေက များနေသည်။ မသိတဲ့တခြားသူတွေကျတော့လည်း သူတို့ကို ရူးတက်ကျပြီးလျှောက်လုပ်နေသည့် ကျောင်းသားများဟုသာ ထင်နေကြသည်။ ပိုက်ဆံတောင်းပါတယ်ဆို လက်ညှိုးတထိုးထိုးနှင့်ပဲ ဝိုင်းရယ်ကြသည်။ ဆရာ၊ ဆရာမတွေမြင်ရင် ပြေးပုန်းရသေးသည်။ တံမြက်စည်းကြီးတကားကား၊ အရိုးခေါင်းကြီးတလွှယ်လွှယ်နှင့်မို့ ပြေးရတာအဆင်မပြေလှပါ။

"ဟာ . . . ဟော့ကောင်တွေ"

"ဟာ . . . တိုလွှမ်းလူ"

အရေးထဲ အလွှမ်းသမားကြီးနှင့်က လာတိုးနေသေးသည်။

"ဟား . . . မိုက်လှချည်လားကွာ။ တံမြက်စည်းတွေ အရိုးလက်ကောက်တွေနဲ့၊ တောက် . . . သောက်ရမ်းလွှမ်းဖို့ကောင်းတယ်ဟ"

"ခင်ဗျားဗျာ ဒါတွေနဲ့လည်းလွှမ်းတာပဲလား"

"လွှမ်းတတ်တာပေါ့ကွ၊ ငါ့အလွှမ်းဓာတ်ခံက . . . ."

နားကိုယ်စီပြိုင်တူပိတ်ကာ ကျောင်းထိပ်သို့ ပြေးရပါလေတော့သည်။

ယခုတော့ သူတို့ မြို့လယ်ကပန်းခြံတစ်ခုမှာ ရောက်နေပါပြီ။ အုပ်စုလိုက်တောင်းရတာ အဆင်မပြေ၍ တစ်ယောက်ချင်းခွဲတောင်းကြ



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ ဒါလည်း အဆင်မပြေပါ။

"မိုးအောင် . . . မင်း တော်တော်ကိုမဘာက်လိုက်ပြီး မိုက်ဘာက်ပါတဲ့ကောင်"

"အေးလေ"

"ဘာအေးလေးလဲ မင်းလည်း အတူတူပဲ။ မင်းလည်း ဟိုအရှုပ်ထုပ်လေးနဲ့ သူငယ်ချင်းဖြစ်ချင်နေတာမို့လား ရှာန်ရဲ"

ညဏ်မင်းက လှည့်ပတ်ဟောက်နေတော့သည်။ ထိုအချိန် ရှုံ့မဲ့မဲ့နှင့်ပြန်လာသော ဘိတ်ကြီးကိုလည်း တွေ့လိုက်ရသည်။

"ဘယ်လိုလဲ တောင်းလို့ရခဲ့လား"

"မရပါဘူးကွာ။ ကလေးတွေက မျက်လှည့်ပြပါဗျို့၊ မျက်လှည့်ပြပါဗျို့ဆိုပြီးပြေးလိုက်လို့ ထွက်ပြေးလာရတာ ဟူး . . . မောလိုက်တာချီး . . ."

ဘိတ်ကြီးဒုက္ခကိုကြားပြီး သူတို့ရယ်ကြရသေးသည်။

ဗိုက်တွေကလည်း ဆာလာပြီ။ အခုချိန်ထိလည်း တစ်ပြားမှ တောင်းမရသေး။ စိတ်ဓာတ်တော့ ကျချင်ချင်ဖြစ်နေပြီ။

ထိုအချိန် သူတို့ရှေ့က လူဝကြီးတစ်ယောက်ဖြတ်လျှောက်သွားသည်။ လူဝကြီးမှာ သဘောကောင်းသည့်ပုံပေါ်လွင်လှသဖြင့် သူတို့ခြေလှမ်းတွေက အသက်ဝင်လာသည်။

"လာ၊ အဲဒီလူကြီးဆီ သွားတောင်းကြမယ်"

ချက်ချင်းဆိုသလိုပဲ လူဝကြီးနောက် သူတို့ပြေးလိုက်ကြသည်။

"ဦးလေးကြီး . . . ဦးလေး ဦးလေး"

တကြော်ကြော်အော်ကာ အနားရောက်လာသောသူတို့ကို လူဝကြီးက လှည့်ကြည့်သည်။

"ဦးလေး၊ အဟဲ . . . ကျွန်တော်တို့ကို ပိုက်ဆံလေးနည်းနည်းလောက် စွန့်ကျဲပါလားဟင်"



မိုးအောင် သနားဖွယ်လျှောက်တင်သည်။

လူဝကြီးက ဘာတွေလဲဟဆိုသည့်သဘောနှင့် သူတို့ကိုကြည့်သည်။ 'အေ့' ခနဲ လေချဉ်ကတက်လိုက်သေးသည်။ ဒီတော့မှ လူဝကြီးမှာ နေ့ခင်းကြောင်တောင် 'ကောင်း' နေသူဖြစ်ကြောင်း သူတို့သိလိုက်သည်။

"ဟာ . . . မင်းဆွဲသီးကြီးက လန်းလှချည်လား"

ရှာန်ရဲဆွဲသီးကြီးကို မြင်သွားခြင်းဖြစ်သည်။ မျက်လုံးပွတ်သပ်ကာ သေချာပြန်ကြည့်ပြီးမှ . . .

"ဟာ . . . အရိုးခေါင်းကြီးပဲ"

လူဝကြီး နည်းနည်းလန့်သွားသည်။ အမူးတောင် တစ်ဝက်ပြေသွားလိမ့်မည်။

"ဒီအရိုးခေါင်းကြီးဆွဲပြီး အေ့ . . . ပိုက်ဆံလိုက်တောင်းနေတာဟုတ်လား"

သိရဲ့သားနဲ့ ထပ်မေးပြန်ပြီ။

လူဝကြီးက မကြောက်ပေ။ အရိုးခေါင်းကိုတောင် ပွတ်ကြည့်ပြီး . . .

"ဟား . . . ဟား . . . ကောင်းတယ်။ ဒါအနုပညာပဲ"

ဟိုက် . . . စပြီဟေ့၊ ရှာန်ရဲတို့ မျက်လုံးပြူးရပြီ။

"ဟား . . . ဟား . . . ဒါမော်ဒန်ပဲ။ သူများတွေနဲ့မတူပဲ တောင်းစားတယ်။ အင်း . . . ဖောက်ထွက်နိုင်တယ်။ အေ့ . . . ကိုယ့်လမ်းကိုယ်ဖောက်တဲ့ စွန့်ဦးလူငယ်ပဲ ဟား . . . ဟား . . ."

"ဟဲ ဟဲ ဟဲ ဟဲ"

"ဒါပေမဲ့ . . . သူတောင်းစားဖြစ်နေတာ ဆိုးသကွာ"

တောက်၊ ခွေးကိုက်တာထက် နာလိုက်တာ။ ယွန်းစံရေ . . . နင့်ကြောင့်ပေါ့။ လူဝကြီးက ပိုက်ဆံထည့်မည့်ပုံပေါ်၍ သူတို့ တဟဲဟဲနှင့် ဆက်သည်းခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"တော်တယ်၊ တော်တယ်။ ဒီလို သူများတွေမရှုးရဲ့ အဲ . . . မလုပ်ရဲတဲ့ တောင်းစားနည်းမျိုးနဲ့ တောင်းစားနိုင်တဲ့အတွက် ချီးကျူးတယ်ကွာ။ ငါ ဆွစ်ဇာလန်မှာတောင် . . ."

တံတွေးတွေ အပျစ်လိုက်လွင့်လာလို့ သူတို့ ရှောင်လိုက်ရသေးသည်။

"ဆွစ်ဇာလန်မှာတောင် မတွေ့ခဲ့ဖူးဘူး။ ဟား . . . ဟား . . . ကြိုက်တယ်။ ရော့ . . . ရော့ . . . အေ့ . . ."

သူ ပိုက်ဆံအိတ်ထဲက နှစ်ထောင်ထုတ်ပြီး . . .

"ယူပါကွ . . . ရော့။ ငါ တခြားသူတောင်းစားတွေဆို တစ်ပြားမှမထည့်ဘူး။ မင်းတို့မို့လို့ အမြင်ရှိတဲ့သူတောင်းစားတွေ အေ့ . . . လိုအပ်တယ်။ အေ့ . . . ကြိုးစားကွ အေ့ . . . ငါဆွစ်ဇာလန်မှာ . . ."

ဘာပဲပြောပြော နှစ်ထောင်ရလိုက်ပါသည်။ ချက်ချင်းပဲ ပန်းခြံထဲက ပြေးထွက်ခဲ့ကြတော့သည်။

ပန်းခြံအပြင် ပလက်ဖောင်းတစ်နေရာတွင် သူတို့သွားတွေ့သေးသည်။ စာအုပ်အဟောင်းများ ခင်းကျင်းရောင်းနေသည့်ဆိုင်ကလေး။ ထိုခင်းကျင်းထားသည့်စာအုပ်များထဲမှ သူတို့ အမှတ်မထင်တွေ့လိုက်ရသည်။

"ဟာ . . . ရျာန်ရဲ့ ဟိုမှာ ကဝေသာရကျမ်း ဒုတိယတွဲ"

အားလုံးအကြည့်က ဥဏ်မင်းညွှန်ပြသည့်စာအုပ်လေးဆီ ပြေးသွားကြသည်။

"ငါတို့ကို သူတောင်းစားဖြစ်စေတဲ့ ဟို ဂါထာလိုလို၊ လင်္ကာလိုလိုဟာ ရှာစမ်းကွာ"

ရျာန်ရဲ စာအုပ်ကိုကောက်ယူပြီး ယွန်းစံပြောသည့် စာမျက်နှာ (၂၃)ကို တဖျပ်ဖျပ်လှန်လိုက်သည်။ စာမျက်နှာ(၂၃)အရောက်မှာတော့...

"ဟာ"



"ဟင်"

သူတို့ ရုပ်တည်နှင့်လိမ်ညာခံလိုက်ရမှန်း သိလိုက်ရသည်။ ဘာ ဒိန်းမျိုးဆွေမိတ်၊ ဖြစ်လိုစိတ်မူ့ဆိုသည့် ဂါထာမှမတွေ့။

သူတို့တွေ့လိုက်ရသည်က . . .

"လူခြောက်ရှောမွေး စီရင်နည်း"တဲ့။

သူတို့ခံလိုက်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

တကယ်တော့ သူတို့ကို စုန်းလိုလို၊ သရဲလိုလိုဝတ်စုံတွေဝတ်ခိုင်းပြီး ငွေလျှောက်တောင်းခိုင်းသည့်ကိစ္စမှာ ယွန်းစံလက်ချက်မဟုတ်ပါ။ ထက်ထက်နှင်းလက်ချက်ဖြစ်သည်။ မိုးအောင် ထဘီလိုက်ကြည့်သည့်ကိစ္စနှင့်ပက်သက်ပြီး ကလှဲစားချေသည့်အနေနှင့် ယွန်းစံနှင့်တိုင်ပင်ကာ သူတို့ကို အကွက်ကျကျ နှိပ်စက်လိုက်ခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အခုတော့ သူတို့အားလုံး သူငယ်ချင်းဖြစ်သွားကြပါပြီ။

လွတ်လပ်ပျော်ရွှင်တက်ကြွသော လူငယ်များဖြစ်ကြသဖြင့် ရက်ပိုင်းအတွင်း ငယ်ပေါင်းကြီးဖော်များလို ရင်းနှီးသွားကြပါသည်။

ယွန်းစံအကြောင်းကိုလည်း ဈာန်ရဲပိုသိလာရသည်။ ယွန်းစံကလည်း ဈာန်ရဲကို စကားအဆန်းလေးတွေပြောပြတတ်သည်။

"ဈာန်ရဲ"

"ပြော"

"နင်သေရင် နင့်ခေါင်းကို ဘယ်ဘက်လှည့်သေမှာလဲ"



"ဘာ . . . ဘယ်လို . . . ဘယ်လို . . . "

"အော် . . . နင်သေရင်ဟာ နင့်ခေါင်းကို ဘယ်လက်လှည့်ပြီးသေမှာလား၊ ညာဘက်လှည့်ပြီးသေမှာလားလို့မေးတာ"

နင့်မျက်နှာလေးရှိတဲ့ဘက် လှည့်သေမှာပေါ့ ဟုပြောလိုက်ရန် ဈာန်ရဲအာရုံမရမိ။

"သိဘူးလေဟာ၊ သေရင် သူ့ဘာသာသူလှည့်သွားမှာပေါ့ဟ။ အဲ့ဒါကို ကြိုစဉ်းစားထားဖို့လိုလို့လား"

"လိုတယ်ဈာန်ရဲရ။ သေရင် ခေါင်းကိုညာဘက်ကိုစောင်းပြီး သေနိုင်အောင်ကြိုးစားရမယ်။ ခေါင်းညာဘက်စောင်းရင် ကောင်းကင်ဘုံကိုရောက်တာတဲ့။ ဘယ်ဘက်စောင်းရင် ငရဲဘုံကိုရောက်တာတဲ့"

"ဘယ်စုန်းကဝေကျမ်းထဲကဟာတွေ လာပြောနေပြန်တာလဲ"

"ဟင့်အင်း . . . မဟုတ်ဘူး၊ ဆရာတော်တစ်ပါးပြောခဲ့တာတဲ့။ နင့်ကိုစိုးရိမ်လို့ ငါပြောပြတာ။ သေရင် ညာဘက်စောင်းနော်"

"အေးပါ . . . အေးပါ . . . "

ယွန်းစံ၏ အထအနကောက်တတ်ပုံလေးတွေကိုလည်း ဈာန်ရဲတွေ့မြင်လာရသည်။ ဟိုတုန်းက ဈာန်ရဲပြောခဲ့သည့် မေးခွန်းလွယ်လွယ်လေးကို ယွန်းစံက အူတူတူလေးစဉ်းစားနေချိန်ဖြစ်သည်။

"ငါ တစ်ခါပဲမေးမှာနော်။ နှစ်ခါမပြောပြဘူး သေချာနားထောင်"

အဲ့သည်တုန်းကတော့ ယွန်းစံက မြောက်ကြွမြောက်ကြွ။

"လုပ်စမ်းပါ မေးလိုက်စမ်းပါ"တဲ့။

ဈာန်ရဲကမေးသည်။

"ရေငုပ်သဘော်ကြီး တစ်စင်းရှိတယ်"

"အင်း . . . "

"အဲဒီသဘော်ကြီးက လူ(၃၀)တိတိဆန့်တယ်တဲ့။ လူ(၂၉)ယောက်တက်ပြီးတဲ့အချိန်မှာ ကိုယ်ဝန်ဆောင်သည်တစ်ယောက်က လိုက်တတ်တယ်တဲ့။ အဲ့ဒီမှာ သဘော်ကြီးလည်း ရေထဲနစ်သွားရောတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ဟဲ . . . အဲ့ဒါဘာဖြစ်လို့လဲ၊ ဖြေ"

အကြာကြီးပေါ့။ သူမ မပြီးနိုင်အောင်စဉ်းစားနေတော့သည်။ တကယ်ဆို မေးခွန်းထဲမှာပဲ အဖြေကဒွန်တွဲပြီးသားပင်။ ရေငုတ်သဘော်ပါဆို ရေထဲနစ်ပြီပေါ့။ ဒါလေးကိုဖြေရခက်နေသည့် ယွန်းစံကို ချာန်ရဲအံ့သြနေမိသည်။

သူမကတော့ ခေါင်းချည်းကုတ်နေတော့သည်။

"တော်ပါတော့ မခေါင်းကုတ်ရယ်။ စဉ်းစားမနေပါနဲ့တော့"

သည်လိုပြောမိတော့လည်း သူမက ထ,တင်းပြန်ပါရော။

"ဘာ . . . နင်က ငါ့ကို 'နွားမ'လို့ပြောတာပေါ့လေ"

"ဟင် . . . ငါမပြောမိပါလား"

"နင်ပဲ မခေါင်းကုတ်ဆို။ ခေါင်းကုတ်ဆိုတာ ဂုတ်ကောင်းလို့ပြောတာပေါ့။ ဂုတ်ကောင်းဆိုတော့ လှည်းကျိုးထမ်းလို့ရတယ်။ ငါ့ကို နွားမလို့ ပြောတာပေါ့လေ"

"ဟင်း . . . သူ့ဘာသာသူ အထအနတွေလျှောက်ကောက်နေပြီးတော့"

"သိဘူး . . . သွား"

တစ်နေ့လုံး စိတ်ကောက်နေပြန်ပါသည်။

တကယ်တော့ စိတ်ကောက်ခြင်းသည် အဆင့်မြင့်လာသော သံယောဇဉ် ရစ်တွယ်ဖြစ်တည်မှုဖြစ်သည်။ ဒါကို သူတို့မရိပ်မိခဲ့ကြသေး။

တစ်ခါက အင်တာနက်ဆိုင်တစ်ဆိုင်ကို သူတို့နှစ်ယောက်သွားကြသည်။ ယွန်းစံက ဦးဆောင်ခေါ်သွားခြင်းဖြစ်သည်။

"တောက်"

"ဘာဖြစ်လို့လဲ ယွန်းစံရ"

"ပိုက်ဆံမရှိလို့ဟ။ ပိုက်ဆံရှိရင် ငါဒီကျောင်းတက်လို့ရပြီ"



ဆိုပြီး ကွန်ပျူတာဖန်သားပြင်ထဲက ကျောင်းတော်ကြီးတစ်ခုကို လက်ညှိုးနှင့်ထောက်ပြလိုက်သည်။ ယွန်းစံထောက်ပြရာကို ချာန်ရဲကြည့်လိုက်တော့ မှော်ကျောင်းတော်ကြီးဖြစ်နေသည်။

ကမ္ဘာ့ပထမဆုံးမှတ်ပုံတင်ထားသော မှော်ပညာသင်ကျောင်းတော်ကြီးဖြစ်သည်။ ကယ်လီဖိုးနီးယားမှာ ဖွင့်လှစ်ထားသည်။ အသက် (၆၀)နှစ်အရွယ်ရှိပြီဖြစ်သည့် 'အော့တ်ရွှန် ရေဗင်ဟော့တ်'ဆိုသူ တည်ထောင်ခဲ့သည်ဟုဆိုသည်။ သူ့ကျောင်းတော်ကို (Gray school of Wizardry) ဟု အမည်ပေးထားသည်။

မှော်သင်္ချာ၊ ပရဆေးပညာ၊ ကွမ်တန်မက္ကင်းနစ်၊ ရူပဗေဒနှင့် ကြဝဠာဗေဒ ခေတ်သိပ္ပံပညာရပ်များကိုသင်ကြားသည်။ အင်တာနက်မှ တစ်ဆင့်လည်း ကျောင်းအပ်ကာသင်ကြားနိုင်သည်ဟု သိရသည်။ တစ်နှစ်စာ ဒေါ်လာ(၃၀)သွင်း၍ (၇)နှစ်တက်ရမည်ဟုဆိုသည်။

ချာန်ရဲ သူ့ကိုကြည့်မိတော့လည်း သူက တကယ်ပြောနေသည့်ပုံပေါ်နေသည်။

"ယွန်းစံ . . . နင်တကယ်ပဲ . . ."

သူ့စကားတစ်ဝက်မှာ ယွန်းစံကမော့ကြည့်တော့ သူဆက်မပြောဖြစ်။ နောက်မှ . . .

"ယွန်းစံ နင်တကယ်ပဲ မှော်ပညာတွေကို စိတ်ဝင်စားတာလား"

တစ်ခွန်းပဲဖြေသည်။

"အွန်း"တဲ့။

တကယ်တော့ 'နင်ဟာ တကယ်ပဲစုန်းမလေးလား' ဟု သူမေးချင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ပြောပါဦး၊ နင်ဘာလို့ အပေါက်ဝကနေချောင်းကြည့်ပြီး ထွက်ပြေးရတာလဲ"

ဟိုတုန်းက ဈာန်ရဲကို လာချောင်းသည့်ကိစ္စနှင့် ပတ်သက်ပြီး ယွန်းစံကို သူငယ်ချင်းတွေက ဝိုင်းဗျူးနေကြခြင်းဖြစ်သည်။

"ဘာလို့မှမဟုတ်ပါဘူး။ သူ့ပုဆိုးကျန်ခဲ့တဲ့ကိစ္စကို ရေလည်အောင်မပြောတတ်လို့။ ပြီးတော့ ငါ . . . ငါ . . . ကြောက်လို့ပါ"

"ဈာန်ရဲက ကြောက်စရာကောင်းလို့လား"

ဈာန်ရဲက သူ့ကိုကြည့်ကာ သူ့အဖြေကိုစောင့်နေသည်။

"ကြောက်စရာကောင်းလို့ ကြောက်တာမဟုတ်ပါဘူး။ ငါက လူတွေနဲ့သိပ်မဆက်ဆံတတ်လို့ ကြောက်တာမျိုးပါ"

"မသိပါဘူး၊ ငါတို့က နင်ထွက်ပြေးတဲ့ကိစ္စကို ပဟေဠိဖြစ်နေကြာတာ"

ခဏ္ဍာက ရယ်ရွှန်းဖတ်ရွှန်းနဲ့ . . .

"ဟုတ်ပ့၊ အဲ့ဒီတုန်းက ဈာန်ရဲဆိုရင် ကောင်မလေးတစ်ယောက်လာလာချောင်းလို့ဆိုပြီး အတန်းထဲမှာ နာမည်တွေဘာတွေကြီးနေတာ"



ဈာန်ရဲ မဲ့လိုက်သည်။

"အောင်မာ၊ သူ့ ဟိုအူကြောင်ကြောင်စာရောက်လာလို့ ငါအရှက်ကွဲရတာကျတော့မပြောဘူး"

ဝိုင်းရယ်ကြတော့သည်။ ရယ်သံတွေကြားကပင် ယွန်းစံကို ဈာန်ရဲလှမ်းကြည့်နေခြင်းဖြစ်သည်။

အဲ့သည်အချိန် သူတို့ထိုင်နေသည့်ဝိုင်းကလေးကို သူတောင်းစားလေးတစ်ယောက် ရောက်လာသည်။ သူတောင်းစားလေးက(၁၀)နှစ်ကျော်အရွယ်လောက်ရှိမည်။

"အစ်ကိုတို့၊ အစ်မတို့ရယ် ထမင်းဖိုးလေး . . ."

ထက်ထက်နှင်းက 'ငါ့မှာအကြွေရှိတယ်' ဆိုပြီး ပိုက်ဆံအိတ်ကိုဖွင့်ကာ သူတောင်းစားလေးကိုပေးရန်ပြင်လိုက်သည်။ ထိုအခိုက်မှာပဲ...

"မပေးနဲ့"

စူးထက်လွန်းသည့်အသံက ပြင်းခနဲထွက်လာသည်။ ကန်တင်းတစ်ခုလုံးတောင် ရုတ်တရက်တန့်သွားသလိုပင်။ ယွန်းစံ၏အသံ . . .

"မပေးနဲ့ ထက်ထက်။ သူ့ကို တစ်ပြားမှပေးစရာမလိုဘူး"

သူတောင်းစားလေးက ယွန်းစံကိုကြောင်ကြည့်နေ၏။ ယွန်းစံကလည်း သူတောင်းစားလေးကို စိုက်ကြည့်နေသည်။

"ယွန်းစံ . . . ဘာဖြစ်လို့လဲ ယွန်းစံ"

ဈာန်ရဲလှုပ်နှိုးပေမယ့် ယွန်းစံမျက်နှာက ထန်နေတုန်းပင်။ သူတောင်းစားလေးကို ပြင်းပြင်းထန်ထန်ကြည့်ပြီး . . .

"နင် ငါ့ကိုမှတ်မိလား"

" . . . . "

သူတောင်းစားလေးက ကြောင်အ,အနှင့် ခေါင်းရမ်းပြသည်။

"အေး . . . နင်ကမမှတ်မိပေမယ့် ငါကမှတ်မိတယ်။ သွားထွက်သွား နင့်မျက်နှာ ငါတစ်သက်လုံးမမြင်ချင်ဘူး။ ထွက်သွား"

"ယွန်းစံ . . . ယွန်းစံ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ယွန်းစံ . . . တော်တော့လေ၊ တော်တော့"

သူတောင်းစားလေး ချာခနဲလှည့်ထွက်သွားတော့မှ ယွန်းစံမှာ ဟင်းခနဲ အောက်နေသည့်ရင်ကိုချနိုင်တော့သည်။

"ယွန်းစံ . . . ဘာဖြစ်လို့လဲ၊ ငါတို့ကိုပြောပြဦးလေ"

ယွန်းစံက လက်ကာပြသည်။ အသက်ရှူသွင်းရှူထုတ် သုံးလေးခါလောက် ဖြည်းဖြည်းချင်းလုပ်ပြီးမှ . . .

"အဲ့ဒီသူတောင်းစားလေးပေါ့ ဟိုတစ်နေ့က ငါ့ငွေနှစ်ရာထည့်လိုက်တယ်။ အဲ့ဒီငွေနှစ်ရာနဲ့ သူဘာလုပ်တယ်လို့နင်တို့ထင်လဲ"

". . . ."

"သူဆေးလိပ်ဝယ်သောက်ပစ်တယ်"

"ဟင်"

"အော်"

ကြားရတာ စိတ်ထဲမှာတောင် ခပ်ချဉ်ချဉ်ဖြစ်သွားကြသည်။ ဒါကြောင့် သူမ ဒီလောက်စိတ်တိုသွားတာပေါ့။

"ငါတို့က သူတောင်းစားကိုငွေထည့်တယ်ဆိုတာ လူသားဆန်မှု၊ အားနည်းသူ ဖေးကူချင်တဲ့ဆန္ဒ။ အဲ့ဒါတွေကြောင့် ထည့်တာလေ။ အဆိပ်ပင်ရေလောင်းသလိုမျိုးတော့ အညစ်နွမ်းမခံနိုင်ဘူးမို့လား။ နောက်ပြီး သူ့အရွယ်ကလည်း ဆေးလိပ်သောက်သင့်တဲ့အရွယ်မျိုး မဟုတ်သေးဘူးမို့လား"

အားလုံးက သူ့အယူအဆကို ဘာမှုပြန်မပြောကြ။ ရာခိုင်နှုန်းများများတောင် ထောက်ခံမိကြသေးသည်။ သို့သော် . . .

"ဘာပဲဖြစ်ဖြစ် အဲ့လောက်ကြီးစိတ်တိုတာတော့ မကောင်းဘူးပေါ့ဟာ။ နော် ယွန်းစံ စိတ်ကိုထိန်း"

ဈာန်ရဲ သူ့ပခုံးလေးကိုပုတ်ပြီးပြောတော့ သူက ခေါင်းလေးတဆတ်ဆတ်ညိတ်သည်။



"ဟုတ်တယ်၊ ငါလည်းစိတ်ထိန်းရမယ်။ ငါက တစ်ခါတလေ စိတ်လွတ်ပြီး ဒေါသကြီးတတ်တယ်"

သူမကိုသူမလည်း သိရှာပါသည်။ အဲ့ဒီနောက်ပိုင်း စကားဝိုင်းလေးသည် ရေခဲတိမ်မှုန်တွေလို အေးဖျော့ဖျော့ဖြစ်သွားခဲ့ပါပြီ။

ထိုအဖြစ်အပျက်လေးသည် (သူတောင်းစားလေးကို သူမအော်ဟစ်ပစ်လိုက်သည့်ကိစ္စ)ဘာမှမဟုတ်။ ဒီအတိုင်းပဲ ပြီးပြီရောပြီးသွားမည့်ကိစ္စလေးဟု သူတို့ တညီတညွတ်တည်း ထင်ခဲ့မိကြသော်လည်း နောက်လေးရက်လောက်အကြာမှာတော့ သိပ်ကိုစိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသည့် ရလဒ်အဖြစ် သူတို့ထံဆိုက်ရောက်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အဲ့သည့်နေ့ ကျောင်းရောက်တော့ ဘိတ်ကြီးနှင့်အရင်တွေ့သည်။ အမြဲတမ်းစပ်ဖြဲဖြဲနိုင်သည့် ဘိတ်ကြီး၏မျက်နှာက အဝေးကလှမ်းကြည့်ကတည်းက မကောင်းသတင်းတစ်ခုကြောင့် တည်နေသလိုမျိုးဖြစ်နေသည်။

သူ့ကိုတွေ့တော့ ဘိတ်ကြီးမျက်နှာတည်နေရာက ခပ်ပျက်ပျက်ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

သူဆီးမေးလိုက်တော့ ဘိတ်ကြီးက နည်းနည်းအံ့သြသွားသည့်မျက်နှာနှင့် ခဏငြိမ်သွားသည်။ ပြီးမှ သက်ပြင်းပါးပါးမှုတ်ပြီး . . .

"အော် . . . မင်းမသိသေးဘူးကိုး"

"ဘာကိုလဲ"

အဲ့သည်အချိန် ထက်ထက်နှင်းနှင့်မိုးအောင် ပြေးလာတာကိုလည်း တွေ့လိုက်ရသည်။ အနားရောက်တော့ သူ့ကို . . .

"သွား . . . ဈာန်ရဲ သွား၊ နင်သူ့အိမ်ကိုလိုက်သွားလိုက်ဟာ"

သူကြောင်နေမိတုန်း ဘိတ်ကြီးက ထက်ထက်နှင်းကို . . .



"ဒီကောင် ဘာမှမသိသေးဘူးဟ"

မိုးအောင်က ဆံပင်တွေကို စိတ်ပျက်ပျက်သပ်တင်လိုက်ပြီးမှ—

"ကျွတ် . . . ဒီလိုကွာ။ မနက်စောစော ယွန်းစံအတန်းသွားတက်တော့ လူတွေကသူကိုဝိုင်းပြီး 'စုန်းမ' 'စုန်းမ'လို့ ဝိုင်းအော်ကြတာတဲ့"

"ဟာ . . . သူကဘာလုပ်လို့လဲ"

ဈာန်ရဲရင်ထဲ ပြာနင့်သွားသည်။

"ဟိုတစ်နေ့က အငြိုးကြီးကြီးနဲ့ သူဟောက်လိုက်တဲ့သူတောင်းစားလေး အခု ကျောင်းထဲမှာမရှိတော့ဘူး"

"ဟင် . . . ဘယ်ရောက်သွားလဲ"

"မသိဘူး၊ ဒီကျောင်းထဲမှာတော့ လုံးဝမရှိတော့ဘူး။ ပျောက်သွားတာ သုံးလေးရက်ရှိပြီ။ အဲ့ဒီနေ့က ယွန်းစံအော်ပြောလိုက်တဲ့စကားတွေဆို မင်းမှတ်မိလား။ 'နင့်မျက်နှာကို ငါတစ်သက်လုံးမမြင်ချင်ဘူး။ ထွက်သွား'လို့ ပြောခဲ့တာလေ။ သူ့စကားအတိုင်းပဲ သူတောင်းစားလေးပျောက်သွားပြီ"

"အဲ့ဒါကို ယွန်းစံပြုစားလိုက်လို့၊ ကျိန်ဆဲလိုက်လို့ သူတောင်းစားလေးပျောက်သွားတာဆိုပြီး ကျောင်းထဲကဝိုင်းပြောကုန်ကြတယ်။ သူတို့မေဂျာကလူတွေဆိုရင် သူ့ကို 'စုန်းမ' 'စုန်းမ'လို့ ဝိုင်းအော်နေကြတာ။ သူ . . . သူ . . . သနားပါတယ်ဟယ်"

"တောက်"

ထိုတောက်ခေါက်ရုံထက်ပိုပြီး ဈာန်ရဲ ဘာလုပ်ရမှန်းမသိမိ။ ခံပြင်းလာတာတော့ အမှန်ပဲဖြစ်သည်။

"အခု ယွန်းစံ သိပ်စိတ်ထိခိုက်နေလိမ့်မယ်။ သွား . . . မင်းသူ့ကိုအားပေးလိုက်။ သူအိမ်ပြန်သွားတယ်"

အပြေး . . .။ သူအပြေးထွက်ခဲ့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

ခဲအိုရောင်ခပ်ပြတ်ပြတ် နှစ်ထပ်တိုက်ပုကလေးဖြစ်သည်။ ခြံဝန်းထဲလေးကတော့ စိမ်းမြမြကျယ်ဝန်းနေပါသည်။ ခြံဝန်းတံခါးပေါက်ဝမှ လှမ်းကြည့်ရင် အနီရောင်ပန်းများပွင့်လျက်ရှိသော ပန်းပင်ပုလေးနှင့် လှဲဒန်းကလေးတစ်ခုကို တစ်စွန်းတစ်စမြင်ရပေမည်။

ယွန်းစံ၏အိမ်သို့ သူပထမဆုံးအကြိမ် ရောက်ဖြစ်ခဲ့ခြင်းဖြစ်သည်။ ခြံရှေ့ရောက်ပြီးမှ ဝင်ရင်ကောင်းမလား၊ ပြန်လှည့်တာကောင်းမလား တွေဝေနေမိသေးသည်။ ဘာရယ်မဟုတ် ဘေးဘီကိုကြည့်မိတော့ ခြံရှေ့မှာ သူ့လိုပင်လူစိမ်းတစ်ယောက်က မအူမလည်နှင့် ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာကို တွေ့လိုက်ရသည်။

လူစိမ်းက ဈာန်ရဲကိုအကဲခတ်မိသွားသလို ဈာန်ရဲကလည်း လူစိမ်းကိုမြင်မိသွားသည်။ လူစိမ်းက အသက်(၃၀)ဝန်းကျင်၊ ဥပဓိရုပ်ခပ်သန့်သန့်ထဲကပဲဖြစ်သည်။

"ညီလေး၊ ဒီအိမ်က သနပ်ခါးတုံးရောင်းတဲ့အိမ်လား"

"ဗျာ"

လူစိမ်း၏အမေးကြောင့် ဈာန်ရဲကြောင်သွားသေးသည်။ ယွန်းစံတို့အိမ်က သနပ်ခါးတုံးရောင်းလား သူမသိချေ။

"ကျွန်တော် မသိဘူးခင်ဗျ"

"အော် . . . ဟုတ်လား၊ အေးအေး"

ထိုသို့ပြောပြီး လူစိမ်းထွက်သွားတော့သည်။ ဈာန်ရဲမှာ လူစိမ်းကျောပြင်ကိုကြည့်ကာ တစ်ကိုယ်တည်း အူကြောင်ကြောင်ဆန်နေမိသေးသည်။

နောက်တော့ ခြံရှေ့တံခါးက သံတိုင်လေးကိုကိုင်ပြီး ယွန်းစံရှိနိုင်မည်ထင်သည့် အိမ်အပေါ်ထပ်ဝရန်တာလေးကို ငေးနေမိသည်။ သို့သော် သူ အရိပ်အယောင်တောင်မတွေ့မိ။

"ဟေ့ကောင်၊ ဘာလာလုပ်တာလဲ"



အသံကြားသဖြင့်ကြည့်လိုက်ရာ ခြံဝန်းထဲက အဖိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အဘိုးကြီးက ခါးကုန်းနေပါပြီ။ သေတော့သဦးမည့်ပုံမပေါ်။ (စိတ်ပါရင်)နောက်နှစ်အခါ တန်ဆောင်မုန်းမှာ အခြောက်ပွဲကြည့်နိုင်ဦးမည့်ပုံပင်။

"မင်း ဘယ်ကကောင်လဲ။ ငါ့အိမ်က ဘာခိုးမလို့လဲ"

ဟွန်း . . . ဘလိုင်းကြီးပဲ။ အဘိုးကြီးက ပန်းပင်မြေဆွသည့် ခရင်းခွကြီးတကိုင်ကိုင်နှင့် လူကို လာစွပ်စွဲနေသည်။ လူကြီးနှင့်လူငယ်ဆိုတော့ ဈာန်ရဲကပဲသည်းခံလိုက်ပါသည်။

"ဒီအိမ်က ယွန်းစံတို့အိမ်မဟုတ်ဘူးလား"

အဘိုးကြီးက ဈာန်ရဲကို သေချာပြူးကြည့်လာသည်။ ခြေဆုံး၊ ခေါင်းအစ၊ ခါးအလယ်စသဖြင့် အနံ့ကြည့်ပြီးမှ . . .

"သိပြီ၊ မင်းလက်ရဲမို့လား"

"ဗျာ"

အဘိုးကြီးပြောတာ နားမရှင်းပါ။ အဘိုးကြီးကလည်း ရှင်းအောင်ထပ်မပြောဘဲ အိမ်ဘက်လှည့်အော်သည်။

"မယ်ငွေ၊ ဟဲ့ . . . မယ်ငွေ ဒီမှာ လက်ရဲရောက်နေတယ်"

အိမ်ထဲက အဘွားကြီးတစ်ယောက် ထွက်လာပါသည်။ အဘွားကြီးကတော့ ယောင်းမနှင့်။ အဘိုးကြီးလိုပဲခါးကုန်းနေပြီ။ နဖူးပေါ် လက်ကလေးဖြန့်မိုးပြီး (ငယ်ငယ်တုန်းကကြည့်ခဲ့ဖူးသည့် တရုတ်ကားထဲက နှမ်းဝှခုံးကြည့်သလိုမျိုး)မှုန်မှုန်ကုတ်ကုတ်ကြည့်၍ ထွက်လာခြင်းဖြစ်သည်။

ဈာန်ရဲကိုလည်းတွေ့သွားရော အဘွားကြီးက . . .

"ဇက်ရဲလား၊ လာ လာ အထဲဝင်"

"ဗျာ"

ဈာန်ရဲမှာ နားကိုမလည်တော့။ ဘာတွေပြောနေကြပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သေချာတာတော့ ဈာန်ရဲခြံထဲရောက်ခဲ့ရပါသည်။ ပြီးတော့ အိမ်ထဲကို ကြည်ကြည်ဖြူဖြူဖိတ်ခေါ်၍ ထိုင်ခိုင်းသည်။

"လာထိုင် . . . လက်ရဲ၊ ထိုင် . . . ဟော့ကောင်"

အဘိုးကြီးကထိုင်ခိုင်းပြီး အဘွားကြီးက အပေါ်ထပ်ကိုလှမ်းအော်သည်။

"မြေးလေးရေ . . . ဒီမှာ ဇက်ရဲရောက်နေတယ်ဟေ့"

သူတို့ပါးစပ်ထဲမှာ ဈာန်ရဲခမျာ လက်ရဲဇက်ရဲကြီးကိုဖြစ်လို့။ အိမ်ပေါ်က သူမတန်းမဆင်းလာပါ။ နည်းနည်းလေးကြာမှ ဘောက်ဆတ်ဘောက်ဆတ်ခြေလှမ်းတွေနှင့် သူမဆင်းလာသည်။ ဈာန်ရဲကိုတွေ့တော့ အံ့သြကြောင်းလည်းမပြပါ။ ဆူပုတ်ပုတ်မျက်နှာလေးနှင့်ပင် . . .

"ဘာလာလုပ်တာလဲ"

"နင် ကျောင်းကပြန်သွားလို့ လိုက်လာတာ"

သူမ မျက်စောင်းထိုးသည်။ ဘာကြောင့်ရယ်မသိ။

နောက်တော့ သူတို့နှစ်ဦး ခြံထဲကဒန်းကလေးပေါ်မှာ ထိုင်ဖြစ်ကြသည်။ အောက်မြက်ခင်းစိမ်းလေးများနှင့် ခြေဖဝါးထိကပ်သောအခါ အေးစိမ့်သော ခံစားမှုမြမြလေးကိုရရှိရသည်။ သူမက ခြေထောက်ဖြူဖြူလေးနှင့် ဒန်းကလေးကိုလွှဲနေသည်။ သူမဘက်က စကားစ,မလာပါ။

"ခပ်ညံ့ညံ့လူတွေကလျှောက်ပြောတာမို့ စိတ်ထဲမထားပါနဲ့ဟာ"

ကျောင်းမှာ စုန်းမဟု စွပ်စွဲခံရတာနှင့်ပက်သက်ပြီး သူနှစ်သိမ့်မိခြင်းဖြစ်သည်။ သူမ ဈာန်ရဲကိုကြည့်သည်။ သူမအကြည့်မှာ အဲသည်အကြောင်းအရာနှင့်ပက်သက်ပြီး အပြောအဆိုမလုပ်ချင်ပုံရသည်။ သို့နှင့် ဈာန်ရဲလည်း တခြားစကားစကိုရှာရတော့သည်။

"ဒါနဲ့ နင့်အဘိုးနဲ့အဘွားက ငါ့ကို ဘယ်လိုတွေခေါ်ကြတာလဲ"

'အဟဲ' ဆိုပြီး သူမရယ်သည်။



"ငါက နင့်အကြောင်းကို အဘိုးနဲ့အဘွားကို ပြောပြထားတာလေ။ နင့်နာမည်ဈာန်ရဲကို မှတ်ရခက်လို့တဲ့။ လက်ရဲဇက်ရဲဆိုပြီး ဈာန်ရဲကို အလွယ်မှတ်ထားတာတဲ့"

ထင်သည်။ ဈာန်ရဲ ကောင်းကောင်းထင်သည်။ မေမေပေးတဲ့နာမည်လှလှလေးက ချက်ချင်းပဲ ကြေးစားလူသတ်သမားနာမည် ပေါက်သွားပါရောလား။ ဘယ့်နှယ် လက်ရဲဇက်ရဲတဲ့။

"ဒါနဲ့ နင် ဘာလုပ်နေတာလဲ"

"ဒန်းစီးနေတာလေ"

"ငါမလာခင်တုန်းကကို ပြောတာ"

"သြော် . . . ကဗျာရေးနေတာလေ"

"အံမယ်"

ဈာန်ရဲ ထူးဆန်းသွားသည်။ ကဗျာရေးသည့် စုန်းမကလေးကိုတော့ သည်တစ်ခါပဲ တွေ့ဖူးသေးသည်။

"ပြလေ . . . နင့်ကဗျာတွေ ငါဖတ်ကြည့်ရအောင်"

"ဝေဖန်ပေးမယ်ပေါ့"

"အေးပေါ့"

သူမ ပြုံးပျော်သွားသည်။ အပြေးကလေး အိမ်အပေါ်ထပ်သို့သွားတော့သည်။ ပြန်ဆင်းလာတော့ စာအုပ်တွေတစ်ထပ်လိုက်ပါလာသည်။

"ဒါ ငါရေးထားတဲ့ ကဗျာစာအုပ်တွေပဲ"

အိုး . . . ရေးအား ကောင်းလှချည်လား။ တွေးအားကောင်းမကောင်းသိအောင်လည်း ဖတ်ကြည့်ဦးမှ။

ဖတ်ကြည့်တော့လည်း သူ့ကဗျာလေးတွေက မဆိုးဘူးဟုထင်မိသည်။ ဈာန်ရဲ မျက်နှာလိုက်ကာ ထင်မိခြင်းမဟုတ်ပါ။ သူမ ဘောက်ဆောက်ရေးဖွဲ့တတ်ပါသည်။ ဈာန်ရဲ တစ်ပုဒ်လောက် ရွတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကဗျာနာမည်က 'အဝေးမှတ်စု' တဲ့။

သစ်သီးတွေဟာ သံချေးမတက်တဲ့အကြောင်း

နင်ပြောခဲ့တာ ငါမှတ်မိသေး

အခုတော့ . . .

မိုးမည်းညထဲ လေယာဉ်ပျံသေးသေးလေးလို

မှိန်တစ်ဝက်လင်းတစ်ပြက်နဲ့ ဝေးခဲ့ရ။

ကောင်းကောင်းနားမလည်ပါ။ သို့သော် စကားလုံးအတိုင်း ခံစားလို့ရသည်။ နောက်တစ်ပုဒ်လည်း ချာန်ရဲ ကြိုက်မိသေးသည်။

ကဗျာနာမည်က 'စိတ်မျှော' တဲ့။

ကော်ဖီမပေါ်တဲ့ ခေတ်ကတည်းက

အိပ်ရေးပျက်နေတဲ့ သူပေါ့။

ဘယ်လိုဆုတောင်းရမှန်း မသိခင်မှာပဲ

ပန်းသီးက သူများကိုက်သွား

ကိုယ့်နှုတ်ခမ်းကို ပြန်သနားလိုက်တာ။

မမိုက်ပါဘူး

စက္ကူနဲ့ တိမ်လုပ်တမ်းကစားနေမှ

မိုးအစစ်က ရွာချလာ

ဒီတော့လည်း . . .

ငါလိုတိမ်အတုကပဲ

အရပ်ပုပေးလိုက်ရတာပေါ့လေ။

ခုနကထက် ပိုဆိုးသွားပြီ။ ချာန်ရဲ နားမလည်။ သို့သော် စကားလုံး အတွဲအဆက်လေးတွေကိုကြည့်ပြီး ချာန်ရဲ အံ့သြမဆုံးဖြစ်နေသည်။ လူပုံက အူတူတူလေးနှင့်ကို။

ကဗျာတစ်ပုဒ်ဆုံးတိုင်း အောက်မှာ ကလောင်အမည်ကိုရေးထားသေးသည်။ သူ့ကလောင်နာမည်ကလည်း နှစ်ပုဒ်သုံးပုဒ်ရေးပြီး ကဗျာ



ရေးတဲ့အမည်ခံချင်တဲ့ ကောင်မလေးတွေ အများစုမှည့်တတ်ထဲ့ ကောင်းကင်ပြာတို့၊ ကြယ်စင်လေးတို့၊ အိပ်မက်သံစဉ်ချိုတို့မဟုတ်။ 'ပူးရှစ်' တဲ့။

သူမကလောင်အမည်က 'ပူးရှစ်' တဲ့။

ဒိုဘီကုလားတွေက အဝတ်တွေကို အားရပါးရရိုက်လျှော်ရင်း အော်တတ်သည့် အသံကြီးကျနေတာပဲဟု ချာန်ရဲထင်မိသည်။

"နင့်နာမည်က ဘာအဓိပ္ပာယ်တုံး"

"အဓိပ္ပာယ်မရှိဘူးဟ။ အဓိပ္ပာယ်တွေရဲ့ ပြင်ပကိုထွက်ပြီး ပေးထားတဲ့အမည်ဟ"

"အံမယ် . . . အဆင့်မြင့်လှချည်လား"

"ဟဲ . . . ဟဲ . . . လျှောက်ပြောတာ။ စိတ်ထဲရှိတာ လျှောက်ပြောတာပါဟ"

ထိုစကားပြောသည့်သူမကို သူကြည့်လိုက်သည်။ သူမကလည်း ပြန်အကြည့်နှင့်တိုးသည်။ အကြည့်နှစ်စင်း လေညှင်းကြားမှာ ဆုံဆည်းသွားလေသည်။ ဘာရယ်ကြောင့်များ သူ့တို့ အကြည့်ကိုယ်စီကို မရပ်မသိမ်းဖြစ်နေကြတာလဲ။ ငေးမောမိသောစက္ကန့်များမှာ . . . ရင်ထဲကိုယ်စီ လှိုက်ဖိုနေမိကြသည်။

သူမကသာ အကြည့်စမလွှဲရင် ထိုအကြည့်က ဆက်ရှည်လျားနေဦးမည်။ ရုက်ကိုးရုက်ကန်းနှင့် သူ ကြံ့ရာမေးခွန်းကို ကောက်မေးဖြစ်သွားသည်။

"ယွန်းစံ . . . နင်တို့အိမ် သနပ်ခါးတုံးရောင်းလား"

"ရောင်းပါဘူး။ ဘာဖြစ်လို့လဲ"

သူ ဘာမှမဟုတ်ကြောင်း ခေါင်းယမ်းပြလိုက်သည်။

ခဏနေတော့ သူပြန်ခဲ့သည်။ အဘိုးနှင့်အဘွားက ခြံတံခါးဝအထိ လိုက်ပို့သေးသည်။

"လက်ရဲ . . . တာ့တာ" တဲ့ အဘိုးက။



www.burmeseclassic.com

www.burmeseclassic.com

"ကော်ရဲ . . . သတိထားပြန်နော်" တဲ့ အဘွားက။

"ဟုတ်တဲ့ဝါ . . . အဘိုးနှင့်အဘွား"

ဟု လက်ရဲဇက်ရဲကြီးဖြစ်သည့် မောင်ရျာန်ရဲက ပြန်ပြောခဲ့ရသည်ပေါ့။

တိုက်ဆိုင်တာပဲလား။ သူမ မသိလို့ပေးမိတာပဲလား မသိပါ။ နောက်သုံးလေးရက်အကြာမှာ ဘာရယ်မဟုတ်ဘဲ တရုတ်–မြန်မာ အစ်ရှင်နရီစာအုပ်မှာ အဲ့သည်စာလုံး၏အဓိပ္ပာယ်ကို ရျာန်ရဲ သွားတွေ့သည်။

ဂူးရှစ် = မှော်ဆရာ၊ စုန်းဆရာ (မှော်အတတ်နဲ့ အသက်မွေးသူ) တဲ့။

အဲ့သည့်နေ့ တစ်ယောက်တည်းနေရင်း စကားနည်းခဲ့သည်။

ㅈ ㅈ ㅈ



## (၁၀)

"ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ငါ ဒီကျောင်းကို ဒုတိယနှစ် စရောက်လာကတည်းကပဲ။ အခုဆို တစ်နှစ်ကျော်ပြီပေါ့"

"ဘာလို့ နင်ကကျိန်ဆဲတတ်တာလဲ"

"အဲ့ဒါတော့ ငယ်ကျင့်တစ်ခုလိုဖြစ်နေပြီ။ စိတ်ထဲက မပါပေမဲ့ စိတ်တိုနေတုန်းခဏမှာ လွတ်ပြီး ကျိန်ဆဲပစ်လိုက်မိတယ်"

"ဘာလို့ နင်ကျိန်ဆဲလိုက်တိုင်း အင်း . . . သူများတွေပြောသလို ပြောရရင် နင်ကျိန်စာတိုက်လိုက်တိုင်း အဲ့သည်လူက လိုက်ဖြစ်ရတာ၊ ဒုက္ခရောက်ရတာ ဘာကြောင့်လို့ထင်လဲ"

သူမ ခေါင်းကို လေးပင်စွာခါပြသည်။

"ငါတကယ်မသိဘူး"

"သူများတွေက စုန်းမလို့ခေါ်တော့ နင်ဘယ်လိုခံစားရလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ . . . ငါမနေချင်တော့လောက်အောင် စိတ်ညစ်မိတယ်။ ငါသေချင်လာတယ်"

ထက်ထက်နှင်းက သူမလက်ကိုဖိကိုင်ကာ အားပေးသည်။ တိုးသက်သောသက်ပြင်းကိုလည်း အားလုံးကမိုးချကြသည်။

"ဉာဏ်မင်း . . . နည်းနည်းလျှော့မေးကွာ"

ဉာဏ်မင်းမေးခွန်းတွေက တရားခံစစ်သလိုဖြစ်နေ၍ ဘိတ်ကြီးက ခပ်တိုးတိုး သတိပေးလိုက်သည်။

"ဒါမှမဟုတ် နင်က စုန်းကဝေမှော်ပညာတွေ စိတ်ဝင်စားတယ်ဆိုတော့ ဂန္ဓာရီကျင့်စဉ်တွေများ ကျင့်ခဲ့ဖူးလား"

"ဟင့်အင်း . . . အဲ့လောက်ထိတော့ ငါ မလုပ်ချင်ဖူးပါဘူး"

"မတော်တဆ လေ့ကျင့်မိတာမျိုးကော"

သူမ သေချာစဉ်းစားကြည့်သည်။ ခေါင်းခါသည်။

"မရှိလောက်ပါဘူး"

ဖြေရင်းနှင့်ပင် သူမမျက်နှာ တစ်မျိုးဖြစ်သွားသည်။

"ယွန်းစံ . . . ဘာဖြစ်လို့လဲ"

"ညီလို့"

သူမန်ဘေးတွင် ဘိတ်ကြီးက ဆိတ်သားနှင့် ထမင်းစားနေခြင်းဖြစ်သည်။

"ကဲ . . . ဒါဆို ငါတို့အတန်းလိုက်ပို့မယ်။ ကျူတိုရီရယ်ဖြေရမှာဆို"

ခတ္တာတို့က လိုက်ပို့ရန် ထိုင်ခုံကထ,ကြသည်။ ဈာန်ရဲမှာလည်း လိုက်ပို့ချင်လိုက်တာ ဖင်တကြွကြွဖြစ်နေသည်။

"ဈာန်ရဲ . . . နင်လိုက်ခဲ့ချင်လို့လား"

နီထွေးက အလိုက်တသိမေးတော့ သူဝမ်းသာသွားသည်။ သို့သော် . . .



"မလိုက်ချင်မလိုက်ပါနဲ့ဟာ။ ငါတို့က (Toilet)ဘက်က ပတ်သွားကြမှာ"

"သွားဟာ၊ သွားကြ"

နီထွေးပညာပြတာ ခံလိုက်ရလေသည်။

ဉာဏ်မင်းကတော့ အသေအကြေစဉ်းစားဆဲ။

"မတော်တဆဖြစ်တာများလား။ စိတ်ပညာရှင်တွေကတော့ မတော်တဆဖြစ်တဲ့သူတွေကို (ACCIDENT - PRONE PEOPLE)လို့ ခေါ်တယ်ကွ"

"ဒီကိစ္စက မတော်တဆတော့ မကတော့ဘူးလေကွာ။ တိုက်ဆိုင်တာထက်တောင်လွန်နေပြီ။ ဒါကြောင့် ယွန်းစံကို စုန်းတစ်ပိုင်းဖြစ်အောင် ဝိုင်းပြောနေကြတာပေါ့"

"ဒီတော့ ငါတို့ဘာလုပ်ကြမလဲ"

"ယွန်းစံကိုပဲထိန်းရမှာပေါ့။ ယွန်းစံသာမကျိန်ဆဲရင် ဒီလိုထပ်ဖြစ်လာမှာမဟုတ်ဘူးလေ"

"ဒါလည်း အကောင်းဆုံးဖြေရှင်းနည်းလို့ မထင်ဘူးကွ။ ဒါက အကျိုးရာကို ခေတ္တသက်သာအောင် လုပ်တာမျိုးလောက်ပဲ။ အပြီးပျောက်အောင်လုပ်တာမဟုတ်ဘူးကွ"

သူတို့ဘာလုပ်ရမလဲ ဝိုင်းစဉ်းစားကြသည်။ မဝိုင်းဘဲလည်း တစ်ယောက်တစ်တွေးနှင့် စဉ်းစားကြသည်။

"ခုနက ယွန်းစံက ညီနဲ့မခံနိုင်ဘူးနော်"

"အင်း . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

သူတို့အထဲတွင်တော့ စုံထောက်ဝတ္ထုဖတ်သော ဉာဏ်မင်းက ဒီကိစ္စကို အစဉ်းစားဆုံးဖြစ်နေပြီ။ ဈာန်ရဲကတော့ ဒီကိစ္စကို အဆုံးသတ်ချင်ဆုံးသူ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါသွားဦးမယ်"

"ဘယ်ကိုလဲ"

"စုံစမ်းစရာလေးရှိလို့"

ထိုနေ့ရက်မှစ၍ ညဏ်မင်းတစ်ယောက် တကုပ်ကုပ်နှင့်စုံစမ်းနေပါတော့သည်။ သူငယ်ချင်းတွေသွားရာနောက်ပင် သိပ်မလိုက်ပါတော့ချေ။



## (၁၁)

သူမစိတ်ကို တော်တော်အောင့်ထားရသည်။ ဒေါသထွက်လွန်း၍ ခန္ဓာတစ်ခုလုံးပင် မီးခဲတစ်စအဖြစ် ပြောင်းသွားမလားဟု ထင်လာရသည်။

တောက်ခေါက်ပြီး ဆောင့်အောင့်လှည့်ကြည့်ပစ်သော်လည်း နောက်ကလိုက်လာသူက မဖြုံပါ။ ရယ်ကျဲကျဲနှင့် ပြန်ကြည့်နေသည်။

"ရှင် ဆက်လိုက်မလာနဲ့တော့နော်။ ရှေ့မှာ ကျွန်မသူငယ်ချင်းတွေရှိတယ်။ ရှင်ဒုက္ခရောက်သွားမယ်"

"ကိုယ် မကြောက်တတ်လို့ မင်းလိုစုန်းမလေးနောက် လိုက်လာတာပေါ့ ဟင်း ဟင်း"

တောက်ခေါက်အံကြိတ်ကာ သူမဆက်လျှောက်လာခဲ့သည်။ ဟိုလူကလည်း နံဘေးနားကကပ်လိုက်လာရင်း စကားတွေပြောလာသည်။ ပြောသည့်စကားတွေကလည်း နည်းနည်းညစ်ညမ်းသည့်ဘက်ကို ဦးတည်နေသည်။

www.burmeseclassic.com

ထိုလူက နီးကပ်စွာလိုက်လာရင်း သူမ၏ဖိနပ်ကိုတက်နင်းတော့သည်။

"ဟင် . . . "

သူမ ငုံ့ကြည့်လိုက်တော့ ဖိနပ်လေးက သဲကြိုးတန်းလန်းနှင့် ဘဝပျက်နေရပါပြီ။ လွတ်သွားသည့်စိတ်က ဒေါသအဖြစ်နှင့် ထိန်းမရစွာ ပွင့်အန်လာ . . .

"ရှင် . . . ရှင် . . . ဒီလောက်တောင် လိုက်ချင်တဲ့ခြေထောက်ကျိုးပဲ့သွားပါစေတော်"

သူမအသံက ကော်ရစ်ဒါတစ်လျှောက် ကျယ်လောင်စွာ ပျံ့နှံ့သွားပါသည်။ လူတွေအားလုံးကလည်း ဝိုင်းကြည့်၊ လှမ်းကြည့်ကုန်ကြပေါ့။

ကံကောင်းသည်လား၊ ကံဆိုးသည်လားမသိ။ ရှေ့က အလောတကြီးပြေးလာသော ဈာန်ရဲတို့ကိုလည်း တွေ့လိုက်ရသည်။

"ယွန်းစံ . . . ယွန်းစံ . . . ဘာဖြစ်တာလဲ"

သူမနှုတ်ခမ်းများသည် ဒေါသအရှိန်ဖြင့် တုန်ယင်နေသည်။

ထိုလူက ဈာန်ရဲတို့ကိုမြင်သောအခါ နောက်ဆုတ်နောက်ဆုတ်နှင့် လှည့်ပြေးသွားတော့သည်။ ဘိတ်ကြီးက ပုဆိုးကိုတိုတိုဝတ်ကာ နောက်ကလိုက်မယောင်နှင့် ပြေးခြောက်သေးသည်။

သူမ နဖူးမှဆံပင်တို့ကိုသပ်တင်ကာ မျက်ရည်စို့နေမိသည်။

ငါ့ဘဝ တော်တော်ဆိုးပါလား။

• • •

ကန်တင်းရောက်တော့ သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။

သူမ မပြောချင်သော်လည်း အကြောင်းရင်းသိစေရန် ပြောပြလိုက်ရသည်။



"မသိဘူး ဘယ်ကလူလဲ။ ကျောင်းပေါက်ဝကတည်းက ငါ့နောက်က ကပ်ပါလာတာ။ နောက်ပြီး ပြောတဲ့စကားတွေကလည်း . . "

သူမ နှုတ်ခမ်းသားလေးများ တုန်ယင်နေသည်။

"ညစ်ညစ်ပတ်ပတ်တွေ၊ အရမ်းရိုင်းတာပဲ။ ငါ တစ်လမ်းလုံးသည်းခံလာခဲ့တာ။ ငါ့ဖိနပ်ပြတ်သွားတော့ စိတ်ကပါလွတ်သွားပြီး သည်းခံနိုင်တော့တာနဲ့ . . . "

"ပါးရိုက်ပစ်ရမှာ နင်ကလည်း"

ကရုဏာဒေါသောနဲ့ နီထွေးက ဝင်ပြောခြင်းဖြစ်သည်။

ဈာန်ရဲလည်း လက်သီးကျစ်နေအောင် ဆုပ်မိသွားသည်။

"တောက်၊ မဖြစ်ဘူး နောက်နေ့ကစပြီး နင့်ကို ကျောင်းရှေ့ကနေသာကြိုမယ်။ ငါမလာမချင်း ကျောင်းရှေ့ကစောင့်နေ ဒါပဲ"

စိတ်ပေါက်ပေါက်နှင့်ပြောလိုက်သော သူ့စကားကြောင့် သူငယ်ချင်းတွေက သူ့ကို ခပ်စိမ်းစိမ်းကြည့်ကြသည်။ ထိုမှ သူလည်း သူ့စကားသူ သတိထားမိတော့သည်။ သူ့စကားက ပိုင်မှုဆိုင်မှုတစ်ခုနှင့် ချုပ်ချယ်သလို ဖြစ်သွားပြီလား။ မပိုင်သေးသည့်ပန်းက မဆိုင်သေးသည့်သမ်းမှာ ပွင့်နေဆဲ . . . သူ့အတွက်။

"ကွာ . . . ငါ လက်ဝါးနဲ့ပြေးရိုက်လိုက်ရမှာ။ အဲ့ဒီကောင်ကိုသွတ်ပေးမိတာ မှားသွားတယ်"

ကြုံးဝါးသံက ဘိတ်ကြီး။

ခေါင်းတွေတွင်တွင်ခါနေသူက ညဏ်မင်း။

"ယွန်းစံ . . . "

ဆက်ပြောရမှာအားနာသလို သက်ပြင်းချရင်း ခဏနားလိုက်သေးသည်။ ပြီးမှ . . .

"နင် အဲ့ဒီလူကို ကျိန်ဆဲလိုက်သေးတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com

"....."

အားလုံးငြိမ်သွားကြသည်။

ပါးပြင်ပေါ်မှ ကြည်လင်စွာလိမ့်ကျနေသော မျက်ဝန်းလေးကို ညည်သူကမှမချစ်ကြပါ။ ရှိုက်သံမထွက်အောင်ငိုကျွေးရတာ ပင်ပန်းလှ၏။ ထက်ထက်နှင်းက သူမပခုံးကိုဆုပ်ထွေးပေးသည်။

⁂ ⁂ ⁂

(၁၂)

သည်နေ့ ဘာရယ်မဟုတ်ဘဲ ဈာန်ရဲ ကျောင်းစောစောရောက်ဖြစ်နေခဲ့သည်။ သူငယ်ချင်းတွေ တစ်ယောက်မှမရောက်သေးသော်လည်း ဗိုက်ဆာသည်နှင့် ကန်တင်းသို့ တစ်ခုခုသွားစားနေလိုက်သည်။

သူ စားပြီးသောက်ပြီးချိန်လောက်တွင်တော့ ကျောင်းတော်ကြီးသည် ကျောင်းသူကျောင်းသားများနှင့် စည်ကားနေပြီဖြစ်သည်။

ကန်တင်းမှထွက်ပြီး သူ ကော်ရစ်ဒါအတိုင်း လျှောက်လာရင်း ညကဖတ်ဖြစ်ခဲ့သော ဆမ်းမားဆက်မွမ်၏ 'The Unconquered 'အမည်ရှိ ဝတ္ထုလေးအကြောင်းကို ပြန်တွေးကြည့်နေမိသည်။ ထိုသို့တွေးနေရင်းနှင့် သူ့မ်းခေါ်သံလိုလိုကြားမိသည်။ နောက်လှည့်ကြည့်လိုက်သည်။ ဘယ်သူမှမရှိ။ ရှေ့ပြန်လှည့်လိုက်တော့မှ သူ့ဆီ အူယားဖားယားပြေးလာသော သူတစ်ယောက်ကို တွေ့လိုက်ရသည်။ ကိုလွမ်းသူ။

"ဟေ့ကောင်"

အနားရောက်တော့ အမောမဖြေဘဲ ကိုလွမ်းသူက စကားတွေကို ဗလုံးဗထွေးပြောချသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်းတို့အဖွဲ့ကိုလိုက်ရှာနေတာ။ မင်းတို့ကလည်း အရေးကြုံရင် ရှာရခက်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ မင်းအမြန်လိုက်သွားတော့ ကျောင်းရှေ့မှာ–"

"ဗျာ"

ဈာန်ရဲ ပြေးပြီ။

ပြေးလမ်းတစ်လျှောက် လူတွေကိုဝင်တိုက်မိသည်။ တောင်းပန်ရန်အချိန်မရ။

သူ အမြန်ဆုံးပြေးခဲ့သည်။

ကျောင်းရှေ့အရောက်မှာတော့ . . .။

သူမြင်လိုက်ရတာတွေက ဆန်စေ့တွေ၊ လူတွေ၊ ဆားတွေ၊ ဆဲဆိုစွပ်စွဲမှုတွေ၊ ရေစက်တွေ၊ အရိုင်းမျက်လုံးတွေ၊ အဆင်ခြင်မဲ့ အော်ဟစ်သံတွေ။

အဲဒီကြားကမှ သူတွေ့လိုက်ရတာ။

"ယွန်းစံ"

သူ ပြေးဝင်ဖက်ပစ်လိုက်သည်။ အသိလက်လွတ်ကာ ပြေးဝင်ဖက်ပစ်လိုက်မိတော့သည်။ တကယ်တော့ ဒါဟာ ယွန်းစံအပေါ်ကာကွယ်လိုက်ခြင်းပါ။

"ဟင်"

ကြောက်လန့်ရွံ့ရှာမှုများကြောင့် သူမ တုန်ယင်သွေးပျက်နေချိန်တွင် ရုတ်တရက်ရောက်လာသော ထွေးဖက်မှုကြောင့် သူမအံ့သြသွားလေသည်။ သူမ မော့မကြည့်ဘဲနှင့်သိလိုက်ပါပြီ။ ဒီလို လုံခြုံခြင်း၊ နက်ရှိုင်းခြင်း၊ နွေးထွေးခြင်းများပေးနိုင်သောထွေးဖက်မှုက တခြားမည်သူ့ဆီက ဖြစ်နိုင်မည်နည်း။ သူမ မော့ကြည့်လိုက်တော့ သူမကိုငုံ့ကြည့်နေနှင့်ပြီးသော ဈာန်ရဲကို တွေ့လိုက်ရသည်။



သူမမျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်ရွှန်းနေသော်လည်း သူမ၏စိတ်မှာတော့ အရာရာအတွက် ယုံကြည်ကိုးစားနိုင်သည့်သူတစ်ယောက်ကို တွေ့ရှိခဲ့ရပြီဖြစ်သဖြင့် အားအင်များပြည့်ဝလာခဲ့ပြီ။

"ယွန်းစံရယ်"

ယွန်းစံအပေါ်ထိမှန်မည့် အရာများမှာ သူ၏ပခုံး၊ ဦးခေါင်းနှင့် ကျောပြင်တွေပေါ် ပစ်မှန်ကုန်သည်။ ရေစက်တွေ၊ သိမ်ဝင်ဆန်စေ့တွေ၊ ဆားတွေ . . .။

"ငါ့အစ်ကိုကို ခြေကျိုးအောင်လုပ်တဲ့ဟာမ"

"ငါ့သူငယ်ချင်းကို ကျိန်ဆဲတဲ့ မကောင်းဆိုးဝါးမ"

". . ."

". . ."

ရိုင်းပျစွာ ပစ်ပေါက်အော်ဟစ်နေကြသည့် လူတစ်စု။

နံဘေးက ဝိုင်းကြည့်နေကြသော လူများစွာ . . . များစွာ။

အဲဒီကြားကမှ သူတို့နှစ်ယောက် . . .။

• • •

ကျောင်းနှင့်မနီးမဝေးက လူသူသိပ်မလာကြသည့် စေတီဟောင်းကလေးတစ်ဆူတွင် သူတို့နှစ်ယောက် ရောက်ရှိနေကြပြီဖြစ်သည်။

သူမပခုံးပေါ်မှဆားမှုန့်များကို သူခါချပေးနေသည်။ သူ့ခေါင်းပေါ်မှဆန်စေ့များကိုလည်း သူမကဖယ်ပေးသည်။ နဖူးပေါ်မှ စီးကျလာသောရေများကိုလည်း သူမက တစ်သျှူးစလေးနှင့်သုတ်ပေးသည်။

"ဟိုလူ ကားတိုက်ပြီးခြေကျိုးသွားပြီတဲ့"

တစ်နေ့က သူမနောက်ကလိုက်ကာ မဖွယ်မရာစကားများဆို၍ သူမကျိန်ဆဲလိုက်သည့်လူ။ ယခု သူမကျိန်ဆဲသည့်အတိုင်း ခြေကျိုးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဈာန်ရဲ့ကလည်း တစ်သျှူးတစ်စယူကာ သူမလည်ပင်းလေးကို သုတ်ပေးနေသည်။ မကောင်းဆိုးဝါးများကိုနှင်ရာတွင် ဆားများ၊ သိမ်ဝင်ဆန်စေ့များ၊ လက်ွယ်ညတွင် လက်ပြန်ခပ်ထားသောရေများ၊ ပရိတ်ရေများနှင့် ပက်ထုတ်ကာ မောင်းထုတ်နှင်တတ်ကြသည်။ ယွန်းစံကိုလည်း မကောင်းဆိုးဝါးဟု သဘောထားကာ ထိုသို့ ဆားများ၊ သိမ်ဝင်ဆန်များနှင့်ပစ်ပေါက်ကာ အရှက်ကွဲစေခြင်းဖြစ်သည်။

"ငါ့ . . . ငါ့နှုတ်ကိုက မကောင်းတာပါပဲ"

နှုတ်ခမ်းကိုလည်း လက်နှင့်တဖျတ်ဖျတ်ရိုက်ကာ သူမငိုသည်။ ထိုရိုက်နေသောလက်ကို ဈာန်ရဲက ဆွဲဖမ်းထားလိုက်သည်။

"တော်တော့ ယွန်းစံ၊ ဟိုလူတွေကိုက ရိုင်းလွန်းတာပါ။ ဘာမှ စိတ်မကောင်းမဖြစ်နဲ့ ပြီးသွားမှာပါ"

သူနှစ်သိမ့်ပေမယ့် ငိုသံကမစဲ။ ပခုံးလေးကိုသာပုတ်ပေးရင်း သူနှစ်သိမ့်နေမိသည်။ ငိုလို့ဝမှ လက်ကျန်မျက်ရည်လေးကို လက်ခုံနှင့်သုတ်ပြီး တစ်ခုခုကိုသတိရသွားသည့်ပုံနှင့် ခေါင်းလေးထောင်လာသည်။

"နေဦး"

ဟုဆိုကာ သူ့အိတ်ထဲသို့ သူနှိုက်လေသည်။

သူမအိတ်ထဲက ထွက်လာသည့်အရာတွေက ဖန်လုံးသေးသေးလေးတစ်လုံး၊ ကဝေသာရကျမ်းက တစ်အုပ်၊ တခြားအစီအရင်ကျမ်းတွေကော စသဖြင့်စုံနေသည်။ ထိုအရာတွေကို ဈာန်ရဲ တစ်ခုမှကြည့်မရပါ။

"အိုး . . . တွေ့ပြီ"

ဆိုပြီး ယွန်းစံအိတ်ထဲက နှိုက်ယူလိုက်သည်က အိတ်ရှုံ့လေးတစ်ခု။ ဘာအိတ်လေးပါလိမ့်ဟု ဈာန်ရဲကကြည့်တော့ သူမက အိတ်ရှုံ့လေးကို ဆွဲဆန့်ပြီး အထဲကဟာလေးတွေကိုနှိုက်ပြသည်။ အထဲကဟာလေးတွေကတော့ ဒင်္ဂါးပြားလေးတွေပါ။

"ဘာဒင်္ဂါးတွေတုံး"



"မှော်ဒင်္ဂါးတွေလေ"

ထူးဆန်းလို့ ဈာန်ရဲလည်း လိုက်ကြည့်နေမိသည်။

ဒင်္ဂါးပြားကလေးပေါ်တွင် ဟီဘရူးစာလုံးလိုလိုတွေလည်း တွေ့ရသည်။ အလယ်ခေတ်ကစုန်းမတွေ၏ အင်းများတွင်ပါဝင်သော အင်းစကားလုံးများဟုလည်း သူမက ရှင်းပြသည်။

သူမက စိတ်ရှည်လက်ရှည်ရှင်းပြအပြီးတွင် နောက်ဆုံးဒင်္ဂါးပြားလေးကို ထုတ်ပြသည်။ တကယ်တော့ ထိုနောက်ဆုံးဒင်္ဂါးပြားလေးမှာ ဒင်္ဂါးအစစ်မဟုတ်ချေ။ သံပြားအဝိုင်းလေးဖြစ်သည်။ ဒင်္ဂါးပြားအရွယ်အစားအတိုင်း ဝိုင်းဝိုင်းထူထူလေးဖြစ်နေသည်။ ထိုသံပြားဝိုင်းကလေးပေါ်တွင်တော့ ရုပ်ပုံတစ်ခု။

"အသည်းပုံလေးပါလား"

အသည်းပုံလေးက သိပ်တော့သပ်သပ်ရပ်ရပ်မဟုတ်လှပါ။ လက်ဖြင့်ထွင်းထားကြောင်း သိသာသည်။

"အဲ့ဒါ ငါထွင်းထားတာလေ။ ဒီဒင်္ဂါးပြားလေးကို နာမည်လည်း ပေးထားတယ်"

"ဘာတဲ့တုံး"

"ရင်ဘတ်ဒင်္ဂါးတဲ့"

"အလို . . . တယ်လှပါလား"

ကဗျာဆရာစုန်းမလေးပေးသည့် နာမည်ဆိုတော့ လှမည်ပေါ့။ သူမက ထိုဒင်္ဂါးပြား(သို့)သံပြားဝိုင်းလေးကို လှဲ့ဝါဝါကြည့်ပြီး . . .

"ဒီဒင်္ဂါးလေးပေါ်မှာ ဒီလိုအသည်းပုံလေးဆွဲထားတာ ဘာလို့လဲ သိလား"

"ငါဘယ်သိပါ့မလဲ"

"အဟင်း . . . ဒီဒင်္ဂါးလေးက . . ."

စကားကိုဆုံးအောင်မပြောဘဲ ခေါင်းလေးအရင်ငုံ့သွားသည်။ ပြီးမှ ဖြည်းဖြည်းတိုးတိုးလေးပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"တစ်ချိန်ကျ၊ ငါရည်းစားရရင် ငါ့ရည်းစားလေးကိုပေးဖို့"

"ဩော် . . ."

ထိုရေရွတ်သံနှင့်အတူ ချာန်ရဲ သူမလက်ထဲကဒင်္ဂါးပြားလေးကို သေချာကြည့်လိုက်သည်။ ပြီးတော့ သူမကိုကြည့်သည်။ သူမက ခေါင်းလေးငုံ့လျက်သားပါ။

သူ့ရင်ထဲတွင် အမျိုးအမည်မသိသော လှုပ်ခတ်မှုတစ်ခုက တဖျပ်ဖျပ်ခါနေသည်။

"ယွန်းစံ . . . "

" . . . "

ပြန်မထူးသည့်ယွန်းစံကြောင့် သူ့ရင်တွေ ပိုထိန်းချုပ်ရခက်လာသည်။

"ယွန်းစံ . . . ငါ့ကို အဲ့ဒီဒင်္ဂါးပြားလေးပေးပါလား။ ငါတစ်သက်လုံး စောင့်ရှောက်သွားမှာ။ ဒါကြောင့် အဲ့ဒီဒင်္ဂါးလေးကို ငါ့ကိုပေးပါ"

ပိတ်မထားနိုင်သည့်အတူ သူ့ရင်ကိုဖွင့်ပစ်လိုက်တော့သည်။ သူရှိ့ကျိုးစွာ တောင်းခံမိသည်။ ယွန်းစံငြိမ်နေရာမှ လက်ကလေးလှုပ်လာသည်။ ဒင်္ဂါးပြားလေးကို ကျစ်ကျစ်ကလေးဆုပ်ကိုင်ပြီး သူ့ရှေ့ထိုးပေးလိုက်သည်။

"ဟင် . . . "

ချာန်ရဲကြောင်နေသေးသည်။ သို့သော် ချက်ချင်းပဲ နှလုံးသားနှင့် ဦးနှောက် အချိတ်အဆက်ရသွားပြီး . . .

"ငါ့ . . . ငါ့ကိုပေး . . . ပေးတယ် ဟုတ်လား။ ဒင်း . . . ဒင်္ဂါးပြားလေး ငါ့ကိုပေးတယ် . . . တကယ် . . . ဒါတကယ် . . ."

စကားတွေတောင် ထစ်ကုန်သည်။ ယွန်းစံခေါင်းငုံ့နေသည်။

"ယွန်းစံ . . . မော့ပါဦး၊ ခေါင်းမော့ပါဦး။ ဒါဆို ငါက နင့်ရည်းစားဖြစ်ပြီပေါ့ ဟုတ်လား"



ယွန်းစံ ခေါင်းလေးငုံ့လျက်သာ 'အင်း' ဟု တိုးတိုးလေးပြောရင်း ခေါင်းညိတ်ပြလိုက်သည်။

ချာန်ရဲသိပ်ပျော်သွားသည်။ လက်သီးတွေ ဘယ်ညာဝှေ့ယမ်းပြီးတောင် သူအားရပါးရပျော်နေသေးသည်။

"ဟား . . . ဟား . . . ငါယွန်းစံရည်းစားဖြစ်ပြီကွ။ ဟား . . . ဟား . . . ဟား . . ."

သူပျော်နေတာကိုသိတော့ ယွန်းစံလည်း အရမ်းပျော်ရပါသည်။ သို့သော် သူမ ဆွပုတ်ပုတ်နှင့်ခေါင်းမော့လာပြီး . . . .

"ဟင်း . . . လူကြားထဲ ကျောင်းရှေ့ကြီးမှာပြေးလာဖက်ပြီးမှတော့ ငါ့ရည်းစားလုပ်ရတော့မှာပေါ့ဟာ။ နို့မို့ဆို ငါက ဘယ်လိုလုပ်ရတော့မှာလဲ"

ထိုသို့ ပြုံစုစုအသံလေးသည် သူ့ရင်ကို ဆောင်းရာသီတစ်ခုလို တိုးဝင်အေးမြသွားစေသည်။

"ငါ . . . ငါလုပ်ရမှာပေါ့။ ငါ နင့်ကို အမြဲတမ်းကာကွယ်စောင့်ရှောက်ဖို့ နင့်ရည်းစားလုပ်မှာပေါ့"

"ဟွန်း . . ."

ယွန်းစံက မျက်နှာရှုံ့ပြတော့ သူကပြုံးသည်။

"ဒီလိုမှန်းသိရင် လူကြားထဲစောစောဖက်ပါတယ်"

"ဘာရယ်"

တိုးတိုးပြောသည့် ချာန်ရဲစကားကိုကြားပြီး ယွန်းစံက မျက်စောင်းထိုးသေးသည်။ လက်ထဲကဒင်္ဂါးလေးကို ငုံ့ကြည့်ငုံ့ကြည့်နှင့် သူပျော်နေတော့သည်။

'ဟေး' ခနဲ ထအော်လိုက်မိသေးသည်။ ထိုအခါ သူ့လက်ထဲမှ ဒင်္ဂါးပြားလေးမှာလွတ်၍ လေထဲမြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒင်္ဂါးပြားလေးပြန်ကျလာသောအခါ အသည်းပုံပါသော ဘက်သည် မြေပြင်မှာကျ၍ သူတို့မြင်ရသောအပိုင်းမှာ ဘာပုံမှမရှိ၊ နတ္ထိဗလာဖြစ်နေပါသည်။

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

ဒါ နိမိတ်ပုံတစ်ခုလေလား . . .။



အပ်နှံဖားပေါ်တယ်လေးပါပဲ။

ဒါပေမဲ့ ... ငါ

စကြဝဠာတစ်ခုလုံး ချောင်းကြည့်မြင်နိုင်ခဲ့ပါရဲ့ကွယ် ...။

မှုံးနေဝန်း၏ 'လူမိုက်မလေး'မှ ...



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

သူတို့ ချစ်သူရည်းစားဘဝသည် သက်တံ့တွေကိုဆွဲဖြောင့်၍ ထိုအပေါ်မှလမ်းလျှောက်ရသလို ရင်ခုန်ပျော်ရွှင်ဖွယ်ကောင်းခဲ့ပါသည်။

သူတို့ တစ်ရာတန်ရေခဲမုန့်ကို အတူတူစားကြသည်။ ဘတ်(စ်) ကားအတူစီးကြပြီး ပိုက်ဆံပြန်အမ်းဖို့ မေ့ချင်ယောင်ဆောင်နေသည့် စပယ်ရာကြီးကို မျက်စောင်းအတူတူထိုးကြသည်။

မိုးရွာသောအခါ ထီးသေးသေးလေးတစ်လက်အောက်ထဲ အတူ နိုဝင်အောင်းကြသည်။ သူလည်း မလုံခြုံ၊ ကိုယ်လည်း ရွှဲစို။ ဒါကို အကဲ ပိုသည်ဟုလည်း မထင်မိကြပါ။ သာယာဖွယ်အတိဟုသာ ခံယူမိကြ သည်။

သူ့မေဂျာ ကိုယ်လာစောင့်၊ ကိုယ့်မေဂျာ သူလာစောင့်နှင့် ဆရာမ တွေ မျက်စိနောက်အောင်နေကြသည်။ မြို့ထဲလျှောက်လျှောက်သွားကြ ပြီး ဗိုက်ဆာလျှင် ဒံပေါက်ဆိုင်ရှေ့က ဟိုလျှောက်လိုက် သည်လျှောက် လိုက်လုပ်ပြီး ဒံပေါက်အနံ့လေးအလွတ်ရမှ လမ်းဘေးက ခေါက်ဆွဲသုပ် ဝယ်စားကြသည်။



သူ့လက်ဖဝါးလေး ကိုယ်ကိုင်ထား၊ ကိုယ့်လက်ဖဝါးလေး သူ ဆုပ်ထွေးပြီး ကိုလွမ်းလူကြီးရှေ့မှ ဖြတ်လျှောက်ပြကြသည်။ ကိုလွမ်းလူ ကြီးက သူတို့ကိုကြည့်ကာ ထုံးစံအတိုင်း လွမ်းပါသည်။

ချစ်သူနှင့်ဆိုလျှင် စကားတွေ လျှောက်လျှောက်ပြောနေရတာ ကိုက ရသမြောက်နေပါသည်။

“ငါသာလေ ကာတွန်းကားတွေထဲကလို နှာခေါင်းကောက် ကောက်ကြီးနဲ့၊ မေးစေ့ကောက်ကောက်ကြီးနဲ့ တကယ့်စုန်းမကြီးဖြစ်သွား ရင် နင်ဘာလုပ်မှာလဲ”

ဈာန်ရဲ စဉ်းစားသည်။ ဘာလုပ်ရမလဲတော့ မသိ။ သို့သော် ဘာမလုပ်ရမလဲတော့ တွေးမိသည်။

“သေချာတာကတော့ ငါ . . . ”

“အင်း”

“တံမြက်စည်းကြီး မလုပ်တော့ဘူး”

“ . . . . ”

“နို့မို့ဆို နင်က ငါ့ကိုတက်စီးနေတော့မှာပေါ့”

ယွန်းစံ တခစ်ခစ်ရယ်တော့သည်။ သူမရယ်လျှင် ပါးမို့မို့လေး နှစ်ဖက်က သိမ့်သိမ့်တုန်လို့။ ယုန်ပေါက်ကလေး ခုန်ဆွခုန်ဆွပြေးနေ တာနဲ့တူလို့ . . .။

“ဟော့ . . . တောသူမ”

အဲသည်လိုခေါ်ရင်တော့ ယွန်းစံမကြိုက်ပါ။ သူမက စုန်းပညာ ကို စိတ်ဝင်စားသည်လေ။ စုန်းတွေကို မြန်မာတွေက ရွာသူဟုလည်း ခေါ်သေးသည်မဟုတ်လား။

ဈာန်ရဲကတော့ သူမကို ရွာသူဟုမခေါ်ချင်၍ ခုနလိုခေါ်လိုက် ခြင်းဖြစ်သည်။

သူမ မကျေနပ်ပါ။

ပါးစပ်လေးစိပွစိပွလုပ်ပြီး တစ်ကိုယ်ကြားရုံကြိတ်ဆဲသည်။



www.burmeseclassic.com

www.burmeseclassic.com

ချာန်ရဲ့မေးလောက်သည့်အချိန်မှ သူမက မျက်နှာတည်လေးနှင့်...

"ချာန်ရဲ့ နင်ငါ့ကိုချစ်တယ်ဆိုတော့ ငါကို တကယ်ကောလက်ထပ်မှာလား"

"အာ . . . ဘယ်လိုမေးလိုက်တာလဲ ယွန်းစံရာ၊ ယူမှာပေါ့ လက်ထပ်မှာပေါ့"

"သေချာတယ်နော်"

"သေချာတယ်ဟာ၊ တကယ်"

"ဟော့ . . . ဒါဆို တောသူမယောကျ်ားဟေ့၊ တောသူမယောကျ်ား"

အသံကျယ်ကြီးနှင့် လက်ခုပ်တီးပြီးထအော်ပါရော။ ခုနက သူ့ကို တောသူမဟုခေါ်ထားသဖြင့် ပြန်ကလဲ့စားချေခြင်းပေါ့။

ထိုင်နေသည့်နေရာကလည်း ကန်တင်းထဲမှာဆိုတော့ လူတွေက အများကြီး။ နံဘေးက ဘာမှလည်းမသိဘဲ ညာဏ်မင်း၊ ဘိတ်ကြီးနှင့် မိုးအောင်တို့ကပါ ထအော်ပါရော။

"တောသူမယောကျ်ားဟေ့၊ တောသူမယောကျ်ား တောသူမ ..."

လက်ခုပ်တွေတီးလို့ ချာန်ရဲ့ကိုကြည့်လို့ ဝိုင်းအော်နေကြတာ။

"တောသူမ ယောကျ်ားဟေ့၊ တောသူမ ယောကျ်ား . . ."

"ဟာ . . . ဟေ့ကောင်တွေ၊ အာ . . . ဒီကောင်တွေ . . ."

ဘယ်လိုပြောပြော မရပါ။

ချာန်ရဲ့မှာ ထ,ကရမှာလိုလို၊ ထွက်ပြေးရမလိုလိုကိုဖြစ်လို့။ အများကလည်းဝိုင်းကြည့်ပြီး ပြုံးလို့ရယ်လို့ပေါ့။

တစ်ခါတစ်ရံတော့လည်း ယွန်းစံ၏အနာဂါတ်အစီအစဉ်တွေက ချာန်ရဲ့အတွက် ကြက်သီးထစရာကောင်းရသည်။

"ချာန်ရဲ့၊ ငါတို့ မင်္ဂလာဆောင်ပြီးရင် အမေရိကကို ဟန်းနီးမွန်းထွက်ကြမယ်"

လေထဲ ရေကူးကန်ဆောက်ချင်နေပြန်ပြီ။



ယွန်းစံက အိတ်ထဲက စာရွက်ခေါက်လေးတစ်ခုကိုလည်း သူ့ကို ဖွင့်ပြလာသည်။ စာရွက်ပေါ်မှာက အိမ်ကလေးငါးအိမ်၏ပုံပါ။ အဲ့သည်အိမ်တွေကို လက်ညှိုးနှင့်ထောက်ပြပြီး . . .

"အမေရိကန်ရောက်ရင် ငါတို့ ဒီအိမ်တွေမှာတည်းမယ်"

"နင့်အမျိုးတွေအိမ်လား"

"ဟုတ်ပါဘူး"

"ဒါဆို ဘယ်သူ့အိမ်လဲ"

"အမေရိကန်က သရဲအခြောက်ဆုံးအိမ်ငါးအိမ်လေ"

"အာ . . ."

ချာန်ရဲ့မှာ ဖိန်းဖိန်းရှိန်းရှိန်းကြီးတောင် ဖြစ်သွားရသည်။ ဘယ့်နယ် ဟန်းနီးမွန်းညကို သရဲခြောက်တဲ့အိမ်တွေမှာ တည်းနေမယ်လို့။

"အဲ့ဒီဟန်းနီးမွန်းညမှာ နင်နဲ့ငါ သရဲတွေလိုက်ဖမ်းကြမယ်လေ"

"နင့်ဘာသာနင်ဖမ်း"

စိတ်ပေါက်ပေါက်နှင့် ချာန်ရဲ့ အဲသည်လိုပဲပြန်ပြောပစ်လိုက်သည်။ သရဲဖမ်းတာကို Romatic ဆန်တယ်လို့ ထင်နေသလားမသိ။ ဒီစုန်းမစုတ်ကလေးနှယ်။

"ငါက နင်နဲ့ မတွေ့ရတဲ့ရက်တွေဆိုရင် နင့်ဓာတ်ပုံလေးတွေကို ကြည့်ပြီးနေတယ်ဟ"

"ဟုတ်လား . . . ကြည့်ကြည့်၊ ကောင်းတယ်"

"နင်ကကော ငါနဲ့မတွေ့ဖြစ်တဲ့ စနေ၊ တနင်္ဂနွေတွေမှာ ငါ့ကို သတိရရင် ဘာလုပ်လဲ"

မဖြေဘဲ ဟဲဟဲဟဲဟဲနှင့် သူမရယ်နေသည်။ ပြောမလားလို့ စောင့်နေပေမဲ့ သူမက ရယ်မြဲရယ်နေသည်။

"ရယ်မနေနဲ့ ဖြေ"

"ငါလေ . . . "

"အင်း"



www.burmeseclassic.com

"နင်နဲ့ မတွေ့ရတဲ့ရက်တွေဆိုရင်လေ . . . ဟဲ ဟဲ"

တဟဲဟဲနှင့် မျက်နှာပိုးကို မသေ။

"အေး . . . ဘာဖြစ်လဲလို့ပြောလေ"

"နင်နဲ့ မတွေ့ရတဲ့နေ့တွေမှာဆို ငါ ဒိုင်ချည်းနေတာပဲ၊ ဟဲဟဲ နင့်ကို သတိရလို့လေ . . . ဟဲ ဟဲ ဟဲ"

ဒိုတဲ့အကြောင်းပြောတာလည်း တဟဲဟဲနဲ့။ ဈာန်ရဲမှာ ဖီးလ်ကို ငုတ်လိုက်တာ။

သို့သော် ယွန်းစံ သူ့ကိုဘယ်လောက်ချစ်လည်းဆိုသည့် အတိမ်အနက်ကိုတော့ မတိုင်းထွာရဘဲ သူမြင်မိပါသည်။

သူတို့ အချိန်အတော်များများတွင် ကျောင်းအလယ်က မိုးမခပင်ကြီးအောက်တွင် ထိုင်ဖြစ်ကြသည်။ ထိုအပင်အောက်မှာ ရန်ဖြစ်ကြသည်၊ ပြန်ချစ်ကြသည်။ ယွန်းစံပြောပြသည့် စုန်းကဝေပုံပြင်များကို သူနားထောင်ရတတ်သည်။ သူမပြောပြသည့်ပုံပြင်များထဲတွင် 'ခြေထောက်ယားတတ်သော စုန်းမကြီး' ပါသည့်ပုံပြင်ကို သူ အနှစ်သက်ဆုံးဖြစ်သည်။ သူမကတော့ ဖက်ကြောတက်သောစုန်းမလေးဖြစ်သည်။ ပုံပြင်တစ်ပုဒ်ဆုံးတိုင်း ဈာန်ရဲက သူ့ကိုနှိပ်ပေးရသည်။

ထိုအခါ ဖြတ်သွားဖြတ်လာများက သူတို့ကို ပြုံးပြုံးစေ့စေ့နှင့် ကြည့်သွားကြသည်။

မိုးမခပင်ကြီး၏ ညွတ်ကွေးသောအကိုင်းတို့အောက် သူတို့နှစ်ယောက် ပျော်ခဲ့ဖူးပါသည်။



## (၁၄)

သမိုင်းမေဂျာဘက်လည်း နှံ့နေအောင်ရှာပြီးပြီ။ ကျောင်းရှေ့လည်းသွားရှာပြီးပြီ။ ကျောင်းအလယ်က မိုးမခပင်ကြီးအောက်လည်း ရောက်ခဲ့ပြီ၊ မတွေ့။

ယခု ဈာန်ရဲ ကန်တင်းသို့ ဒုတိယအကြိမ်ထပ်ရှာရန် ရောက်လာခဲ့ပြန်ပြီ။

ကန်တင်းထဲတွင် ထက်ထက်နှင်းက သူမင်္ဂလာဆောင်ရင် ဂါဝန်အကြီးကြီးဝတ်ချင်ကြောင်း မိုးအောင်ကိုပြောပြနေသည်။ မိုးအောင်က မျက်နှာရှုံ့ရှုံ့နှင့် နားထောင်နေသည်။ ဉာဏ်မင်းက နိုင်ငံတကာ စုံထောက်ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကိုဘေးမှာချပြီး မေးစေ့ကိုပွတ်နေသည်။ ဘိတ်ကြီးက နီထွေးစာရှင်းပြတာကို နားထောင်နေသည်။

ဈာန်ရဲ ခုံကိုဆွဲကာဝင်ထိုင်လိုက်သည်။

"ယွန်းစံကော၊ အခုထိ ရှာမတွေ့သေးဘူးလား"

"အင်း . . . "

ဘိတ်ကြီးက ခေါင်းထောင်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ကေန္တ သူ တစ်ခုခုဖြစ်နေပြန်တာလား"

"ဘာ . . . "

ချာန်ရဲ ဆတ်ခနဲ ထရပ်မိသွားသည်။ သူ ဘာတွေဖြစ်ရပြန်ပြီလဲ။

ထိုအချိန်က ကန်တင်းထဲပြေးဝင်လာသူက ခတ္တာ။ ချာန်ရဲ စိုးရိမ်စိတ်နှင့် ဆီးမေးလိုက်သည်။

"ခတ္တာ . . . ခတ္တာ ပြော၊ ယွန်းစံ ဘာဖြစ်လို့လဲ"

ခတ္တာ အူကြောင်ကြောင်ဖြစ်သွားသည်။ ပြီးမှ သူဘာဖြစ်နေသလဲဆိုတာ ရိပ်မိပြီး ရယ်ပြုံးပြုံးသေးသည်။

"ယွန်းစံက ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ပါဘူးဟဲ့။ သူ့ရည်းစားစုန်းမလေးကို တော်တော်စိတ်ပူတတ်နေတယ် ဟုတ်လား"

ဒီတော့မှ ချာန်ရဲစိတ်အေးရသည်။ ခတ္တာက ဆက်ပြီးအားလုံးကိုကြည့်ကာ . . .

"ကဲ . . . အားလုံး ကျောင်းရှေ့ကို လာခဲ့ပါတဲ့။ ယွန်းစံက တစ်နေရာကို ခေါ်သွားစရာရှိလို့တဲ့။ သူ ကားပါတယ်"

"အိုး . . . သွားမယ်၊ ပျင်းနေတာနဲ့ အတော်ပဲ"

"သွားမယ် . . . ထ . . . ထ . . . "

အားလုံးတက်ကြွစွာပဲ ထထွက်လာကြပါတော့သည်။

ကျောင်းရှေ့ရောက်တော့ သူမက ကားနံဘေးမှာရပ်၍ ပြုံးပြုံးလေးစောင့်နေသည်။

"လာ . . . တက်၊ အားလုံး ကားပေါ်တက်"

ဘယ်သွားမှာလဲပင် မမေးကြ။ အားလုံး ကားပေါ်လုတက်ကြသည်။ သို့သော် ထိုအထဲတွင် ဉာဏ်မင်းမပါ။

"ဉာဏ်မင်း . . . တက်လေ"

"ဆောရီးဟာ ငါမအားလို့ နင်တို့ပဲသွားကြပါ။ ငါမပါလည်းဖြစ်တယ်မို့လား"

ယွန်းစံ ဉာဏ်မင်းကို ဘယ်လိုခေါ်ရမှန်းမသိတော့။ နီထွေးအား ထပ်ခေါ်သည်။

"နင်ပါ၊ပါတော့ ပိုကောင်းတာပေါ့ဟ"

"ဆောရီးဟာ၊ ငါ တကယ်အရေးကြီးကိစ္စရှိလို့"

ဘယ်တတ်နိုင်ပါ့မလဲ တာ့တာပြနှုတ်ဆက်၍ ကားကလေးက လိမ့်ထွက်လာခဲ့သည်။ ကားထွက်ပြီးအရှိန်ရလောက်မှ မိုးအောင်က ပြောသည်။

"အဲ့ကောင် ဉာဏ်မင်း၊ ဒီရက်ပိုင်းအတွင်း ဘာတွေအလုပ်ရှုပ်နေမှန်းမသိဘူးဟ။ တစ်ချိန်လုံးက ဘာစဉ်းစားနေမှန်းလည်းမသိဘူး"

"စုံထောက်ဝတ္ထုဖတ်တာများပြီး နည်းနည်းချောင်တောင်တောင်ဖြစ်သွားပြီထင်တယ် ဟား . . . ဟား . . . "

ခတ္တာက သူ့စကားနှင့်ရယ်သည်။

ကားရှေ့ခန်းက ယွန်းစံ၏နံဘေးမှာထိုင်သည့် ချာန်ရဲက . . .

"ယွန်းစံ၊ ငါတို့ကို ဘယ်ခေါ်သွားမလို့လဲ"

"အဟင်း . . .၊ ဒီနေ့ဘာနေ့လဲ နင်တို့မသိဘူးလား"

အားလုံးက တညီတညွတ်တည်းဖြေကြသည်။

"သိဘူး"

ဒီတော့လည်း သူမကဖြေပေးရသည်ပေါ့။

"ဒီနေ့ . . . "



www.burmeseclassic.com

www.burmeseclassic.com

## Halloween Day

"ဒီနေ့ ကမ္ဘာ့တစ္ဆေသရဲများနေ့လေ။ Halloween Day လို့ခေါ်တယ်"

စုန်းမလေးကတော့ လုပ်တော့မည်ဟု အားလုံး တွေးမိကြသည်။ အားလုံးက စိတ်ဝင်တစားနားစွင့်ကြတော့ သူမက ဆက်ပြောသည်။

"ဒီနေ့ကို အနောက်တိုင်းမှာဆိုရင် နိုင်ငံတကာရုံးပိတ်ရက်အဖြစ် တောင် သတ်မှတ်ထားကြတာတဲ့။ နှစ်စဉ် အောက်တိုဘာ (၃၁) ရက် ညနေဘက်မှာ ပွဲတော်အဖြစ် ကျင်းပလေ့ရှိတယ်။

အဲ့ဒီအချိန်ကျရင် ကလေးတွေက သရဲတွေလို ဝတ်စားဆင်ယင်ပြီးတော့ ချိုချဉ်တွေ၊ ချောကလက်တွေ လိုက်တောင်းကြတာတဲ့။ ငါတို့ဆီမှာ တန်ဆောင်မုန်းလပြည့် သူခိုးလပြည့်နေ့ကျရင် ကလေးတွေက အိမ်တွေမှာ အလှူလိုက်ခံကြ၊ ပိုက်ဆံကျပါဖျို့လို့ လိုက်အော်ကြသလို မျိုးပေါ့"



"အော် . . . အော် . . ."

"ပျော်စရာကြီးပဲဟာ၊ ဆက်ပြောပါဦး"

ကားမောင်းရင်းပင် သူမဆက်ပြောသည်။

"လူတွေရဲ့အရိုးကို မီးပုံရှို့တယ်လို့သဘောထားပြီး အိမ်အပြင်ဘက်မှာ ထင်းတုံးတွေကိုစုပြီး မီးပုံရှို့တာတို့၊ ထူးထူးဆန်းဆန်းဝတ်စားဆင်ယင်ပြီး ပွဲတော်ကျင်းပတာတို့၊ သရဲအိမ်သွားလည်တာတို့ လုပ်ကြတယ်"

အိုင်းရစ်စကားနှင့် Samhin ဟုခေါ်သည့် ရှေးခေတ် Celtic (ခက်လ်ထစ်ခ်) ပွဲတော်က အစပြုသည်ဟုလည်းဆိုကြကြောင်း သူမက ဆက်ပြောသည်။ အိုင်းရစ်လူမျိုးများသည် သူတို့၏ (Gealic) ယဉ်ကျေးမှုအရ ကောက်ရိတ်ရာသီအကုန်တွင် ထိုပွဲတော်ကို ကျင်းပကြသည်။

ရှေးခေတ်ဘာသာမဲ့ (ခက်လ်ထစ်ခ်) များသည် အသားစုဆောင်းသိုလှောင်သည့်ပွဲဟုလည်း ခေါ်သေးသည်။ လူသေများနှင့်လူရှင်များကို ရောနှောနေခြင်းမရှိရန် စည်းခြားပေးသည့် နေ့တစ်နေ့ဟုလည်း ယုံကြည်ကြသည်။

ဝိညာဉ်နှင့်ခန္ဓာတွဲလျက် ရှင်သန်နေသော လူသားတို့အား နာမကျန်းဖြစ်စေရန်၊ ကောက်ပဲသီးနှံများပျက်စီးစေရန် သေဆုံးပြီးသူတွေက စွမ်းဆောင်နိုင်သည်ဟု သူတို့က ယုံကြည်ထားကြသေးသည်။

လူတွေက သရဲများကို ပြန်ခြောက်သည့်နေ့ဟုလည်း ခေါ်ကြောင်း သူမက ရှင်းပြသည်။

"အာရှမှာတော့ ဂျပန်မှာ ကျင်းပတယ်တဲ့လေ"

စကားအဆုံးမှာပဲ သူမမောင်းလာသည့်ကားလေးသည် ရှော့ပင်းစင်တာကြီးတစ်ခုရှေ့သို့ ရောက်ရှိနေပြီဖြစ်သည်။

လူများစွာ စည်ကားနေသည်။ ရောင်စုံမိုးပျံပူဖောင်းများ၊ ရေခဲမုန့်ကိုင်ထားသော ကလေးငယ်များနှင့် ကုန်တိုက်ကြီး၏ရှေ့သည် ပျော်ရွှင်ဖွယ် စည်ကားနေပြီ။ ထူးခြားသည်က Halloween Day ဟူသည့်



www.burmeseclassic.com

www.burmeseclassic.com

စာလုံးကြီးကို ဗီနိုင်းစကြီးများနှင့် တခမ်းတနား ချိတ်ဆွဲထားခြင်းပင်ဖြစ်သည်။

ကမ္ဘာ့တစ္ဆေသရဲများနေ့ အထူးဈေးရောင်းပွဲတော်ဟူသည့် ဆိုင်းဘုတ်ကြီးက ဆွဲဆောင်မှုအရှိဆုံးနှင့် အထင်ရှားဆုံးဖြစ်နေသည်။

ကုန်တိုက်အဝင်ဝတွင်လည်း သရဲဝတ်စုံ ဖားယားကြီးဝတ်၊ ဆံပင်စိမ်းဝါဝါနှင့် သရဲမျက်နှာဖုံးခေါင်းစွပ်ကို ဝတ်ထားပြီး ကုလားမခြေထောက်ရှည်ကြီးများနှင့် ညှော်သည်များကို ဖိတ်ခေါ်နေသော ဧည့်ကြိုလူများလည်း ရှိသည်။ ကလေးများက ထိုသရဲရုပ်နှင့် လူများကိုကြည့်၍ ကြောက်လန့်ခြင်းမရှိဘဲ ပြုံးရယ်၍ စိတ်ဝင်စားနေကြသည်။ လူကြီးတွေကလည်း ပြုံးကြသည်။

ရှုပ်ထွေးစည်ကားသော ပွဲတော်မြင်ကွင်းက အားလုံး၏စိတ်ကို တဖြည်းဖြည်း မြူးကြွလာစေတော့သည်။

"လာ . . . ကုန်တိုက်ထဲကို ဝင်ကြမယ်"

ဘိတ်ကြီး၏ အားတက်သရော နှိုးဆော်သံအဆုံးမှာ အားလုံးက တက်ကြွစွာ ခြေလှမ်းပြင်ကြတော့သည်။ ယွန်းစံက . . .

"အေး . . . ဝင်ကြမယ်။ ငါတို့ဦးတည်ရမယ့်နေရာကတော့ တတိယထပ်က ကစားကွင်းရှိတဲ့နေရာဟ"

"ဟင် . . . အဲ့ဒီနေရာကို ဘာဖြစ်လို့သွားမှာလဲ"

ဈာန်ရဲအမေးကို သူမ မဖြေဘဲ ပြုံးစေ့စေ့လုပ်ပြသည်။ ဟိုရောက်ရင်ကြည့်ပေါ့ ဟူသည့်သဘော။

စက်လှေကားတိုးဝှေ့စီးကြပြီး တတိယအထပ် ရောက်ခဲ့သည်။ တတိယအထပ်မှာတော့ လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေပါပြီ။

သမီးရည်းစားတို့အတွက် **Halloween Day** ရဲ့
ပျော်ရွှင်စရာပြိုင်ပွဲလေး



ထိုဆိုင်းပုဒ်ကိုလည်း အားလုံးက မြင်လိုက်ကြသည်။

မြင်မြင်ချင်းပဲ စိတ်လည်းဝင်စားသွားကြသည်။

ဒီတော့မှ ယွန်းစံက အားလုံးကိုဝေ့ကြည့်ပြီး ဈာန်ရဲဆီရောက်မှ အကြည့်ရပ်ကာ . . .

"ငါ စာရင်းပေးထားတယ် ဈာန်ရဲရဲ့။ နင်နဲ့ငါ ဒီသမီးရည်းစား သရဲများနေ့ကစားပွဲမှာ ဝင်ပြိုင်ဖို့လေ"

"ဟုတ်လား"

ယွန်းစံ၏ ကြိုတင်စီစဉ်ထားမှုကို ဈာန်ရဲ အံ့သြသွားသည်။ ပျော်လည်း ပျော်သွား၏။ ယွန်းစံကို တစိမ့်စိမ့်ကြည့်ရင်း သူ့မှာ ကြည့်နူးနေမိသည်။ ယွန်းစံကလည်း ပြုံးပြုံးလေးနှင့် သူ့အကြည့်ကိုမလွှဲမိ။

"ဟဲ့ . . . ဟဲ့ . . . ဟိုနှစ်ကောင်၊ လူကြားထဲ သဲမနေနဲ့"

သူငယ်ချင်းများက မျက်စောင်းထိုးပြီး တားရသေးသည်။ ဘာကယ်တော့ သူတို့လည်း ဈာန်ရဲနှင့်ယွန်းစံတို့နှစ်ယောက်၏ကြည်နူးမှုကို ကူးစက်ခံစားရကာ ပြုံးဖြစ်နေမိကြလေသည်။

သူတို့ရှေ့လှမ်းလှမ်းတွင် စတိတ်စင်ကြီးရှိသည်။ စတိတ်စင်ကြီးက အရောင်တောက်ဖဲကြိုးများ၊ ပူဖောင်းများ၊ သရဲပုံစတစ်ကာများနှင့် ရှုပ်ထွေးစွာ ဒီဇိုင်းဆင်ထားသည်။ ထိုစတိတ်စင်၏ နံဘေးခပ်ကွာကွာတွင် အရုပ်ကောက်သည့်စက်ကြီးရှိသည်။ ထိုစက်ကြီး၏နံဘေးဘက်တွင်တော့ 'သရဲအိမ်' ရှိလေသည်။

စတိတ်စင်ရှေ့တွင် လူတွေ ကျိတ်ကျိတ်တိုးရှိနေကြသည်။ စတိတ်စင်ဘေးတွင်တော့ ပြိုင်ပွဲဝင်မည့်စုံတွဲများ ရှိနေကြသည်။

"ငါတို့ ဘယ်လိုတွေပြိုင်ရမှာလဲ"

"အဲ့ဒါတော့ ငါလည်း မသိသေးဘူး။ ပြိုင်ပွဲစမှသိမှာပဲ"

ထိုစဉ်မှာပဲ စတိတ်စင်ဘက်က အသံတစ်သံကထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆောင်ရှာန်ရဲ့ မန္တေးယွန်းယွန်းစံတို့စုံတွဲ ရောက်ပါပြီလားရှင်"

ပြိုင်ပွဲ၏ မိုက်ကရိုဖုန်းဖြင့် အော်သည့်အသံဖြစ်သည်။

"ဟာ . . . ငါတို့ကိုခေါ်နေပြီ"

သူတို့ စတိတ်စင်ရှေ့သို့ အမြန်ပြေးကြတော့သည်။

ဘိတ်ကြီး၊ နီထွေး၊ ခတ္တာ၊ မိုးအောင်နှင့် ထက်ထက်နှင်းတို့လည်း အားရပါးရအားပေးရန် ရှေ့သို့တိုးခဲ့ကြသည်။

မကြာခင် ကစားပွဲစတော့မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စုံတွဲက ဆယ်တွဲတိတိဖြစ်ပါသည်။ စုံတွဲတစ်တွဲကို နံပါတ်တစ်ခုစီ ချိတ်ထားပေးသည်။ ဈာန်ရဲနှင့်ယွန်းစံတို့အတွဲက နံပါတ်ရှစ်ဖြစ်သည်။

"ပြိုင်ပွဲကို နှစ်ပိုင်းခွဲထားပါသည်။ ပထမပိုင်းကတော့ စုံတွဲထဲက အမျိုးသားတွေပြိုင်ရမှာပါ။ အဲ့ဒီပြိုင်ပွဲကတော့ bobbing for apple လို့ခေါ်တဲ့ ပန်းသီးရေမျော ကစားနည်းပါ။

ရေလှောင်ကန်ထဲမှာ ပန်းသီးတွေမျောနေတာကို လက်နဲ့မကိုင်ဘဲ ပါးစပ်နဲ့ကိုက်ပြီး ဆယ်ရတဲ့ ကစားနည်းပါ။ ပန်းသီးတစ်လုံးဆယ်နိုင်ရင် တစ်မှတ်ရမှာဖြစ်ပါတယ်။ အချိန်ကတော့ ဆယ်မိနစ်သတ်မှတ်ထားပါတယ်။ မကြာခင် ပြိုင်ပွဲရဲ့ပထမပိုင်း စတော့မှာဖြစ်တဲ့အတွက် စုံတွဲမှအမျိုးသားများ နေရာယူပေးကြပါ"

"ဟေး . . ."

"ဟေး . . ."

အော်သံတွေ ညံကုန်တော့သည်။

ရေအပြည့်ထည့်ထားသော ဖန်ပေါင်းချောင်ကြီးပတ်ပတ်လည်တွင် ဈာန်ရဲတို့ပြိုင်ပွဲဝင်များ နေရာယူကြသည်။

ဈာန်ရဲ သူငယ်ချင်းတွေဘက်ကြည့်မိတော့ ဘိတ်ကြီးတို့က အာလုပ်သံကြီးနှင့် ဈာန်ရဲ၊ ဈာန်ရဲဟု အော်ဟစ်အားပေးနေကြသည်။ ယွန်းစံလည်း အမူအရာတစ်မျိုးလေးနှင့် လက်သီးဆုပ်ပြသည်။ ကြိုးစားထားဟုသည့်သဘော။ သူ အားတွေတက်လာသည်။

ဖန်ပေါင်းချောင်ထိပ်မှနေ၍ လူနှစ်ယောက်က ပန်းသီးလေးများကို မျှောချပေးသည်။ ထိုဖန်ပေါင်းချောင်ထိပ်တွင် ရေဒလက်ကလေးတစ်ခုလည်း တပ်ထားသည်ဖြစ်ရာ ရေတွေက စီးရွေ့နေတော့သည်။

ပြိုင်ပွဲဝင်တွေမှာ ပန်းသီးတွေကို ပါးစပ်နှင့်ကုန်းကာ လုကိုက်ကြပြီး လက်ကကိုင်ထားသည့်ခြင်းထဲသို့ ပြန်ထွေးထည့်ကြသည်။

"လုပ်ထား . . . လုပ်ထား"

"ဟော့ကောင် . . . တစောင်းကိုက်ကွ"

"တည့်တည့်ကိုက်"

"ပါးစပ်ဖြဲပါဟ"

စီးမျောနေသည့် ရေထဲကပန်းသီးများကို ကိုက်ဆယ်ရသည့် အလုပ်မှာ ထင်သလောက်မလွယ်လှပါ။ ပန်းသီးက အရမ်းမကြီးသော်လည်း ပါးစပ်၏ ဖြဲဆန့်နိုင်မှုထက်စာရင်တော့ ကြီးနေပါသည်။ ထို့ကြောင့် ပါးစပ်ကို အသားကုန်ဖြဲကာ ကိုက်ရသည်။ ဒါလည်း ချော်ချော်ပြီး လွတ်သွားသည်။

အမေမွေးကတည်းက ပါလာသည့်ပါးစပ်ကလည်း ဒီထက်ပိုပြီးမဖြဲနိုင်တော့ ခက်ရပြီပေါ့။ နောက်ပြီး တစ်ယောက်တည်း စိမ်ပြေနပြေ ကိုက်ရသည်မဟုတ်။ လုယက်ကိုက်နေရသည်မို့ မလွယ်မလွယ်၊ လုံးဝကိုမလွယ်တော့။

"ဟား . . . ဟား . . . ဟား . . ."

ပွဲကြည့်သူတွေက ဝိုင်းရယ်ကြသည်။ ပြိုင်ပွဲဝင်တစ်ယောက် ပန်းသီးကို အားရပါးရကိုက်လိုက်ရာ သွားရည်တွေအတန်းလိုက် ထွက်ကျသွားခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟား . . . ဟား . . . ဟား . . . ဟိုမှာလည်းတစ်ယောက်"

"ဟား . . . ဟား . . . ပန်းသီးကိုမကိုက်ဘဲ နှာခေါင်းနဲ့တိုက်နေတယ်ဟေ့"

ဟုတ်ပါသည်။ ပြိုင်ပွဲဝင်တစ်ယောက်မှာ ပန်းသီးကို အားကိုးမာန်တက်ကိုက်နေသော်လည်း ပန်းသီးကခုန်ခုန်လွတ်ပြီး သူ့နှာခေါင်းကိုသာ တတုန်တုန်နှင့် တိုက်နေရှာသည်။

ရယ်သံတွေတဝေါဝေါနှင့် ပွဲကျနေတော့သည်။

သတ်မှတ်ထားသောအချိန်ကလည်း ပြည့်တော့မည်။ ပြိုင်ပွဲကပြိုင်ဆိုင်လွန်းလှသည်။

ဈာန်ရဲရှေ့ကလူက ပါးစပ်ပြသည်။ ထို့ကြောင့် ဈာန်ရဲထက်ပန်းသီးတွေပိုကိုက်နိုင်နေသည်။ ဖြစ်ချင်တော့ ထိုလူကြီးက ပါးစပ်ပေါက်တင်မက နှာခေါင်းပေါက်ပါကျယ်နေသည်။ ရေတွေ နှာခေါင်းထဲဝင်တာ မခံနိုင်သဖြင့် ခေါင်းမော့ပြီး ပြန်ပြန်မှုတ်ထုတ်တာနှင့် အချိန်ပုပ်နေတော့သည်။

နံရံတွင်ဖော်ပြထားသော နာရီမှ ဂဏန်းကလေးများကလည်း တတစ်တစ်နှင့် လျှင်မြန်စွာ ကုန်ဆုံးနေပြီ။ အချိန်ပြည့်ရန် လုံး၀ အနီးဆုံးအချိန်။

"ဟင်"

"ဟင်"

အားလုံး၏အကြည့်က ရေကန်၏အလယ်ကို ရုတ်ခြည်း ဆိုက်ရောက်သွားသည်။ ရေကန်အလယ်မှာတော့ နောက်ဆုံးပန်းသီးလေးတစ်လုံး။ ရေစီးထဲမှာ ချာချာလည်ရွေ့လို့။ ထိုပန်းသီးလေးတစ်လုံးကိုဝိုင်းလုရတော့မည်ဟူသောအသိက သူတို့ကို အာမေဋိတ်သံတွေ ထွက်သွားစေသည်။

"ဝုန်း"



ခနဲ ပန်းသီးကို ဝိုင်းလုကိုက်ပစ်ကြတော့သည်။ ခေါင်းတွေအချင်းချင်းလည်း တဂွတ်ဂွတ်ရိုက်ကုန်သည်။ ထိုအထဲမှာ ဝီရိယလွန်သွားသူက ဈာန်ရဲ။

အားရပါးရကုန်းအကိုက် တစ်ကိုယ်လုံး အရှိန်လွန်သွားတော့သည်။

"ဝုန်း . . ." ခနဲ။

"ဟိုက်"

"အိုး"

အာမေဋိတ်သံတွေ ညံကုန်တော့သည်။

ထိုအသံတွေပြီးတော့ Pause နှိပ်ခံထားရသလို အားလုံး ငြိမ်သက်ကုန်ကြသည်။ အကြည့်တွေကတော့ ရေကန်ဆီသို့ . . . ။

မသွေမတိမ်းကြည့်နေကြ။

"ဗွမ်း"

ခနဲ ရေထဲက ဈာန်ရဲ ပြန်ထွက်လာသည်။

"ဟေး . . ."

"ဟေး . . . ဟေး . . ."

ပျော်ရွှင်စွာ အော်ဟစ်ကုန်ကြသည်။ ဈာန်ရဲပါးစပ်ထဲမှာ ပန်းသီးတစ်လုံးကို ကိုက်လျက်ပါလာသည်။ ထိုသို့ ပန်းသီးကို သက်စွန့်ဆံဖျားခိုင်ဗင်ထိုးလုမ်းခုန်ဖမ်းနိုင်သဖြင့် ပရိသတ်တွေက တဟေးဟေးနှင့် အော်ဟစ်အားပေး ဂုဏ်ပြုခြင်းဖြစ်သည်။ သူလည်း ပီတိတွေဖြာပြီး ဂုဏ်ယူနေမိသည်။ သို့သော် သူပျော်လို့မှမဆုံးသေး . . .

"ဟာ . . ."

ပရိသတ်တွေအားလုံး၏ 'ဟာ' သံကြီး အတော်ကျယ်လောင်သွားလေတော့သည်။

ဈာန်ရဲပါးစပ်ထဲကပန်းသီး ပွဲကျသွားခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တိ . . ."

လျှပ်စစ်ခေါင်းလောင်းကြီး၏ အချိန်စေ့သံက တုန်တုန်ခါခါ ထွက်ပေါ်လာခဲ့ပြီ။

အမှတ်ပေးဒိုင်လူကြီးက ချာန်ရဲကို စိတ်မကောင်းစွာ ခေါင်းရမ်းပြသည်။

"ဝမ်းနည်းပါတယ်။ ပန်းသီးက တစ်ခြမ်းပဲပါလာတာဆိုတော့ အမှတ်ပေးလို့ မရတော့ပါဘူး"

"ဗျာ"

ခဲလေသမျှ သဲရေကျသလို ဖြစ်နေခဲ့ပြီ။

"ပန်းသီးတစ်ဝက်ပါတာပဲဗျာ ကျွန်တော် (½) အမှတ်လောက်တော့ ရရမှာပေါ့"

ချာန်ရဲ ဒိုင်ကို ဈေးသွားစစ်နေသည်။

ပွဲကြည့်သူတွေက ဝိုင်းရယ်ကြသည်။

အဖြစ်ကလည်း ဘယ်လိုကြီးမှန်းမသိ။ ချာန်ရဲ အောင့်သက်သက်ကြီးကို ခံပြင်းလို့။

"(၁/၂)မရရင် (၁/၄)လောက်တော့ပေးဗျာ"

ဇွတ်ဂျစ်ပြီး ဈေးလိုက်စစ်နေသည်။ ချာန်ရဲကြောင့် ပရိသတ်တွေ ရယ်သံမဆုံးတော့။ နောက်ဆုံး သူငယ်ချင်းတွေကတောင် လာဆွဲထားရတော့သည်။

"ငါ တစ်ဝက်ကိုက်မိတာပဲ၊ အမှတ်နည်းနည်းလေးတော့ ရရမှာပေါ့"

သူငယ်ချင်းတွေက ဗိုက်နှိပ်ရယ်ကြသည်။

"အေးပါကွာ . . . အေးပါ"

မိုးအောင် ပြောလည်းပြော၊ ရယ်လည်းရယ်သည်။

"ငါ့ရည်းစားလေးကို မရယ်ကြပါနဲ့ဟ။ ခစ် . . . ခစ်"



"ယွန်းစံရာ နှင်စဉ်းစားကြည့်ပါလား။ ငါ နှစ်ပိုင်းတစ်ပိုင်းလောက်တော့ . . . "

"တော်ပါတော့ ချာန်ရဲရယ်"

ချာန်ရဲ ရေထဲထိုးကျသွားသည့်ပုံ၊ ပါးစပ်ထဲက ပန်းသီးကြီးပဲ့ကျလာသည့် ပုံ၊ ဒိုင်လူကြီးဆီက မျက်စိကလည်နှင့် အမှတ်လိုက်ကောင်းပုံတို့ကအစ အားလုံးအတွက် ပွဲကျစရာတွေ ဖြစ်နေတော့သည်။

ဒိုင်တွေက ခုနက ပြိုင်ပွဲဝင်များဆယ်ထားသည့် ပန်းသီးတွေကို ရေတွက်ကြသည်။ ခဏကြာသောအခါ ပန်းသီးအများဆုံးဆယ်နိုင်သော ပြိုင်ပွဲဝင်ကို ကြေညာတော့သည်။

"ပန်းသီးအလုံးရေ တစ်ဆယ့်သုံးလုံးနှင့် အများဆုံးဆယ်နိုင်ခဲ့တဲ့ bobbing for apple ကစားနည်းရဲ့ ချန်ပီယံကတော့ . . ."

အားလုံး စိတ်တွေစောနေကြပြီ။ အသံတွေတိတ်ကာ စောင့်နေကြသည်။

"ပြိုင်ပွဲဝင်နံပါတ် (၃)ပါပဲရှင်"

ပြိုင်ပွဲဝင်နံပါတ် (၃) က ထ,လက်ရုံးတန်းကာ အောင်ပွဲခံလေပြီ။ ပြိုင်ပွဲဝင်နံပါတ် (၃) မှာ ပြိုင်ပွဲတုန်းက ချာန်ရဲရှေ့မှနေရာယူသည့် ပါးစပ်ပြဲပြဲနှင့်လူဖြစ်သည်။

ဒိုင်လူကြီးက တခြားပြိုင်ပွဲဝင်တွေ၏ရမှတ်ပါ ကြေညာတော့ ချာန်ရဲ ခံစားရခက်တော့သည်။ ချာန်ရဲက (၁၂)မှတ်နှင့် ဒုတိယနေရာရသွားခြင်းဖြစ်သည်။ တစ်လုံးတည်းနှင့် ကပ်ခံလိုက်ရခြင်းပင်ဖြစ်သည်။

"တောက် . . . ကွာ . . . နောက်ဆုံး ငါကိုက်တဲ့တစ်လုံး ပဲ့မသွားရင် ပြီးပြီကွာ"

ချာန်ရဲ အခုထက်ထိ မကျေမချမ်းဖြစ်နေဆဲပါ။

သူငယ်ချင်းတွေက ပခုံးပုတ် အားပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်း အကောင်းဆုံးလုပ်ခဲ့တာပဲ။ စိတ်မပူပါနဲ့ကွာ။ ယွန်းစံအလှည့် ကျန်သေးတာပဲ"

ပြိုင်ပွဲက အမျိုးသားအမျိုးသမီးပြိုင်ပွဲ နှစ်ခုလုံးပြီးမှ စုစုပေါင်း အမှတ်နှင့် ဆုရွေးချယ်မှာဖြစ်သည်။ ဈာန်ရဲ တစ်မှတ်တည်းနှင့်ကပ်၍ အရေးနိမ့်ခဲ့ရသော်လည်း ယွန်းစံအလှည့်ကျန်သေး၍ ချန်ပီယံမျှော်လင့်ချက်က ရှိနေပါသေးသည်။

မကြာခင် ပြိုင်ပွဲ၏ဒုတိယပိုင်းစတော့သည်။ ဈာန်ရဲအနားမှခွာ၍ ယွန်းစံလည်း စတိတ်စင်အနောက်ထဲသို့ ဝင်သွားသည်။

ခဏအကြာတွင် အစီအစဉ်တင်ဆက်သူအမျိုးသမီး၏ အသံ ထွက်ပေါ်လာသည်။

"ပြိုင်ပွဲဝင်အမျိုးသမီးများရှင့်၊ ပြိုင်ပွဲဝင်နံပါတ်အလိုက် စင်ပေါ်ရှိခုံများသို့ တစ်ဦးချင်းစီ တက်ရောက်နေရာယူပေးကြပါရန် ဖိတ်ခေါ်ပါတယ်ရှင့်"

ပြိုင်ပွဲဝင်နံပါတ်တစ်ကစပြီး တက်လာသည်။ ဟေး . . . နံပါတ်တစ်၏ပရိသတ်တွေ၊ သူငယ်ချင်းတွေက ဝိုင်းအော်ကြသည်။ ပြိုင်ပွဲဝင်တွေ စင်ပေါ်တက်လာပုံက ရိုးရိုးမဟုတ်ချေ။ သရဲတစ္ဆေကဲ့သို့ ဝတ်စားဆင်ယင်၍ တက်လာကြခြင်းဖြစ်သည်။ (Gothic)ဖက်ရှင်ဟု ဆိုရမည်။

ပြိုင်ပွဲဝင်များနေရာယူပုံကကို ဖက်ရှင်ရှိုးလိုဖြစ်နေပြီး လူတွေကလည်း တဟေးဟေးနှင့် အားပေးကြသည်။

"ယခုနေရာယူမည့်သူကတော့ ပြိုင်ပွဲဝင်နံပါတ်ရှစ် နွေယွန်းယွန်းစံ ဖြစ်ပါတယ်ရှင်"

"ဟေး . . ."

"ဟေး . . ."

ဈာန်ရဲတို့ကလည်းအော်သလို တခြားသူတွေကလည်း ဝိုင်းအော်ကြသည်။ တကယ်တမ်း ယွန်းစံထွက်လာသောအခါမှာတော့ အော်



သံတွေက ငြိမ်ကျသွားတော့သည်။ ခဏလောက်တိတ်ဆိတ်ပြီးမှ အသံတွေ ပြန်လှုပ်ရှားလာသည်။

"လှတယ်ဟေ့"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ချစ်စရာလေးကွ"

လက်ခုပ်သံတွေလည်း တစ်ခဲနက်၊ ချီးကျူးသံတွေလည်း ညံထွက်လာတော့သည်။ တခြားသူများမဆိုထားနှင့် ဈာန်ရဲပင် ဒီတစ်ခါတွေ့ရသော ယွန်းစံ၏အလှကို မှင်တက်သွားမိသည်။ ဝတ်ထားသည်ကတော့ မော်ဆန်ဆန်ဖက်ရှင်ပါပဲ။ မျက်လုံးလေးတွေကို နက်နေအောင်ခြယ်ထားသည်။ မျက်တောင်မွေးလေးများက ငွေရောင်တလက်လက်တောက်နေသေးသည်။ အနက်ရောင်ဂါဝန်ရှည်ကြီးကို ဝတ်ထားပြီး အနက်ရောင်ဦးထုပ်ရှည်ကြီးကိုတော့ မဆောင်းထားဘဲ လက်မှာကိုင်ထားသည်။

"ဈာန်ရဲ . . . နင်ရည်းစားရတာ အရမ်းကံကောင်းတာပဲ"

နံဘေးကခင်ဗျာက အားကျသံနှင့် ချီးကျူးသည်။ ဒီတော့ ဈာန်ရဲလည်း ဖီးလ်တက်သွားပြီး . . .

"ဟား . . . ဟား . . . အဲ့ဒါ ငါ့ရည်းစားလေ . . . ငါ့ရည်းစားကွ . . . ဟား . . . . ဟား . . . "

နည်းနည်းအော်ပြောမိတော့ နံဘေးက (ခုနက bobbing for apple ပြိုင်ပွဲတုန်းက ပထမရသည့်) ပါးစပ်ပြဲပြဲနှင့်လူက . . .

"အဲ့ဒါ မင်းရည်းစားလား"

ပါးစပ်ပြဲကြီး၏ စကားပြောဟန်က ကလိတိတိ၊ ခနဲ့တဲ့တဲ့အသံနှင့်ဖြစ်နေတော့ ဈာန်ရဲလည်း ခပ်မာမာပဲ ပြန်ပြောပစ်လိုက်သည်။

"ဟုတ်တယ်။ အဲ့ဒါ ကျုပ်ရည်းစားပဲ"

"ဟွန်း . . . သေးသေးလေး"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassic.com

"လူကောင်ကလည်း သေးသေးလေးလို့ပြောတာ"

"ဘာဖြစ်လဲ . . . ဘာဖြစ်လဲ"

အလကား . . . သူများရည်းစားလန်းတာကို မနာလိုဖြစ်နေတာဟု ချာန်ရဲစိတ်ထဲမှ တွေးပစ်လိုက်သည်။

ပြိုင်ပွဲဝင်ကောင်မလေးတွေတော့ ခုံအသီးသီးမှာ နေရာယူပြီးကြပြီ။ ပြိုင်ပွဲက တစ်ယောက်ချင်းစီကို အလှည့်ကျမေးခွန်းတစ်ခုစီ မေးခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်တစ်ယောက်သည် မေးခွန်းသုံးခုအပြီးမှာမှ တစ်ခုမဖြေနိုင်ခဲ့လျှင် စင်ပေါ်က ဆင်းပေးရ (ပြိုင်ပွဲက ထွက်ပေးရ) မည်ဖြစ်သည်။ မေးခွန်းဆယ်ခုသာမေးတော့မည်ဖြစ်ပြီး နီးရာလူစနစ်နှင့် ဖြေဆိုရတော့မည်ဖြစ်သည်။

ပြိုင်ပွဲစတင်ပြီ။

"ပြိုင်ပွဲဝင်နံပါတ်တစ် ဖြေပါ။ ကမ္ဘာ့သရဲအပေါဆုံးက ဘယ်မြို့ပါလဲ"

"လန်ဒန်မြို့ပါ"

လက်ခုပ်သံတွေ ညံထွက်လာသည်။

"ပြိုင်ပွဲဝင်နံပါတ်နှစ် ဖြေပါ။ ဗြိတိန်ပြည်က သတ္တုတွင်းတွေထဲမှာခြောက်တတ်တဲ့ သရဲတစ်မျိုးရှိပါတယ်။ အဲ့ဒီသရဲရဲ့အမည်ကို ဖော်ပြပါ"

မေးခွန်းတွေက နိုက်နိုက်ချွတ်ချွတ်တွေဖြစ်နေသည်။ ကောင်မလေးက အူကြောင်ကြောင်နှင့် ဖြေနိုင်ပုံမရ။ အချိန်စေ့တော့ ခါးနံပါတ်သုံးက ဝင်ဖြေသွားသည်။

"(knocker) နော့ကာလို့ခေါ်တဲ့ သရဲပါ"

အဖြေမှန်သွားသည်မို့ လက်ခုပ်သံများ ညံထွက်လာပါသည်။ ဒီတစ်ခါပြိုင်ပွဲကတော့ (bobbing for apple) ပြိုင်ပွဲတုန်းကလို တဟေးဟေး အော်ဟစ်အားပေးရ၊ ပျော်ရွှင်ရယ်မောနေရသော ပြိုင်ပွဲမဟုတ်။



စိတ်လှုပ်ရှားစွာ၊ စိတ်ဝင်စားစွာနှင့် နားစွင့်နေရသော ပြိုင်ပွဲဖြစ်သည်။ ဗဟုသုတ်များအတွက် ကိုယ်မသိသေးတာများကိုလည်း ကြားသိရသည်။

တဖြည်းဖြည်းနှင့် ယွန်းစံအလှည့်သို့ ရောက်လာခဲ့သည်။

"ပြိုင်ပွဲဝင်နံပါတ်ရှစ် ဖြေပါ။ အပြည်ပြည်ဆိုင်ရာ တစ္ဆေဖမ်းဆီးသူများအဖွဲ့ (International Ghost Hunters Society) ကို ဘယ်နှခုနှစ်က ဖွဲ့စည်းခဲ့တာပါလဲ၊ ဘယ်သူတွေက ဖွဲ့စည်းခဲ့တာပါလဲ"

ယွန်းစံ ငြိမ်နေသည်။

ချာန်ရဲတို့ကလည်း မရိုးမရွဖြစ်နေသည်။

"တောက် . . . ယွန်းစံအလှည့်ကျတော့ မေးခွန်းက ခက်လိုက်တာ"

"အေးကွာ . . . ချီး . . . ဘာတွေမှန်းမသိဘူး"

ယွန်းစံက အချိန်မစေ့ခင် ပြုံးပြုံးလေး ဖြေနိုင်လိုက်ပါသည်။

"၁၉၉၆ ခုနှစ်မှာ Dave Oester နဲ့ သူ့သားတို့က ဖွဲ့စည်းခဲ့တာပါ"

"မှန်ပါတယ်ရှင်"

လက်ခုပ်သံတွေ အုတ်အုတ်ကျက်ကျက် ထွက်ကုန်တော့သည်။ ချာန်ရဲက လက်လှမ်းထောင်ပြကာအားပေးတော့ ယွန်းစံက နှုတ်ခမ်းလေးလှမ်းစူပြသည်။

မေးခွန်းသုံးခုအပြီး တစ်ခုမဖြေနိုင်လျှင် စင်ပေါ်က ဆင်းပေးရသည့် ပြိုင်ပွဲဥပဒေအရ ယခုဆိုလျှင် စင်ပေါ်တွင် လူခြောက်ယောက်သာ ရှိတော့သည်။

"ပြိုင်ပွဲဝင်နံပါတ်လေး ဖြေပါ။ (Vampire) ဆိုတဲ့ သွေးစုတ်ဖုတ်ဟာ ဘယ်ဘာသာစကားက ဆင်းသက်လာတာပါလဲ"

"ရုရှားဘာသာစကား (Vampir) သောက်သုံးခြင်းမှ ဆင်းသက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com

အဖြေမှန်သွားပြန်သည်။ ပရိသတ်တွေ တဟေးဟေးနှင့် လက်ခုပ်တီးကြပြန်သည်။

"ပြိုင်ပွဲဝင်နံပါတ် (၇) ဖြေပါ။ ဥရောပမှာ စုန်းစစ်မစစ်ကို ဘယ်လိုစမ်းသပ်ပါသလဲ"

"အပ်နဲ့ထိုးပြီး စမ်းသပ်ပါတယ်ရှင်"

အဖြေမှန်သွားပြန်သည်။

"စုန်းစစ်မစစ် စမ်းတာကလည်း အနာကြီးရောဂါရှိမရှိ စမ်းသပ်တာကျနေတာပဲ။ ဟေး . . . ဟေး . . ."

"အေးလေ . . . ဟား . . . ဟား . . ."

ပရိသတ်တွေက သဘောကျနေကြလေသည်။

ယွန်းစံအလှည့် ရောက်ပြန်ပြီ။

"အမေရိကန်မှာ တစ္ဆေအခြောက်ဆုံးအိမ်ကြီး ငါးအိမ်ရှိတယ်တဲ့။ အဲ့ဒီအိမ်ကြီးတွေက နာမည်ကြီးပဲ။ အခုသီချင်းတာက အဲ့ဒီအိမ်ငါးအိမ်ကို ဖော်ထုတ်ခဲ့တဲ့သူပါ။ ပြိုင်ပွဲဝင်နံပါတ်ရှစ် ဖြေဆိုပါ"

ယွန်းစံက တည်ငြိမ်စွာပင် . . .

"ဒေးလ်ကက်(စ်)မာရက် (Dale kacz marek)ဖြစ်ပါတယ်"

အဖြေမှန်ကြောင်း ကြော်ညာသည်။ ပရိသတ်တွေက ကျေနပ်စွာ လက်ခုပ်တီးကြသည်။

တဖြည်းဖြည်းနှင့် ပြိုင်ပွဲဝင်က သုံးယောက်သာကျန်တော့သည်။ ပြိုင်ပွဲဝင်နံပါတ် (၃)၊ (၇) နှင့် (၈)တို့ဖြစ်သည်။

"နံပါတ်(၃) ဖြေပါ။ စိတ်ပညာလေ့လာချက်အရ လူ (၁၀၀) မှာ ဘယ်နှယောက်လောက်ဟာ သရဲကြောက်တတ်ပါသလဲ"

သူမ မျက်မှောင်ကြုတ်ပြီးစဉ်းစားသည်။ အချိန်ပြည့်ခါနီးမှ ကပ်ဖြေနိုင်လိုက်သည်။

"(၇၅)ယောက်လောက်"



"အဖြေမှန်ပါတယ်ရှင်။ အချိန်မီလေးပါပဲ"

လက်ခုပ်သံတွေ လွှမ်းလာတော့သည်။

"နံပါတ်(၇) ဖြေပါ။ အနောက်တိုင်းအယူအဆအရ စုန်းတွေဟာ လေမုန်တိုင်းတွေကို ဘယ်လိုခေါ်ဆောင်တတ်ပါသလဲ"

"လေချွန်ပြီးတော့ ခေါ်ဆောင်ပါတယ်"

အဖြေမှန်ပြန်သည်။ ယခု ယွန်းစံအလှည့် . . .

"ပြိုင်ပွဲဝင်နံပါတ်ရှစ် ဖြေပါ။ ဗြိတိန်မှာ စုန်းပေါင်းဘယ်လောက်ရှိမယ်လို့ ခန့်မှန်းရပါသလဲ"

"(၆၀၀၀)ကျော်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်"

ပွဲက သည်သုံးယောက်ထဲကျန်မှ အကြိတ်အနယ်ဖြစ်နေသည်။ ပရိသတ်တွေကလည်း အရာရာကိုမေ့ပြီး သူတို့ပြိုင်ပွဲမှာပဲ စိတ်နှစ်ဝင်နေမိကြသည်။

"ပြိုင်ပွဲဝင်နံပါတ် (၃) အလှည့်ပါ။ အမေရိကန်က တစ္ဆေအခြောက်ဆုံး အိမ်ငါးအိမ်အနက် တစ်အိမ်ဖြစ်တဲ့ ဂျယ်နရယ်ဝိန်းစံအိမ်မှာခြောက်တဲ့ သရဲအရေအတွက်ဟာ ဘယ်နှယောက်ပါလဲ"

" (၁၃) ယောက်ပါ"

ကောင်မလေး ခေါင်းခါပြသည်။ အဖြေမမှန်ပါ။ သို့သော် အချိန်မစေ့သေး၍ ဖြေခွင့်ရှိသည်နှင့် . . .

"(၁၅)ယောက်ရှင့်၊ (၁၅)ယောက်"

လက်ခုပ်သံတွေ ဝေလာတော့သည်။

"နံပါတ် (၇) ဖြေပါ။ အပြည်ပြည်ဆိုင်ရာ တစ္ဆေဖမ်းဆီးသူများအဖွဲ့ရဲ့ ဒုတိယနှစ်ပတ်လည်ညီလာခံ ကျင်းပရာနေရာကိုဖြေပါ"

" . . . . ."

အချိန်စေ့သွားသည်။ နံပါတ်(၇) မဖြေနိုင်လိုက်ပါ။ ယွန်းစံဝင်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဂတ်တီစဘာ့(ဂ်) ဟိုးလီးဒေးအင်း (Gettysburg Holiday Inn) မှာ တျင်းပခဲ့ပါတယ်"

"အိုး . . . အဖြေမှန်ပါတယ်ရှင်"

လက်ခုပ်သံများ မဆဲတော့ချေ။

နောက်ဆုံး နံပါတ် (၇) ပြိုင်ပွဲမှ ထွက်သွားရသည်။ ထိုအခါ ခါးနံပါတ်(၃) အမျိုးသမီးနှင့် ယွန်းစံတို့သာ ကျန်ရှိတော့သည်။

နောက်ဆုံးမေးခွန်း ဆယ်ခုသာမေးတော့သည်။ ဦးရာလူ ဖြေဆိုရတော့မည်ဖြစ်သည်။ ယွန်းစံနှင့် ပြိုင်ပွဲဝင်နံပါတ်(၃)တို့ထံ ခေါင်းလောင်းတစ်လုံးစီ ပေးထားသည်။

မေးခွန်းမေးပြီးတာနှင့် ထိုခေါင်းလောင်းလေးကို အလျင်အမြန်ခေါက်ရမည်ဖြစ်သည်။ ခေါင်းလောင်းလေးကို ဦးစွာခေါက်နိုင်သူက မေးခွန်းကို ဖြေခွင့်ရမည်ဖြစ်သည်။

"ယွန်းစံကွ . . . ယွန်းစံ"

"ယွန်းစံ . . . ကြိုးစားထား"

ခတ္တာတို့နီထွေးတို့က ဆွေ့ဆွေ့ခုန်ပြီး အော်ကြသည်။

"ခါးနံပါတ်သုံးကွ"

"ဟေး . . . ဟေး . . ."

ခါးနံပါတ်သုံးဘက်မှ ပရိသတ်တွေကလည်း အော်ကြသည်။ အပြိုင်အဆိုင် အားပေးနေကြသည်။

"ဟား . . . ဟား . . . အဲ့ဒါ ငါ့ရည်းစားကွ၊ ငါ့ရည်းစား"

ဈာန်ရဲဘေးက ဟိုပါးစပ်ပြဲသည့်လူက အော်လိုက်ခြင်းဖြစ်သည်။ နံပါတ်(၃) အမျိုးသမီးက အာပြဲကြီး၏ရည်းစားဖြစ်နေသည်။

"အဲ့ဒါ ခင်ဗျားရည်းစားလား"

ဈာန်ရဲကမေးတော့ ထိုလူကြီးက ဂုဏ်ယူဝံ့ကြွားစွာ ပြန်ဖြေသည်။



"ဟုတ်တယ်ကွ . . . ငါ့ရည်းစား"

"ဟွန်း . . . အကြီးကြီးပဲ"

"ဘာကွ"

"လူကောင်ကလည်း အကြီးကြီးပဲ"

"ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

သူများရည်းစားလုတာကို မနာလိုဖြစ်နေတာဟု ထိုအာပြဲကြီးကလည်း တွေးချင်တွေးလောက်မည်။

စင်ပေါ်မှာတော့ (Final) မေးခွန်းတွေ စနေပါပြီ။

"ဥရောပစုန်းမတွေဟာ သူတို့ကိုယ်တွေပေါ်မှာ တိရစ္ဆာန်အရုပ်နှစ်ရုပ်ကို ဆေးမှင်ထိုးထားလေ့ရှိတယ်တဲ့။ အဲ့ဒီ တိရစ္ဆာန်နှစ်ရုပ်ဟာ ဘာအရုပ်တွေပါလဲ"

နံပါတ်(၃)၏ခေါင်းလောင်းသံက ဦးစွာမြည်လာသည်။

"ယုန်ခြေထောက်ရုပ်နဲ့ ဖားပြုတ်ရုပ်ပါ"

"အဖြေမှန်ပါတယ်ရှင်"

အာပြဲကြီးက လက်ခုပ်တဖြောင်းဖြောင်းထတီးသဖြင့် ဈာန်ရဲက ဂျိုကြည့်ကြည့်ပစ်လိုက်သည်။ အစပိုင်းမေးခွန်းတော်တော်များများ၌ နံပါတ်(၃)ကပင် အမှတ်တွေ ဆက်တိုက်ယူသွားသည်။ ယွန်းစံက အဖြေကိုသိသော်လည်း ခေါင်းလောင်းခေါက်သည့်နေရာမှာတော့ လက်နှေးနေသည်။

စင်အောက်ကသူငယ်ချင်းတွေကလည်း ဒါကိုပဲ စိုးရိမ်နေကြပြီ။

"စုန်းတွေရဲ့ အိမ်တွင်းပစ္စည်းငါးမျိုးလောက်ကို ပြောပြပါ"

ဒီတစ်ခါတော့ ယွန်းစံ ခေါင်းလောင်းဦးအောင်ခေါက်လိုက်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှော်ဝန်လုံးရယ်၊ အီဂျစ်နွားချေးပိုးပုံရယ်၊ နတ်ဆိုးပုံကားချပ်တွေရယ်၊ အာဖရိက ဂျူဂျူရုပ်တုတွေနဲ့ တန်းစီနေတဲ့ ဘဲရုပ်ကလေးတွေပါ"

"အိုး . . . အရမ်းတော်ပါတယ်ရှင်၊ အဖြေမှန်ပါတယ်"

လက်ခုပ်သံတွေ တဖြောင်းဖြောင်းပေါ့။

ထိုသို့နှင့် မေးခွန်းကိုးခုပြီးသည့်တိုင် အမှတ်က အံ့သြဖွယ်တူညီနေသည်။ ယခု နောက်ဆုံးမေးခွန်းမေးတော့မည်။ အားလုံး ရင်တွေခုန်နေကြသည်။

နံပါတ် (၃) နှင့် ယွန်းစံတို့ကလည်း ခေါင်းလောင်းလေးကို အလျင်အမြန်ခေါက်နိုင်ရန် ဟန်ပြင်ထားကြသည်။

"အမေရိကန်ပြည်ထောင်စုမှာ စုန်းတွေကို လိုက်လံစီရင်တဲ့ဂိုဏ်းတစ်ဂိုဏ်းရှိပါတယ်။ အဲ့ဒီဂိုဏ်းအမည်ကို ပြောပြပါ"

"ချွင် . . . ချွင် . . . ချွင်" နှင့် နံပါတ်(၃)၏ ခေါင်းလောင်းသံက အလျင်ဦးအောင် ထွက်လာတော့သည်။

"ဟာ . . ."

"သွားပြီကွာ"

ဈာန်ရဲတို့ စိတ်ဓာတ်ကျစွာ ခေါင်းငိုက်သွားသည်။ နံပါတ် (၃) အမျိုးသမီးက ဖြေခွင့်ရသွားပြီမဟုတ်လား။ သို့သော် . . .

ဖြေဆိုသံကိုကား မကြားရချေ။

ငြိမ်နေသည်။ ဖြေနိုင်ပုံမရ။

ဈာန်ရဲတို့ ခေါင်းပြန်မတ်လာကာ မျက်လုံးအရောင်တောက်လာသည်။ တီ . . . ဟူသောဘဲလ်သံက နံပါတ်(၃)အတွက် ကံဆိုးမှုဖြစ်သော်လည်း ဈာန်ရဲတို့အတွက်တော့ ကံကောင်းမှုပေါ့။

"အချိန်စေ့သွားပါပြီရှင်"



ချက်ချင်းပဲ ခေါင်းလောင်းလေးကို တချွင်ချွင်ခေါက်၍ ယွန်းစံဝင်ဖြေလိုက်သည်။

"အဲ့ဒီဂိုဏ်းအမည်က ပျူရီတန်ဂိုဏ်းဖြစ်ပါတယ်ရှင်"

ကြေညာသူကောင်မလေးမျက်နှာ ပြုံးသွားသည်ကို အားလုံးမြင်တွေ့လိုက်ကြသည်။

"အဖြေမှန်ပါတယ်ရှင်"

"ဟေး . . . ဟေး . . ."

"ယွန်းစံကွ"

ယွန်းစံကလည်း စင်ပေါ်က အပြေးဆင်းသည်။ ဈာန်ရဲတို့ကလည်း အပြေးကြိုကြသည်။ ပွေ့ဖက်ကြသည်။ အောင်ပွဲရသည့်အရသာက ထူးခြားလှသည်။ ပရိသတ်တွေကလည်း တဟေးဟေးထအော်ကြသည်။ သို့သော် ပြိုင်ပွဲကား မပြီးဆုံးသေးဘူးမဟုတ်လား။

bobbing for apple ပြိုင်ပွဲမှာ ဈာန်ရဲက တစ်မှတ်နှင့်ကပ်ရှုံးပြီး ယခုအမေးအဖြေပွဲမှာ ယွန်းစံက တစ်မှတ်နှင့်ကပ်နိုင်သဖြင့် ယခုစုံတွဲအလိုက် အမှတ်ပေါင်းကြသောအခါ ယွန်းစံတို့စုံတွဲနှင့် ပါးစပ်ပြဲတို့စုံတွဲ နံပါတ်(၃)မှာ အမှတ်တူနေသေးသည်။

ထို့ကြောင့် ပြိုင်ပွဲက မဆုံးသေး။

"အံ့သြစရာပါပဲရှင်။ ဒီလိုအမှတ်တူနေတဲ့အတွက် နောက်ဆုံးပြိုင်ပွဲတစ်ခုကို ဆက်ယှဉ်ပြိုင်ရတော့မှာ ဖြစ်ပါတယ်ရှင်"

နောက်ဆုံးပြိုင်ပွဲ၊ ဘာပြိုင်ပွဲလဲ?

အားလုံး စိတ်ဝင်စားနေကြပြန်သည်။

အစီအစဉ် ကြေညာသူထံမှ အသံ ဆက်လက်ထွက်ပေါ်လာသည်။

"နောက်ဆုံးပြိုင်ပွဲကတော့ စုံတွဲလိုက်ပြိုင်ရတော့မှာ ဖြစ်ပါတယ်ရှင်။ ပြိုင်ပွဲကစားနည်းကလည်း နည်းနည်းဆန်းပါတယ်ရှင်။ ရှေး

www.burmeseclassic.com

www.burmeseclassic.com

တုန်းက အာဖရိကလူမျိုးစုတွေဆီက နတ်ဆရာတွေဟာ မကောင်းဆိုးဝါး သရဲတစ္ဆေတွေကို ဖမ်းမိတဲ့အခါ နှိပ်စက်အပြစ်ပေးလေ့ ရှိပါသတဲ့။

ဘယ်လို အပြစ်ပေးသလဲဆိုရင် သရဲတွေကို နံစော်နေတဲ့ ဗျစ်ရည်အိုးအဟောင်းတွေထဲကို တစ်ယောက်ကိုတစ်ကောင်နှုန်းနဲ့ ထည့်လိုက်တယ်။

ပြီးတော့ ညရောက်တဲ့အခါ အဲဒီ သရဲထည့်ထားတဲ့အိုးတွေကို တွန်းလှိမ့်ပြီး သူတို့စုဝေးတဲ့ မီးပုံကြီးကို လှည့်ပတ်ကြတယ်။ သဘော က သရဲတွေခေါင်းမူးပြီး အခံရခက်အောင် ပြုမူကြတာလည်း ဖြစ်မှာ ပေါ့ရှင်။ အဲဒီလိုနည်းနဲ့ သရဲတွေကို အပြစ်ပေးကြပါတယ်"

ပရိသတ်တွေက စိတ်ဝင်တစား ရှိကြသည်။ ခေါင်းတညိတ် ညိတ်နှင့် အာရုံစိုက် နားထောင်နေကြသည်။

"အခုကစားနည်းကလည်း အဲလိုပါပဲ။ စုံတွဲကအမျိုးသားတွေ ကို စည်ပိုင်းပြတ်ထဲထည့်ပြီး အမျိုးသမီးတွေက တွန်းလှိမ့်ရမယ့် ပြိုင် ပွဲပါ"

ပြောပြောဆိုဆိုပင် စင်ပေါ်သို့ လူနှစ်ယောက် စည်ပိုင်းပြတ် ကြီးနှစ် တွန်းတင်လာသည်ကို ပရိသတ်များ တွေ့လိုက်ရသည်။

"ကျွန်မတို့ကတော့ ပြိုင်ပွဲဝင်တွေကို သက်ညှာတဲ့အနေနဲ့ အာဖရိကလို နံစော်နေတဲ့ ဗျစ်ရည်အိုး အဟောင်းကြီးတွေကိုတော့ မသုံး တော့ပါဘူး။ ဒီလို သစ်သားစည်ပိုင်းလောက်ပဲ အစားထိုးအသုံးပြုပြီး ကစားသွားမှာ ဖြစ်ပါတယ်ရှင်"

ပရိတ်သတ်များ သဘောကျပုံပေါ်သည်။ ကစားပွဲလေးကို ကြိုက် တွေးမြင်ပြီလား မသိ။ စေ့စေ့ဝေဝေ ပြုံးဖြစ်နေကြသည်။

"ပြိုင်ပွဲဝင်များ စင်ပေါ်တက် နေရာယူပေးကြပါရှင်။ ဒိုင်က အချက်ပေးလိုက်တာနဲ့ ပြိုင်ပွဲဝင် အမျိုးသားတွေက စည်ပိုင်းထဲ ဝင်ရ မှာဖြစ်ပြီး အမျိုးသမီးတွေက အဲဒီစည်ပိုင်းတွေကို လှိမ့်တွန်းသွားရမှာ ပါ။



စည်ပိုင်းကြီးကို စင်ရဲ့ ဟိုဘက်ခြမ်းထိပ်က စင်အထိ တွန်း သွားပြီးရင် ဒီဘက်ထိပ်က စည်းဆီ ပြန်လာရမှာပါ။ အရင်ဆုံးရောက် တဲ့အတွဲက အနိုင်ရမှာပါ။ သိပ်ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းမှာပါပဲ ရှင်"

ပြိုင်ပွဲဝင်များ စင်ပေါ်တက်ပြီး နေရာယူကြသည်။

ပါးစပ်ပြဲကြီးက ရှေ့ကစည်ပိုင်းပြတ်ကြီးကို ငုံ့ကြည့်ပြီး သူ့ ခန္ဓာကိုယ်နှင့် ဆန့်ပါ့မလားဟု စိုးရိမ်နေဟန်တူသည်။ ဈာန်ရဲကလည်း စည်ပိုင်းထဲ ထည့်လှိမ့်ခံရမည့်အဖြစ်ကို ကြိုတွေးကြည့်ပြီး ခေါင်းမူးနေ သည်။ ယွန်းစံကတော့ ဘာမှမစိုးရိမ်သည့်နှယ်။ ဈာန်ရဲနားရွက်ဆီကို ခြေဖျားထောက်၍ တိုးကပ်ကာ တစ်စုံတစ်ရာကို တီးတိုးကပ်ပြောလိုက် သေးသည်။

ထိုအချိန်မှာပဲ . . .

"ပြိုင်ပွဲစတော့မည် ဖြစ်ပါသဖြင့် အားလုံး အသင့်ပြင်ထားကြ ပါရှင်"

သူတို့ပြိုင်ပွဲဝင်နှစ်တွဲ အကြည့်ချင်း ဆုံသွားကြသေးသည်။ စိတ် လှုပ်ရှားစွာဖြင့် ခဏအကြာမှာပဲ . . .

"တီ . . ."

ပြိုင်ပွဲစသော လျှပ်စစ်ဘဲလ်သံ။

ရှေ့၌လှဲထားသော စည်ပိုင်းပြတ်ထဲသို့ ဈာန်ရဲနှင့် ပါးစပ်ပြဲ ကြီးတို့ အလျင်အမြန် လျှိုဝင်ကြတော့သည်။ ပါးစပ်ပြဲကြီးက ခြေထောက် နှစ်ချောင်းထည့်ကာ ဝင်သည်။ ဈာန်ရဲက ခေါင်းအရင်ထည့်ကာ ဝင် သည်။

သူတို့ ဝင်ပြီးသည်နှင့် ယွန်းစံနှင့် ပါးစပ်ပြဲကြီးတို့၏ ရည်းစား က တွန်းလှိမ့်တော့သည်။ ပရိသတ်တွေက အော်ဟစ်အားပေးကြပြီ။ စစ ချင်းတာထွက်မှာတော့ မည်သူ့ကို မည်သူကမှ အသာမရချေ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အရှိန်ရသွားသော အခါမှာတော့ ပါးစပ်ပြကြီးတို့ အတွဲက ပိုမိုရှေ့ရောက်သွားသည်။ ပါးစပ်ပြကြီး၏ရည်းစားမှာ လှကောင်ကြီးကာ အင်အားကောင်းသဖြင့် ထိုသို့ ယွန်းစံတို့ရှေ့မှ ကျော်သွားနိုင်ခြင်းဖြစ်သည်။

"ဟာ . . . "

"ကျွတ် . . . လှကောင်သေးတာ ဒီနေရာမှာတော့ ခံရပြီကွ"

ပရိသတ်တချို့က အားမလိုအားမရ ဖြစ်ကြသည်။

သို့သော် ဟိုဘက်စည်းရောက်ရန် တစ်ဝက်လောက်အရောက်မှာပဲ ပါးစပ်ပြကြီးမှာ စည်ပိုင်းထဲမှ ဒလိမ့်ကောက်ကွေး ထွက်ကျလာသည်။ မျက်နှာကြီးမှာ နီနေပြီး ဆံပင်တွေက ဖွာနေသည်။ သို့သော် မနားရဲ။ စည်ပိုင်းထဲ ချက်ချင်း ပြန်ပြေးဝင်ရသည်။

ထိုသို့ ပါးစပ်ပြကြီး ပြဿနာတက်နေချိန်တွင် ယွန်းစံတို့က ကျော်တက်သွားသည်။ ရှာန်ရဲကတော့ ဘယ်လိုတောင့်ခံနေသည်မသိ၊ စည်ပိုင်းထဲကတော့ ထွက်ကျမလာချေ။ သို့သော် ဘီလပ်မြေဖျော်စက်ထဲ ထည့်ခံနေရသလို ခံစားနေရသည်ကတော့ အမှန်ပင်ဖြစ်သည်။

'ဟေး . . . ဟေး . . . ' နှင့် အော်ဟစ်ကြသံများ 'ဂလုံး . . ဂလုံး . . . ' နှင့် သစ်သားစည်ပိုင်း လိမ့်သံများဖြင့် ဆူညံစည်ကားနေသည်။

ဟိုဘက်စည်းရောက်ရှိပြီး နဂိုတာထွက်စည်းသို့ ပြန်သွားရန် ပြန်တွန်းလှည့်ချိန်မှာတော့ ရှာန်ရဲလည်း စည်ပိုင်းထဲက ထွက်ကျလာသည်။ ကျမယ့်ကျတော့ စင်အောက်အထိပါ လိမ့်ကျသွားသည်။ ပရိသတ်တွေက ဝါးခနဲ ထရယ်ကြသည်။ ပါးစပ်ပြကြီးလို ခေါင်းနှင့်ကျခြင်း မဟုတ်၍ တော်သေးသည်။ သို့သော် နံပါတ် (၃) အတွဲက ထိုအခြေအနေကို အသုံးချကာ ကျော်တက်သွားနိုင်ပြန်သည်။

"ဟေး . . . "



"ဟေး . . . "

ရှာန်ရဲ အမြန်ပြန်တက်ကာ စည်ပိုင်းထဲ ဝင်ရပြန်သည်။

ယွန်းစံလည်း စည်ပိုင်းကြီးကို လိမ့်ရသည်ကြောင့် တစ်ကိုယ်လုံး ချွေးတွေ စိုနေပါပြီ။

သို့နှင့် တဖြည်းဖြည်း . . .

ပန်းတိုင်စည်းနား နီးကပ်လာပြီ။

ပါးစပ်ပြကြီးတို့အဖွဲ့က ရှေ့မှာဦးဆဲ။ ယွန်းစံတို့က ထပ်ကြပ်မကွာ လိုက်ဆဲ။

ပရိသတ်တွေကလည်း ပို၍ပို၍ အသည်းတယားယား အော်ဟစ်ကြ၊ အားပေးကုန်ကြပြီ။ ထိုအချိန်မှာပဲ ဝုန်းခနဲ . . .

"ဟာ . . . (နံပါတ် (၃) စုံတွဲဘက်မှ ပရိသတ်များ၏အသံ)

"ဟေး . . . (ရှာန်ရဲနှင့် ယွန်းစံတို့ဘက်မှ ပရိသတ်များ၏အသံ"

ပါးစပ်ပြကြီးပါပဲ စည်ပိုင်းထဲက အတောင့်လိုက် ထွက်ကျလာတာ။

ထိုအခြေအနေကို အလွတ်မပေးဘဲ ယွန်းစံကလည်း စည်ပိုင်းကြီးကို အားပိုစိုက်၍ တွန်းပါတော့သည်။ ရှေ့မှာ ပန်းတိုင်။

"ဟေး . . . ဟေး . . . ဟေး . . . "

လက်ခုပ်သံ တစ်ချက်ချင်းတီးပြီး စည်းချက်လိုက်ကာ တဟေးဟေး . . . ဟေး အော်ကြသည်။ နောက်ဆုံး . . .

"ဟေး . . . "

ထို ဟေးသံကတော့ အကျယ်ဆုံးဖြစ်သွားသည်။

ရှာန်ရဲ ခိုဝင်လာသော စည်ပိုင်းကြီးက ပန်းဝင်ခဲ့ပြီ မဟုတ်ပါလား။

ယွန်းစံလည်း ဖတ်ဖတ်မောနေပြီ ဖြစ်သဖြင့် ပါးလေးဖောင်းအောင် လေပူတွေကို မှုတ်ထုတ်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ချုန်ပီယံ . . . ချုန်ပီယံ . . . ချုန်ပီယံ . . . "

ထိုအော်သံတွေနှင့် ထခုန်ကြသည်က သူငယ်ချင်းများပါ။ မိုးအောင်နှင့် ဘိတ်ကြီးက တွဲကပြနေသည်။ ခတ္တာတို့က ဆွေ့ဆွေ့ခုန်၍ လက်တွေရော့ယမ်းပြသည်။ ပျော်စရာ။

ဩော် . . . ပါးစပ်ပြကြီးလား၊

စည်ပိုင်းထဲ ပြန်မဝင်နိုင်ဘဲ စတိတ်စင်အောက်မှာ ထိုးအန်နေရှာပါသည်။ သူ့ရည်းစားက သူ့ကို နှိပ်နယ်ပေးနေရသည်။ မကောင်းတတ်သော်လည်း မအောင့်နိုင်သဖြင့် ပရိသတ်တွေက သူတို့ကိုကြည့်ကာ ရယ်ဖြစ်နေကြသည်။

စည်ပိုင်းထဲဝင်ရာတွင် ခေါင်းနှင့်အရင်ဝင်မှ စည်ပိုင်းအပိတ်ဘက် ခေါင်းမှုနိုင်မှ စည်ပိုင်းလှိမ့်သည့်အခါ အမူးအနောက် သက်သာရာရပြီး စည်ပိုင်းထဲမှ ထွက်ကျသည့်အခါတွင်လည်း အကျသက်သာစေသည့် သဘောရှိသည်။ ဤအချက်ကို ယွန်းစံက မှတ်သားဖူး၍ ပြိုင်ပွဲစခါနီးတွင် ဈာန်ရဲကို တီးတိုးကပ်ကာ ပြောခဲ့သည်။ သို့ကြောင့် ဤသို့ သူတို့ နိုင်ပွဲရခြင်းဖြစ်လေသည်။

စင်ပေါ်မှာ ဆုပေးသည့်အချိန်မှာတော့ ဈာန်ရဲနှင့် ယွန်းစံတို့ အပျော်ဆုံး ဖြစ်နေပါပြီ။

"Halloween Day ပြိုင်ပွဲရဲ့ ချုန်ပီယံကတော့ နံပါတ်ရှစ်စုံတွဲဖြစ်ပါတယ်ရှင်"

သူတို့လက်တွေကို ကိုင်မြှောက်ပြီး ဒိုင်လူကြီးက ဆုကြေညာလိုက်ချိန်မှာတော့ အော်သံတွေ မိုးလုံးညံကုန်ပါတော့သည်။ 'ဟေး . . ဟေး' ဟူသည့်အသံများ မစဲတော့ချေ။ သူတို့ ဆုတံဆိပ်မှတ်တမ်းကတ်ပြားကြီးကို မြှောက်ကိုင်ကာ ပျော်နေကြသည်။

အဲသည့်အချိန် တစ်ယောက်ကိုတစ်ယောက် ကြည့်မိတော့ သူတို့မျက်ဝန်းများက လင်းလက်လွန်းနေခဲ့သည်။



ထိုညက သရဲတွေ ဝမ်းနည်းကြလေသည်။ သူတို့ ကမ္ဘာ့သရဲအစွေမျှားနေ့က ကြောက်စရာတစ်စက်မှမကောင်းဘဲ ရယ်စရာကောင်းနေသောကြောင့် . . .

• • •

"မုန့်လိုက်စားကြဦးလေ"

"နောက်နေ့ ကျောင်းရောက်မှပဲ ကျွေးပါတော့နော်"

ဈာန်ရဲနှင့် ယွန်းစံတို့စုံတွဲ ဆုငွေတစ်သိန်းတောင်ရသည်။ သူငယ်ချင်းတွေကို မုန့်လိုက်ကျွေးမည်ပြောတော့ သူငယ်ချင်းတွေက နည်းနည်းမှောင်နေပြီမို့ ပြန်ကြရန်သာ စိတ်စောနေကြသည်။

"ငါခေါ်လာတာပဲ၊ ပြန်ရင်လည်း ငါလိုက်ပို့မှာပေါ့"

"နေပါစေ . . . ယွန်းစံရာ ကားဂိတ်နီးပါတယ်။ ငါတို့ဘာသာပြန်ပါ့မယ်"

"အေးလေ . . . နင် တစ်ယောက်ချင်းစီလိုက်ပို့နေရင် ပြီးတော့မှာမဟုတ်ဘူး။ တာ့တာဟာ"

ဒ့အေး . . . အေး . . . ဒါဆိုလည်း ဘိုင့်ဘိုင်"

နှုတ်ဆက်ပြီးကျတော့ ယွန်းစံနံဘေးမှာ ဈာန်ရဲသာကျန်တော့သည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ဘယ်သွားမလဲ၊ ဘာစားကြမလဲဟူသည့် တိုင်ပင်အကြည့်။

ထို့နောက် ကားထားခဲ့သောပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။

"တွေ့သမျှ ဝယ်စားမယ်ဟေ့"

"တွေ့သမျှ ဝယ်သောက်မယ်ကွာ"

သူတို့ဘာသာပြောပြီး ရယ်ကြသည်။ မုန့်တွေ ဗိုက်ဝအောင် လျှောက်ဝယ်စားရန် သူတို့ ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မီးတိုင်ဝါဝါတွေအောက်က တစ်ယောက်ပခုံး တစ်ယောက်ဖက်တာ အရက်သမားတွေလို လျှောက်ကြည့်ကြသေးသည်။

"ဟေ့ကောင် . . . ဘတင့်၊ မင်း ဒီနေ့သောက်တာ နည်းတယ်သွား အေ့ . . . ."

"ဘယ်က ဘတင့်လဲဟ"

"အာ . . . နင်ကလည်း အရက်သမားတွေလို ပြောကြည့်နေတာကို"

"သြော် . . . သြော် . . ."

ယွန်းစံက ဆက်ပြီး လျှောက်ပြောလာသေးသည်။

"ဒါပဲနော် . . . ဖေသောင်း . . . အေ့ . . . မင်းကို ကျော်မြတို့ရန်လုပ်ရင်ပြော . . . အေ့ . . . သူတို့ဆိုက်ကားကို ငါ ပိတ်ကန်ပစ်လိုက်မယ် . . . အေ့"

ဈာန်ရဲမှာ ရယ်နေရသည်။ ယွန်းစံက ဒယီးဒယိုင်ခြေလှမ်းများနှင့် လျှောက်ရင်း ဆက်ပြောလာသည်။

သည်ညဦးလေးဟာ သူတို့အတွက် အပျော်ထူးစေခဲ့သည်။ ကားမီးရောင်တွေကြားမှာ ရယ်မောရခြင်းက သူတို့အတွက် အရသာတစ်မျိုးဖြစ်နေသည်။ မုန့်ဆိုင်တန်းတွေဘက်မရောက်သေး၍ ဘာမှတော့ ဝယ်မစားရသေး။ သို့သော် တစ်နေရာမှာတော့ . . .

ဆေးရုံကြီးတစ်ရုံရှေ့ဖြစ်သည်။ မီးကျွမ်းနေသော ဓာတ်တိုင်ဟောင်းတစ်ခုကိုမှီ၍ ငိုကြွေးနေသော အမျိုးသမီးတစ်ဦးကို သူတို့တွေ့လိုက်ရသည်။

အမျိုးသမီး၏ဆံပင်များက အငြိုငြိုအစွန်းစွန်းဖြင့် ရှုပ်ထွေး၍နေသည်။ ဓာတ်တိုင်ကိုမှီ၍နေသော ခန္ဓာကိုယ်တစ်ခုလုံးက အရိုးမရှိတော့သလို ပျော့ညွတ်နေသည်။ ခြောက်ကပ်ပြီးသား စီးကြောင်းအပေါ် အသစ်အသစ်သော မျက်ရည်စတို့က ထပ်မံဖြတ်သန်းသွားနေသည်။ နှုတ်ခမ်းမှာ ခြောက်ကပ်မှုနှင့်အတူ တုန်ယင်နေသည်။



အရပ်စကားဖြင့်နှိုင်းရသော် တကယ့်ကို အပူသည်ရုပ်ပေါ်ဆင်းနေသည်။

ဈာန်ရဲနှင့်ယွန်းစံ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။ ပြီးတော့ အလိုလိုပဲ ခြေလှမ်းတွေက ထိုအမျိုးသမီးထံတိုးကပ်သွားမိသည်။

"အစ်မ . . . အစ်မ"

"အစ်မ . . . ညီမတို့ ဘာအကူအညီပေးရမလဲ"

အမျိုးသမီးက သူတို့နှစ်ယောက်ကိုကြည့်သည်။ ရိုးသားကြင်နာမှုကို သူတို့မျက်နှာတွင် အရှင်းသား တွေ့လိုက်ရသည်။ သို့သော် အမျိုးသမီးက မျက်နှာကိုလက်နှင့်အုပ်ကာ ငိုကြွေးပါသည်။

ရိုက်သံကြားရတာ သူတို့နှစ်ယောက် စိတ်မကောင်း။

"အစ်မပြောပါ ညီမတို့ကူညီနိုင်သမျှ ကူညီပေးမှာပါ"

အမျိုးသမီးထံမှ တုန်ခါစွာ အသံများ ထွက်လာသည်။

"ဒီလိုပါ . . . ညီမလေးရယ်၊ အစ်မလေ . . . ."

ငွေလို၍ ညည်းပြသံမျိုး မဟုတ်ပါချေ။ ရင်ထဲတင်းကျပ်နိုပ်စက်နေသမျှကို ဖွင့်ချပစ်လိုက်သည့်အသံနှင့် ပြောနေခြင်းဖြစ်ပါသည်။ အမျိုးသမီး၏ဒုက္ခတွေကလည်း များပြောင်လှပါသည်။ အဆိုးဆုံးကတော့ ယခုဆေးရုံတင်ထားရသော သူမအဖေ၏ဆေးဖိုးပင်ဖြစ်သည်။ သူမ၏ တစ်ဦးတည်းသောဆွေမျိုးမှာ ထိုဖခင်တစ်ယောက်သာရှိတော့ကြောင်း သိရသည်။

လုပ်ကြံပြောနေပုံတော့ မပေါက်။

"ဈာန်ရဲ"

ယွန်းစံခေါ်သံကို ဈာန်ရဲ နားလည်ပါသည်။ ဈာန်ရဲလည်း နှလုံးသားကောင်းသူတစ်ယောက်ပါ။ သို့နှင့် သူတို့ လောလောလတ်လတ်ပင် ဆုရခဲ့သော ငွေတစ်သိန်းကို . . .

"ယူပါ . . . အစ်မရယ်၊ ယူပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုမှ သဘောမထားပါနဲ့။ ယူပါ"

အမျိုးသမီး၏မျက်ရည်စတွေ တုန်ခါနေသည်။ လှမ်းယူဖို့လက်က မငုံ့ရဲဖြစ်နေသည်။ ဈာန်ရဲနှင့်ယွန်းစံ၏မျက်နှာကို ဘယ်တော့မှ မမေ့တော့မည့်မျက်ဝန်းနှင့် ကြည့်နေသည်။

"ကျေးဇူးပါ မောင်လေးနဲ့ ညီမလေးရယ် . . . အစ်မ . . . အစ်မလေ . . ."

ထိုင်ကန်တော့မတတ် ကျေးဇူးတင်နေသည့် အမျိုးသမီးကို သူတို့ ထူပေးခဲ့ရသေးသည်။ အကြိမ်ကြိမ် ကျေးဇူးတင်စွာနှင့် နှုတ်ဆက်နေသော အမျိုးသမီး၏မျက်နှာကိုလည်း သူတို့မေ့မည်မဟုတ်ပါ။

ပိုက်ဆံလည်းမရှိတော့သဖြင့် မုန့်လည်းလျှောက်မစားနိုင်တော့ဘဲ ကားရှိရာဆီ ပြန်လျှောက်လာခဲ့သည်။ ဗိုက်ဆာဖို့လည်း သတိမရကြတော့။ ပီတိကိုစားပြီး ပြုံးနေကြသည်။

ညလမ်းမသည် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ကာ လျှောက်လာသော ချစ်သူနှစ်ဦးတို့ကြောင့် ဘုရားသခင်၏ ညအိပ်ဝတ်ရုံသို့ ခမ်းနားနေတော့သည်။

ᛯ ᛯ ᛯ



(၁၅)

သည်နေ့ဟာ ပျောက်ကွယ်နေသည့်တစ္ဆေတစ်ကောင် ကိုယ်ရောင်ပြန်ပြလာသည့် နေ့ဖြစ်နိုင်သည်။ လောကဓာတ်တစ်ခုလုံးကို သစ်ရွက်ကြွေများအဖြစ် နိမိတ်ပုံတစ်ခုလို မမြင်မိတာကောင်းပါသည်။ လက်ပူတိုက်ထားသောပျော်ရွှင်ဖွယ်တို့ အချိန်စေ့သွားခဲ့သောနေ့တစ်နေ့ . . .

သူတို့နှစ်ယောက်ပျော်ရွှင်စွာဖြင့် ကန်တင်းထဲသို့ရောက်သောအခါ ငြိမ်သေနေသောမျက်နှာများနှင့် သူငယ်ချင်းများကို တွေ့လိုက်ရသည်။ သူငယ်ချင်းတွေက အရယ်အပြုံးကင်းမဲ့စွာနှင့် သူတို့နှစ်ယောက်ကို ကြည့်နေသည်။

တစ်ခုခုဖြစ်နေပြီမှန်းတော့ သူတို့သိလိုက်ပြီ။

ယွန်းစံနှင့်ဈာန်ရဲ ခုံယူဆွဲထိုင်လိုက်ပြီး သူတို့ကို တစ်ယောက်ချင်းစီ လိုက်ကြည့်နေမိသည်။

"နင်တို့ ဘာဖြစ်နေကြတာလဲ"

ခတ္တာက မျက်နှာလွှဲသွားသည်။ နီထွေးက ခေါင်းငုံ့နေသည်။ ထက်ထက်နှင်းက မျက်နှာကြက်ကို မော့ကြည့်လိုက်သည်။ ဘိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

က သက်ပြင်းတိုးတိုးချပြီး မိုးအောင်က ရေနွေးငုံ့သောက်ပစ်သည်။ ညဏ်မင်း . . . ။

ညဏ်မင်းကတော့ ဈာန်ရဲကိုအရင်ကြည့်သည်။ ပြီးမှ ယွန်းစံကို ကြည့်သည်။

"ငါတို့ နင့်စကားကိုစောင့်နေတာပါ ယွန်းစံ"

ယွန်းစံမျက်လုံးတို့ ဝိုင်းသွားသည်။

ဈာန်ရဲက 'ဘာတွေလဲ' ဟုဆိုကာ ယွန်းစံကိုကြည့်သည်။

ယွန်းစံက အားယူပြုံးရင်း . . .

"ငါ . . . ငါက ဘာကိုပြောရမှာလဲ"

ညဏ်မင်း ခေါင်းရမ်းသည်။

"မညာနဲ့တော့။ ကိုယ့်ကိုယ်ကိုယ်ကော၊ ငါတို့ကိုကော မညာနဲ့တော့။ ယွန်းစံ . . . နင်ပြောတော့"

ယွန်းစံ ငြိမ်နေသည်။ ဈာန်ရဲ ဘာမှနားမလည်ပါ။

ညဏ်မင်းကလည်း . . .

"နင် ဘာလို့ငြိမ်ခံနေတာလဲ။ နင့်ကို ဒီလိုသူများက ကြံစည်နေတဲ့ကိစ္စကို နင်သိရဲ့သားနဲ့ ဘာလို့ငြိမ်ခံနေခဲ့တာလဲ။ အဲ့ဒီအကြောင်းကို ငါတို့ကိုပြောပြ"

"ငါနားလည်အောင်ပြောပြပါလား . . . ညဏ်မင်း"

ဈာန်ရဲ ဝင်ပြောခြင်းဖြစ်သည်။

ညဏ်မင်း ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ငါပြောပြမယ်။ ယွန်းစံရဲ့ကျိန်စာကြောင့် လူတွေလိုက်ဒုက္ခရောက်နေတယ်ဆိုတာ မဟုတ်ဘူး။ ငါ ပျောက်သွားတဲ့ သူ့တောင်းစားလေးကို မြို့စွန်က ဘုတာလေးတစ်ခုမှာ ရှာတွေ့ခဲ့ပြီးပြီ။ သူ့ကို လူတစ်ယောက်က ယွန်းစံကျိန်ဆဲတဲ့နေ့မှာပဲ ဒီကျောင်းကနေ ငွေပေးပြီး ထွက်သွားခိုင်းလိုက်တာတဲ့"

"ဟင် . . . "



"ခြေကျိုးတယ်ဆိုတဲ့ လူဆိုကလည်း ငါရအောင် စုံစမ်းပြီးပြီ။ သူ ယွန်းစံကို နောက်ကလိုက်စကားပြောတာတွေ၊ ယွန်းစံကျိန်ဆဲလာအောင် စကားအညစ်အညမ်းတွေ လျှောက်ပြောတာတွေ၊ ယွန်းစံကျိန်ဆဲလိုက်ပြီးနောက် ခြေကျိုးတယ်ဆိုတဲ့ သတင်းလွှင့်ပြီး အိမ်မှာ ကျောက်ပတ်တီးစည်းပြီး နေ,နေတာတွေအားလုံးက လူတစ်ယောက် ငွေပေးပြီး ခိုင်းထားတာတွေပဲ"

"ဟင် . . . "

ဈာန်ရဲ မယုံနိုင်အောင်ဖြစ်နေသည်။ ငြိမ်နေသူက ယွန်းစံ။

ညဏ်မင်းစကားတွေကတော့ အဆက်မပြတ်ပါ။

"ယွန်းစံကို ဆားတွေ၊ ရေမန်းတွေ၊ ဆန်စေ့တွေနဲ့ ပေါက်တဲ့ ကျောင်းသူတွေကလည်း အဲ့ဒီလူခိုင်းထားတာတွေပဲ။ အားလုံး ငွေပေးပြီး ခိုင်းထားတာပဲ"

"ဘာ . . . "

ဈာန်ရဲ တုန်လှုပ်သွားသည်။

"အဲ့ဒီလူ ဘယ်သူလဲ"

ညဏ်မင်း လက်ကာပြသည်။ သူ့စကား မပြီးသေးဆိုသည့်သဘော။

"ပထမဆုံး ယွန်းစံအကြောင်းကြားကတည်းက ငါသံသယဝင်တာပဲ။ အသားစိမ်းစားတယ်ဆိုတာလေ။ လုံးဝမဖြစ်နိုင်ဘူး။ ယွန်းစံနဲ့ ငါတို့ သူငယ်ချင်းဖြစ်တဲ့တစ်လျှောက်မှာ ယွန်းစံ အသားစိမ်းမပြောနဲ့ ညှီနံ့တောင်ခံနိုင်တာမဟုတ်ဘူး။ ဒီတော့ အသားစိမ်းက ယွန်းစံထမင်းချိုင့်ထဲ ဘယ်လိုနည်းနဲ့ရောက်လာနိုင်သလဲ။ တစ်ယောက်ယောက်က အကောက်ကြံပြီးထည့်မှပဲ ရောက်နိုင်မှာလို့ ငါတွေးမိတယ်"

ညဏ်မင်း ခဏနားပြီးမှ စကားပြန်ဆက်သည်။

"အေး . . . ငါတွေးမိသလိုပဲ ခံရတဲ့ကာယကံရှင်ကရော မတွေးမိဘူးလား၊ သိပ်တွေးမိနိုင်တာပေါ့။ ကိုယ့်ထမင်းချိုင့်ထဲရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

အသားစိမ်းဟာ တစ်ယောက်ယောက်က ချောက်ချပြီးထည့်တာမှန်း တန်းတွေးသိမှာပဲ။ ဒါကြောင့် နောက်ကွယ်က တစ်ယောက်ယောက် လုပ်ကြံခံနေတဲ့ကိစ္စကို ယွန်းစံသိပြီးသားလို့ ငါသိလိုက်ရတယ်။ ဒါပေမဲ့ ယွန်းစံ သိသိလျက်နဲ့ ဒီကိစ္စကြီးကို၊ ကိုယ့်ကို စုန်းမလို့အပြင်းအထန် စွပ်စွဲနေတဲ့ ကိစ္စကြီးကို ဘာလို့ငြိမ်ခံနေရတာလဲ။ အဲ့ဒါ . . . ယွန်းစံ၊ နင်တစ်ခုခုပြော"

ယွန်းစံ မျက်လွှာမှိတ်ထားသည်။

အားလုံးက သူမအဖြေကို၊ သူမဆီမှထွက်လာမည့် စကားတစ်ခွန်းခွန်းကို ငံ့လင့်နေကြသည်။ အတန်ကြာငြိမ်သက်နေပြီး သူမသည် ဈာန်ရဲကိုတစ်ချက်ကြည့်သည်။ အားနာလိုက်တာ ဈာန်ရဲရယ် . . .။

မျက်လွှာကို ပြန်မော့ပြီးမှ . . .

"နင်ပြောတာ အကုန်မှန်ပါတယ်။ အဲ့ဒါတွေအားလုံးကို ငါ့ကို နောက်ကွယ်က တစ်ယောက်ယောက်ကလုပ်ကြံပြီး နှိပ်စက်နေတာပါ။ နင်ပြောတာ အကုန်မှန်ပါတယ် ဉာဏ်မင်းရာ . . ."

မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ သူမငိုပြီ။

"အဲ့ဒီ နောက်ကွယ်ကတစ်ယောက်ယောက်ဆိုတာ ဘယ်သူလဲ"

ဆောက်တည်ရာမဲ့စွာ ဈာန်ရဲ အော်ပစ်လိုက်မိသည်။

ဉာဏ်မင်းက စိတ်မကောင်းစွာပင် ကန်တင်းအပြင်ဘက်ကို မေးဆတ်ပြသည်။

"ဟိုမှာ သူလာနေပြီ"

ခပ်ဝေးဝေးမှလျှောက်လာသူ လူရွယ်တစ်ယောက်ကို အားလုံးမြင်လိုက်ရသည်။

ထိုလူက ကန်တင်းသို့ဝင်၍ သူတို့စားပွဲသို့ တန်းတန်းမတ်မတ်လျှောက်လာပါသည်။

ဉာဏ်မင်းက ခုံတစ်ခုံဆွဲ၍နေရာလုပ်ပေးပြီး . . .

"ထိုင်ပါ၊ ကိုအောင်ခန့်"



ကိုအောင်ခန့်ဆိုသော ထိုလူက ထိုင်ပါသည်။ အားလုံးကို သေဘုယျကျစွာ တစ်ချက်ကြည့်၍ပြုံးပါသည်။ နောက်ဆုံး ယွန်းစံဆီတည့်တည့်ကြည့်ကာ နှုတ်ဆက်သည်။

"မနွေးယွန်းယွန်းစံ နေကောင်းပါတယ်နော်"

ယွန်းစံ ခေါင်းငုံ့ထားရာမှ မော့ကြည့်လိုက်သည်။ ထိုလူ့အပေါ် တုန်လှုပ်သောအမူအရာက ဖုံးမရဖိမရစွာ သူမမျက်နှာမှာပေါ်လွင်လာသည်။

ကိုအောင်ခန့်သည် မျက်ခုံးထူထူနှင့် နှာတံပေါ်သည်။ ပိရိနေသောနှုတ်ခမ်းသားများသည် သူ့ကို ဥပမိရုပ်ကောင်းစေရန် အမိကပံ့ပိုးပေးနေသည်။ ဆံပင်ခပ်တိုတိုကို ဘေးသို့သေသပ်စွာ ခွဲသိမ်းထားသည်။

"ကျွန် . . . ကျွန်မနေကောင်းပါတယ်"

နေကောင်းပါတယ်ဟုပြောသော ယွန်းစံ၏အသံက အဖျားတက်နေသူတစ်ယောက်ကဲ့သို့ ဖြစ်နေပါသည်။

ပြောသင့်လား၊ မပြောသင့်လားချင့်ချိန်နေသော ဉာဏ်မင်းက တစ်ခုခုကို ဆုံးဖြတ်ချက်ချလိုက်သည့်အသံနှင့် . . .

"ဈာန်ရဲ"

ဈာန်ရဲကကြည့်မှ ကိုအောင်ခန့်ကို ညွှန်ပြကာ . . .

"ဒါ ယွန်းစံကို နောက်ကွယ်ကနေ အများသူငါ 'စုန်းမ'လို့ စွပ်စွဲအောင် ပိပိပြင်ပြင်ကြံစည်နေတဲ့သူပေါ့"

"ဟင်"

တိုက်ခိုက်ချင်စိတ်နှင့် ဆတ်ခနဲထလိုက်သောဈာန်ရဲ ထိုလူ၏တည်ကြည်သောအကြည့်မှာ ခဏငြိမ်သွားသည်။

တစ်ခုခုကိုသတိရသွားသည့် ဈာန်ရဲက . . .

"သြော် . . . ခင်ဗျားကို မြင်ဖူးပါတယ်လို့ကြည့်နေတာ ဟိုတစ်ခါ ယွန်းစံတို့အိမ်ရှေ့မှာ တွေ့ခဲ့တဲ့လူပဲ။ ဒီအိမ်က သနပ်ခါးတုံးရောင်း



www.burmeseclassic.com

www.burmeseclassic.com

လားဆိုပြီး အရေးကြောင်ကြောင်မေးတဲ့လူပဲ။ ဟုတ်တယ် အဲ့ဒီကတည်းက ခင်ဗျားကို မသင်္ကာနေတာ"

ထိုလူက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် ကိုရျာန်ရဲ။ ဒါပေမဲ့ အခု စိတ်ခဏလျှော့ပြီး ထိုင်စေချင်တယ်။ ကျွန်တော်ဘာလို့ ယွန်းစံကို နောက်ကွယ်က တိုက်ခိုက်ရသလဲဆိုတာကို ခင်ဗျား သိသင့်သေးတယ်လေ။ အဲ့ဒါကိုသိပြီးမှ ခင်ဗျား ကျွန်တော့်ကို တစ်ခုခုလုပ်ချင် လုပ်ပေါ့"

ထိုလူ၏တည်ငြိမ်မှုက ရျာန်ရဲ၏အရိုင်းဆန်ဆန် ဖြေရှင်းချင်မှုကို တွေဝေသွားစေသည်။

"ထိုင်ပါ . . . ရျာန်ရဲရယ်"

ယွန်းစံကထိုင်ခိုင်းမှ သူထိုင်မိသည်။

ကိုအောင်ခန့်က အောင်နိုင်သူအပြုံးနှင့် ခပ်ထေ့ထေ့တော့ ပြုံးသေးသည်။ ပြီးတော့မှ . . .

"သူတို့အားလုံးသိချင်တဲ့ အတိတ်တချို့ကို မနွေးယွန်းယွန်းစံကိုယ်တိုင်ပဲ ပြောပြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

ယွန်းစံကို တည့်တည့်ကြည့်၍ပြောသော ကိုအောင်ခန့်၏အသံက တည်ငြိမ်မှုနှင့် အားကောင်းလှသည်။

"ကျွန်မ အားလုံးကို ပြောပြပါ့မယ်"

ယွန်းစံ၏အသံက အဘယ့်ကြောင့် တရားခံတစ်ဦးဖြောင့်ချက်ပေးမည့်အသံနှင့် တူနေရသနည်း။



နွေးယွန်းယွန်းစံ



www.burmeseclassic.com

www.burmeseclassic.com

ဝါဂွမ်းပွင့်ကလေးများကဲ့သို့ သူမဘဝအစသည် ဖြူစင်ပေါ့ပါးခဲ့ပါသည်။ သူမငယ်စဉ်မှာပင် မိဘနှစ်ပါးဆုံးပါးသွားခဲ့ပြီဖြစ်ရာ ဘိုးဘိုးဘွားဘွားနှင့် ဒေါ်လေးတို့က သူမ၏မိသားစုဖြစ်ခဲ့သည်။ သူမကို အနီးဆုံးစောင့်ရှောက်သူကတော့ ဒေါ်လေးဖြစ်သည်။

သစ်ပင်ပေါ်ကရှဉ့်ကလေးတွေပင် ကစားဖော်ရှိသည်။ ပြေးတမ်းလိုက်တမ်း ကစားကြသည်။ သူမမှာတော့ အဖော်မရှိခဲ့ပါ။ ကစားဖော်မရှိသောသူမအတွက် ဒေါ်လေးကသာ ကစားဖော်ဖြစ်ခဲ့ရပြန်သည်။ သူမပျင်းရိသောအခါ ပန်းပင်များအနားသို့သွားကာ ပျံဝဲနေသောလိပ်ပြာများကို ရေတွက်နေတတ်သည်။ လိပ်ပြာများကို မတွေ့ရသောအခါ သူမ ဘာလုပ်ရမှန်းမသိတော့ပါ။ ထိုအခါ ဒေါ်လေးက သူမကိုခေါ်၍ ပုံပြင်များပြောပြသည်။

"ဟိုးရှေးရှေးတုန်းကလေ . . ."

ဒေါ်လေးပြောပြသော ပုံပြင်များအနက် သူမ နားထောင်၍မရိုးနိုင်သော ပုံပြင်များမှာတော့ စုန်းကဝေပုံပြင်များဖြစ်သည်။ စုန်းတွေက တန်ခိုးရှိသည်။ ဖန်ဆင်းနိုင်သည်။ ပြုစားနိုင်သည်။ လေပေါ်ပျံဝဲနိုင်သည်။



ထိုစုန်းတွေအကြောင်း နားထောင်ရတိုင်း သူမ၏မျက်လုံးလေးဝိုင်းနေတတ်သည်။ ညအိပ်မက်ထဲမှာလည်း သူမက စုန်းမလေးတစ်ဦးဖြစ်နေပြီး ကြောက်စရာကောင်းသော ဂူကြီးတစ်ဂူထဲမှာ အစိမ်းပုပ်ရောင်ဆေးရည်အိုးကြီးကို ပွက်ပွက်ဆူအောင်ကျိုနေရှာသည်ဟု သူမမြင်မက်လာသည်။ သူမ စုန်းတွေကို စွဲလမ်းနေခဲ့ပါပြီ။

တချို့ယောက်ျားလေးများက တံမြက်စည်းခွစီးကာ မြင်းစီးတမ်းကစားတတ်သလို သူမကလည်း တံမြက်စည်းခွကာ စုန်းမကလေးလုပ်တမ်း ကစားတတ်ခဲ့သည်။ သူမ ဗီဒီယိုဇာတ်လမ်းတွေ၊ ရုပ်ရှင်တွေကြည့်တတ်သော အရွယ်ရောက်တော့လည်း စုန်းကား၊ မှော်ကားများကို ရွေးကြည့်လာတတ်ပါသည်။

"အား . . ."

အဘွား၏အော်သံဖြစ်သည်။ သူမက ရုပ်ရှင်ကြည့်ရင်း လန့်၍ယောင်ယမ်းကာ အဘွား၏ပေါင်ကို ကုတ်မိခြင်းဖြစ်သည်။

"မြေးလေးယွန်းရယ် . . . ကြောက်တတ်လည်း မကြည့်ပါနဲ့လား"

တားလို့မရပါ။ သူမ နှစ်ခြိုက်စွာကြည့်နေဆဲပါ။ သို့သော် သူမထိုသို့ကြည့်နေလျှင်တော့ သူမအနား ဘယ်သူမှမလာတော့ပါ။ သူမက ကြောက်လန့်ရင် နီးရာလူ ဆွဲကုတ်တတ်သည်ကိုး။

သူမ အလယ်တန်းကျောင်းသူဘဝရောက်တော့ ဘုရားစောင်းတန်းများတွင်ရောင်းတတ်သော စာအုပ်အဟောင်းဆိုင်ကလေးများမှ အစီအရင်ကျမ်းစာအုပ်လေးများကို ဝယ်စုလာသည်။ ဒေါ်လေးပင် သူမကို အံ့သြရပြီး တားသင့်ပြီထင်၍ တားရသည်။ သို့သော် သူမက ပြုံးပြုံးလေးပင် 'စိတ်ဝင်စားစရာကောင်းလို့ပါ ဒေါ်လေးရဲ့' ဟု ခပ်ချွဲချွဲလေးပြန်ပြောတတ်သည်။

ကျိန်ဆဲတတ်သော အကျင့်ဆိုးလေးကတော့ ဘယ်အချိန်က သူမဆီ ရောက်လာခဲ့မှန်းမသိပါ။ ဆယ်တန်းနှစ်လောက်ကတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com

နှုတ်မှ ထွက်ရှိန်ဆဲတတ်သောစကားလုံးများသည် လွယ်လင့်တကူ ထွက်ပေါ်လာတတ်နေပါပြီ။ ဝစီဗေဒ ထိတိုင်းမရှုတတ်သော်လည်း တိုက်ဆိုင်မှုနှင့် ကြုံရသောအခါ သူမအတွက် အထင်လွဲမှုများနှင့် ရင်ဆိုင်ရတော့သည်။

"စာမေးပွဲ ကျပါစေတော်"

ကျောင်းသားလေးတစ်ယောက်က သူမကို ဖီးစေ့နှင့်လှမ်းပေါက်၍ ကျီစယ်စဉ်က သူမ ပြောခဲ့ခြင်းဖြစ်သည်။ ဆယ်တန်းအောင်စာရင်းထွက်သောအခါ ထိုကျောင်းသားလေးနာမည် အောင်စာရင်းမှာ မပါဝင်ခဲ့ပါ။

တကယ်တော့ ထိုကျောင်းသားလေးသည် ဆိုးဆိုးပေပေနှင့် ကျောင်းစာစိတ်မဝင်စားမှုကြောင့် သူ့ဘာသာသူကို ကျခြင်းဖြစ်သည်။ သို့သော် အားလုံး၏အမြင်က သူမဆီသို့သာ ဇောင်းရွဲ့၍လာတော့သည်။ ထိုသို့ မတော်တဆများ၊ တိုက်ဆိုင်မှုများ သုံးလေးခါဖြတ်သန်းပြီးသောအခါမှာတော့ သူမကို ပတ်ဝန်းကျင်ဆိုသည့်အရာက ကောင်းကောင်းရိုက်ပုတ်နေပါပြီ။

"အဲ့ဒီကလေးမလေးနှုတ်က စီးကစီးနဲ့"

"ခပ်ရှောင်ရှောင်နေကြပေါ့ဟယ်"

လူတချို့ သူမကို မသိမသာ ဖယ်ကျဉ်လာကြသည်။ ဒါတွေကို သူမ ဂရုမစိုက်မသေးသည်မှာ မိုက်မဲရာ ကျကောင်းကျမည်မှန်သော်လည်း သူမ၏ စိတ်ဝင်စားမှုကမ္ဘာထဲမှာတော့ သူမ ပျော်ဆဲပါ။

တကယ်တော့ သူမသည် စုန်းကဝေဆိုသည်များကို ပညာရပ်တစ်ခုအဖြစ် စိတ်ဝင်စားခြင်း၊ လေ့လာချင်လိုခြင်းမျှသာဖြစ်သည်။

သူမ တက္ကသိုလ်စတက်ချိန်မှာတော့ သိပ်ကိုလှပသော မိန်းမပျိုလေးဖြစ်နေပါပြီ။ ကျော့ရှင်းသောသူမအလှက မြင်သူတိုင်းကို ချက်ချင်းအကြည့်မလွှဲနိုင်အောင် ပြုစားထားနိုင်သည်။



သူမတို့မြို့ကလေးတွင်ပင် တက္ကသိုလ်ရှိသည်မို့ သူမ တခြားမြို့များသို့ သွားတက်စရာမလိုခဲ့ပါ။ ထိုတက္ကသိုလ်ပထမနှစ်ကပဲ သူမကို အရိပ်ဆိုးနှင့် လိပ်ပြာမလုံမှုများကို ပေးခဲ့တော့သည်။

တက္ကသိုလ်မှသူငယ်ချင်းတချို့နှင့် မြို့လယ်ကဘုရားသို့ သွားစဉ်ကဖြစ်သည်။ ဘုရားဖူးပြီး ရင်ပြင်ပေါ်မှအဆင်း သူငယ်ချင်းလုပ်သူက . . .

"ယွန်းစံ . . . နောက်က တစ်ယောက်ယောက်လိုက်လာသလိုပဲ"

သူငယ်ချင်းတွေ၏သတိပေးမှုကြောင့် လှည့်ကြည့်လိုက်တော့ သူမနောက်တွင် ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကင်မရာလေးတစ်လုံးကို ပခုံးထက်လွယ်ထားခြင်းကြောင့် ဓာတ်ပုံဆရာလေးဟု သူမခန့်မှန်းမိသည်။ ဓာတ်ပုံဆရာလေးက သူမကို ပြုံးပြသည်။

သူမကတော့ ပြုံးမပြပါ။ မဲ့ပြုံးသာ ကိုယ့်လမ်းကိုယ် ဆက်လျှောက်လာခဲ့သည်။

နောက်နေ့များတွင်တော့ သူမအတန်းရှေ့သို့ ထိုဓာတ်ပုံဆရာလေး ရောက်ရောက်လာတတ်သည်။ မယဉ်ကျေးရဲတင်းသည့် အပြုအမူမျိုးတော့ မရှိပါချေ။ ခပ်လှမ်းလှမ်းကသာ အမြဲငေးသည်။ သူမသွားရာနောက်ကို ခပ်လှမ်းလှမ်းကလိုက်သည်။

သူမအား ထိုဓာတ်ပုံဆရာလေး စိတ်ဝင်စားနေခြင်းကို ဘေးလူအများကပင် သိနေကြပြီ။

"ဓာတ်ပုံဆရာလေးကတော့ ဇွဲကောင်းတယ်ဟေ့။ နင့်ကို အမြဲကြည့်နေတာ ယွန်းစံရဲ့"

"ငါတော့ စိတ်ရှုပ်တာပဲသိတယ်။ လူကို အမြဲတမ်း ခေါင်းဆောက်ကြည့်နေတဲ့ အဲ့ဒီမျက်လုံးတွေက အမြင်ကတ်စရာကြီး"

သူမစိတ်ထဲရှိသည့်အတိုင်း ပြောခြင်းပါ။ ကိုယ်စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com

သည့်လူ၏ အမြဲကြည့်နေသောမျက်လုံးတွေက သူမကိုမွန်းကျပ်မှု၊ ဖလို မြူမှုနှင့် အနှောင့်အယှက်ဖြစ်စေမှုကိုသာပေးသည်ဟု သူမ ခံစားရသည်။

သူမတို့ နောက်တစ်ခါ မြို့လယ်က ဘုရားသို့ ရောက်ချိန်မှာ တော့ ဓာတ်ပုံဆရာလေးနှင့် တွေ့ပါသည်။ ဤတစ်ကြိမ်တွင်တော့ ဓာတ်ပုံဆရာလေးသည် သူ၏ပထမဆုံးအမှားကို ကျူးလွန်လိုက်မိသည်။

လင်းခနဲအရောင်တစ်ပြက်က သူမဘေးဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သူမလှည့်ကြည့်လိုက်တော့ ကင်မရာကို လက်ကမချရသေး ဘဲ ငေးကြည့်နေသည့် ဓာတ်ပုံဆရာလေးကို တွေ့လိုက်ရသည်။

"ရှင် . . . ရှင် . . ."

"ကျွန်တော် ခွင့်တောင်းပြီးရိုက်မလို့ပါ။ ဒါပေမဲ့ စိတ်မထိန်း နိုင်ဘဲ ခလုတ်ကို နှိပ်မိသွားတာ"

သူမကို ဓာတ်ပုံဆရာလေးက ဓာတ်ပုံရိုက်လိုက်ခြင်းဖြစ်သည်။ ဓာတ်ပုံဆရာလေးက သူ့အပြစ်ကို ခပ်ဖွဖွဖုံး၍ ပြောပေမယ့် . . .

"ရှင်ထွက်သွား . . . သွား . . . သွား . . ."

ဓာတ်ပုံဆရာလေး ကြောင်ကြည့်နေဆဲ။

"ဘာကြည့်နေတာလဲ သွား . . .။ အဲ့ဒီကြည့်နေတဲ့ ရှင့်မျက်လုံး တွေ ကန်းပါစေတော်။ သွား . . ."

ထိုကျိန်ဆဲမှုသည် သူမဘဝကို သူမကိုယ်တိုင် ပေကျံအောင် ထွေးထုတ်လိုက်သည့် တံတွေးစက်ဖြစ်ခဲ့သည်။

နောက်တစ်နေ့တွင်ပဲ ဓာတ်ပုံဆရာလေး မျက်လုံးကန်းသွား သည့်သတင်း သူမတို့မြို့ကလေးမှာ ဟိုးဟိုးကျော်အောင် ပျံ့နှံ့သွားပါ တော့သည်။ သူမ အိမ်အပြင် မထွက်ရဲပါ။ အပြင်ထွက်လျှင် သူမကို အပြစ်ရှိသူလို ကြည့်ကြသည်။ ရွံကြောက်စရာ သတ္တဝါတစ်ကောင်လို ဆက်ဆံလာကြသည်။ ရက်ပိုင်းအတွင်းပင် ဤမြို့ကလေးသည် သူမ အတွက် နေစရာမရှိခဲ့တော့ပါ။



ဓာတ်ပုံဆရာလေး၏အစ်ကို သူမအိမ်လာ သောင်းကျန်းသည့် နေ့ကဆို ပတ်ဝန်းကျင်မှ ဝိုင်းကြည့်သူများမှာ သူမတို့အိမ်ရှေ့တွင် ပြည့် နက်နေခဲ့သည်။

"ငါ့ညီကို မျက်ကန်းဖြစ်အောင်လုပ်တဲ့စုန်းမ . . . မင်းကိုကောင်း ကောင်းပြန် ဒုက္ခပေးပြမယ်"

ထိုခြိမ်းခြောက်မှုက မိုးကြိုးပစ်သံမခံနိုင်သည့် ကလေးတစ် ယောက်ကို မိုးသည်းထဲမှာ ပစ်ချထားခဲ့သလို သူမကို ချောက်ချားတုန် လှုပ်စေခဲ့ပါသည်။

နောက်ဆုံးတော့ ပထမနှစ်ကျောင်းပြီးပြီးချင်းပင် သူမတို့ ထို မြို့ကလေးမှ ပြောင်းပြေးခဲ့ရပါသည်။

ဘာတွေဘယ်လိုမှားလဲ သူမမသိပါ။ သူမမှာ အပြစ်ရှိသလား သူမ တွေဝေဆဲပါ။ အပြစ်ရှိရင်ကော ဘယ်လိုအပြစ်မျိုးလဲ။

ထိုအပြစ်ကို ကျေချင်ပါပြီ။

⁂



www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံစကားအဆုံးမှာ အားလုံး ငြိမ်သက်နေပါသည်။ သို့သော် 'ဟက်'ခနဲရယ်လျက် ထရပ်လိုက်သူက ဈာန်ရဲ။

"ဘာများလဲလို့ ခင်ဗျားညီ ကိုယ့်ဘာသာကိုယ် မျက်လုံးကန်းတာပဲ ယွန်းစံနဲ့ ဘာဆိုင်လို့လဲ။ ဒါ တိုက်ဆိုင်တာပဲ၊ အဝေးကြီးပဲ"

ကိုအောင်ခန့်ကလည်း ဖျတ်ခနဲ ထရပ်သည်။ မျက်နှာကလည်း စူးရှနေသည်။

"အဲ့ဒီညက ငါ့ညီ သူ့ဓာတ်ပုံကူးရင်း ဓာတ်ပုံဆေးပုလင်းမှောက်ပြီး မျက်လုံးထဲ အဲ့ဒီဆေးတွေဝင်ပြီး ကန်းရတာ။ သူ့ဓာတ်ပုံကူးရင်း ကန်းရတာကွ။ အေး . . . တခြားလူနဲ့ဆိုရင်တော့ တိုက်ဆိုင်တာပဲ။ ဒီစုန်းမနဲ့ဆိုရင်တော့ တိုက်ဆိုင်တာမဟုတ်ဘူး။ ကျိန်စာပဲ . . . ကျိန်စာ"

ယွန်းစံဆီသို့ ပစ်စိုက်ကြည့်လိုက်ပြီး . . .

"မင်းဘာလို့ စကားကုန်အောင်မပြောတာလဲ နွေးယွန်းယွန်းစံ။ ငါ့ညီက မျက်လုံးတင်ကန်းတာ မဟုတ်ဘူးလေ။ ဘဝတစ်ခုလုံး ကန်းသွားတာ။ အဲ့ဒါကို မင်း ဘာလို့မပြောတာလဲ။ ငါ့ညီက မင်းစိတ်နဲ့ ရူးမတတ်ခံစားရင်း စိတ်ကျရောဂါနဲ့ သေသွားတာလေ။ အဲ့ဒါ မင်းဘာလို့ မင်းရည်းစားသိအောင် မပြောတာလဲ"



ယွန်းစံ မျက်ရည်ကျသည်။ နီထွေးက ယွန်းစံကို ညှစ်၍ဖက်ထားပေးသည်။

ဈာန်ရဲကလည်း ဆူပွက်နေသည်။

"အဟား . . . ခင်ဗျားညီဘာသာ မခံစားတတ်လို့ သေသွားတာပဲ။ ဒါလည်း ယွန်းစံအပြစ်မှမဟုတ်တာ။ ခင်ဗျား ပုံကြီးမချဲ့ပါနဲ့"

"လူစိတ်နဲ့ယှဉ်ပြီး စကားပြောပါ။ ငါ့ညီက သူ့စိတ်နဲ့မျက်ကန်းတယ်၊ ပြီးတော့ သေတယ်။ သူ မျက်ကန်းတုန်းက လူနာလာမေးဖူးသလား၊ သေတော့ အသုဘ လာဖူးလား"

"ပတ်ဝန်းကျင်က ရိုက်ပုတ်နေတဲ့အချိန် သူ့အပြင်ဘက်ကို ဘယ်လိုထွက်မလဲဗျ။ သူ့ဘက်မှာ အခက်အခဲတွေအများကြီး၊ ရင်ဆိုင်စရာတွေ အများကြီးနဲ့"

"ငါတို့မှာလည်း ပြန်မရတော့တဲ့ဆုံးရှုံးမှုနဲ့ကွ။ သူ့ဆီက တာဝန်ယူမှုမရရင်တောင် စာနာမှုတော့ရသင့်တယ်။ သူရှောင်ပြေးသွားတယ်။ အဲ့ဒီအတွက် ငါ ကလဲ့စားချေတယ်ကွာ"

"ခင်ဗျား အရူးပဲ"

မိုးအောင်က ဈာန်ရဲကို ထ,တားသည်။ တားသည့်လက်ကို ပုတ်ချကာ ဈာန်ရဲဆက်ပြောသည်။

"ယွန်းစံ . . . ငိုမနေနဲ့တော့။ ဒီအရူးပြောတာတွေ၊ လုပ်တာတွေ စိတ်ထဲ ထည့်မနေနဲ့တော့။ ဒီလူ ဆက်အကောက်ကြံရင် ငါအသေသတ်ပစ်မယ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

ဒီတစ်ခါရယ်သူက ကိုအောင်ခန့်။

"အေး . . . မင်းက အသေပဲသတ်ပစ်နိုင်မှာ။ ငါက အရှင်သတ်ပစ်မှာ။ ရှင်လျက်နဲ့သေအောင် မင်းတို့ကိုသတ်မှာ"

ဘိတ်ကြီးကလည်း ထ,တားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုအောင်ခန့် . . . ထိုင်လိုက်ပါဗျာ၊ ကိုအောင်ခန့် . . ."

ဥာဏ်မင်းကလည်း ချာန်ရဲကို အတင်းထိုင်ခိုင်းသည်။

"ညှိယူကြရအောင်ပါဗျာ။ အာဃာတတွေကို ဆုံးနိုင်မယ့်နည်းလေး"

ကန့်တင်းတစ်ခုလုံး၏အခြေအနေကို သူတို့သတိမရကြပါ။ အချေအတင်စကားတို့ကို ခဏရပ်ကာ အားလုံး ကိုယ့်စိတ်ကို ထိန်းထားနေကြသည်။ မိုးအောင်က သင့်တင့်သည့်စကားကိုဆိုသည်။

"ယွန်းစံ . . . နင်တစ်ခုခုပြောပါလား"

"အင်း . . . ငါပြောမှာပါ"

ချာန်ရဲက ကိုအောင်ခန့်ကို ရန်သူတစ်ယောက်လို ကြည့်နေသည်။ ကိုအောင်ခန့်က ယွန်းစံကို လက်ခုပ်ထဲက ပိုးကောင်လေးကို ကြည့်သလို ကြည့်နေသည်။

"ရှင့်အနေနဲ့ ကျွန်မအပေါ် ဒီလောက်နှိပ်စက်ပြီးတာတောင် မကျေနပ်နိုင်သေးဘူးလား"

"ငါမကျေနပ်နိုင်သေးဘူးဆိုတာ မင်းကောင်းကောင်းသိထားသင့်တယ်ထင်တယ်"

ယွန်းစံ တစ်ချက်လောက်ငြိမ်ပြီးမှ . . .

"ဒါဆို ကျွန်မတောင်းဆိုတယ်။ တောင်းပန်ပါတယ်၊ ကျွန်မကို အသေသတ်ရင်သတ်ပါလား။ ဒါမှမဟုတ် ကျွန်မကို ရှင် လုံးဝ ကျေနပ်မယ့် နောက်ဆုံးစီရင်ချက်ချပါလား။ ကျွန်မဆက်ပြီး စိတ်အပင်ပန်း မခံနိုင်တော့ဘူး"

"ယွန်းစံ . . . ဘာမှတောင်းပန်စရာမလို . . ."

ထက်ထက်နှင်းက ချာန်ရဲစကားမဆုံးအောင် ဝင်တားနိုင်လိုက်သည်။ ကိုအောင်ခန့်က ယွန်းစံကို မသတ်ချင်သေးသည့် ဟင်းစားသတ္တဝါလေးကိုကြည့်သလို ကြည့်ကာ . . .



"ကောင်းပြီ၊ ငါ့စိတ်ကို အတတ်နိုင်ဆုံးလျှော့ပြီး မင့်တောင်းဆိုချက်ကို လိုက်လျောကြည့်မယ်။ မနက်ဖြန် မင်းကိုနောက်ဆုံးအနေနဲ့ အကြီးမားဆုံး အပြစ်ပေးမယ်။ မင်းခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားပေါ့"

စကားအဆုံးမှာ သူ ထလိုက်သည်။ ပြီးတော့ သူ ချာန်ရဲကို မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ကိုချာန်ရဲ . . . လုံးဝသေတာနဲ့ ရှင်လျက်သေတာ ဘယ်ဟာခံရခက်သလဲ"

မေးခွန်းအဆုံးမှာ သူ လှည့်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟောတပန်းချီတားက
ဆေးထူထူနဲ့ ဆွဲထားတဲ့ထိမ်တွေ
အရည်ပျော်ကျတုန်းက
မိုးတွေပွင့်လို့ ရှုပ်စီးတွေဝင်းလက်တုန်း
ငိုရှာခဲ့တယ်
ဟော့ ... ဘယ်မှာလဲ၊ သိဖြားမင်းရဲ့ ချွေးရေပူရှိုက် ...

ဗိုးဝ၏ 'အထုံးအဆောင်များ'မှ



## (၁၆)

ဆောင်းဝင်ရာသီ၏နံနက်ခင်းတွေကား လှပသင့်လျက်နှင့် မလှပတော့ဟု သူထင်မိသည်။ အဝေးက ဝိုးတဝါးလူရိပ်တွေကို လှမ်းကြည့်ရတာ အခိုးအငွေ့ဆန်နေသည်။ ကံကြမ္မာရိုင်း၏ရန်ကို လေထဲမှရှူမိသယောင်ယောင် သူခံစားမိသည်။

သူ သစ်ရွက်တွေကို အကြောင်းမဲ့ ခူးခြွေနေမိသည်။

"ချာန်ရဲရယ် . . . ဒီမှာလာထိုင်ပါ"

သူ့ကို ယွန်းစံက အားမပါသောအသံနှင့် လှမ်းခေါ်နေသည်။ သူငယ်ချင်းတွေကလည်း မျက်နှာအိုနေကြသည်။ ဉာဏ်မင်းက ခေါင်းတဖျင်းဖျင်းကုတ်ပြီး . . .

"ငါမှားတာပါကွာ။ ငါကိုက ဒီအမှုကိုသွားဖော်မိတာ"

"မင်းမမှားဘူး ဉာဏ်မင်း။ မင်း ငါ့အပေါ် သူငယ်ချင်းတာဝန်ကျေခဲ့တာပါ။ မဟုတ်ရင် ယွန်းစံကို ဟိုလူ ဘယ်လောက်ထိ နှောင်ကြွယ်ကနေ အနိုင်ကျင့်နေမလဲမသိနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ နင်မမှားဘူး ဉာဏ်မင်း။ ငါလည်း နင်တို့ကို ဒီလိုရှိုးဖုံးကွယ်ထားရတာ ပင်ပန်းလှပြီလေ။ ဒီလိုအားလုံးသိသွားတော့ ငါရယ်တည်ရတာ ပွင့်လင်းလာတယ်။ အားရှိလာတယ်"

'အားရှိလာတယ်' ဟု ပြောနေသော သူမနှုတ်ခမ်းလေးက အားမဲ့စွာ နွမ်းပါးနေသည်။

"သူငယ်ချင်းရယ်"

ထက်ထက်နှင်းက သူမလက်ကလေးကို ဆုပ်ထွေးပေးပါသည်။

နတ်ဆိုးလာဖို့အတွက်ဆိုလျှင် နာရီတွေကမြန်ကြသည်။

"ဟိုမှာ သူလာနေပြီ"

မိုးအောင်က ညွှန်ပြသည်။ ကိုအောင်ခန့်လာနေသည်ကို သူတို့အားလုံး တွေ့လိုက်ကြသည်။ ဘိတ်ကြီးက စိတ်မပါလက်မပါနှင့် ယွန်းစံနှင့်ဈာန်ရဲ၏ မျက်နှာချင်းဆိုင်လောက်ကျမည့်ခုံကို ကိုအောင်ခန့်အတွက် နေရာကြိုပြင်ပေးထားသည်။

ဉာဏ်မင်းကလည်း စားပွဲဝိုင်းထဲမနေချင်၍ ဆိုင်ထောင့်မှာသွားရပ်နေသည်။

ကိုအောင်ခန့်ဝင်လာသည်။

လက်မှာ စာအုပ်တစ်အုပ် ပိုက်ထားသည်။

အားလုံးကို နှုတ်ဆက်သည့်အနေဖြင့် ခေါင်းဆတ်ပြပြီး ဘိတ်ကြီးဖယ်ပေးထားသည့်နေရာတွင် ဝင်ထိုင်သည်။

ယွန်းစံက မနေ့ကလို ခေါင်းငုံ့မနေတော့ပါ။ သူပေးသည့်အပြစ်မှန်သမျှ ရင်ဆိုင်မည်ဟူသောစိတ်နှင့် ခေါင်းမော့ထားသည်။

"ပြောပါ . . . ကိုအောင်ခန့်။ ကျွန်မ အသင့်ပြင်ပြီးပါပြီ။ ကျွန်မကို ဘယ်လိုအပြစ်မျိုးပေးမှာလဲဆိုတာ ပြောပါတော့"

ကိုအောင်ခန့်က အေးဆေးစွာပင် လက်ကစာအုပ်ကို စားပွဲပေါ်တင်လိုက်သည်။ အားလုံးအကြည့်က ဘာရယ်မဟုတ်ဘဲ ထိုစာအုပ်ပေါ်ရောက်သွားစဉ်မှာတော့ . . .



'စုန်းများအား အပြစ်ပေးနည်း' ဟူသော စာအုပ်အဖုံးတွင်ရေးထားသော လက်ရေးမူနှင့်စာတမ်းကို တွေ့လိုက်ရသည်။

ထိုလူ စနစ်တကျတော့စီစဉ်ထားပြီဟု သူတို့သိလိုက်ရသည်။

"ရှေးတုန်းက အင်္ဂလန်မှာ စုန်းအတတ်,တတ်တဲ့သူတွေကို ရာဇဝတ်မှုကျူးလွန်သူတွေလို့ ပညတ်ထားခဲ့ကြတယ်ကွ။ (၁၅)ရာစုနဲ့ (၁၇)ရာစုလောက်တုန်းကတော့ ဥရောပမှာ ကားစင်တင်သတ်တဲ့ ဥပဒေရှိတယ်ကွ"

"ရှင် ကျွန်မကိုသတ်ချင်တာလား"

ကိုအောင်ခန့် ခပ်ကျဲကျဲရယ်သည်။

"ဟင်း . . . ဟင်း . . . သိပ်သတ်ချင်တာပေါ့။ မနေ့က စကားအတိုင်းပဲပြောရရင် ရှင်လျက်နဲ့သေအောင်သတ်မှာလေကွာ ဟင်း . . . ဟင်း . . ."

သည်လူ စကားပြောကျွမ်းကျင်ပါသည်။ သူက အေးဆေးစွာ ဆက်ပြောသည်။

"(၁၄၈၄)ခုနှစ်ကနေ (၁၇၈၂)ခုနှစ်အထိ ဥရောပက ဝတ်ကျောင်းတော်တွေမှာ စုန်းပေါင်းသုံးသိန်းနီးပါးလောက်ကို စီရင်ခဲ့တယ်လို့ မှတ်တမ်းရှိတယ်"

"အဲ့ဒီ ခင်ဗျားရဲ့လေ့လာစုဆောင်းထားချက်တွေကို မပြောဘဲနဲ့ လိုရင်းပဲပြောပါလား ကိုအောင်ခန့်"

လေသံမမာအောင်ဂရုစိုက်၍ ဈာန်ရဲကပြောလိုက်သည်။

ကိုအောင်ခန့်က ခေါင်းညိတ်ပြသည်။

"အင်း . . . လိုရင်းအတွက် ခြေဆင်းအနေနဲ့ပြောနေတာပါ။ နွေယွန်းယွန်းစံကိုအပြစ်ပေးဖို့ ပုံပြင်ကောင်းလေးတစ်ပုဒ် ကျွန်တော့်မှာ ရှိနေတယ်။ ကဲ . . . ခင်ဗျားတို့ စိတ်အေးအေးထားပြီး နားထောင်ကြည့်ပေါ့"

အားလုံး စိတ်ဝင်စားမှုနှင့် အာရုံစူးစိုက်ဖြစ်သွားကြသည်။

"ပုံပြင်က ခပ်တိုတိုပါ။ ဂရိပုံပြင်လေးဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူက ပုံပြင်ကိုစသည်။

"ရှေးတုန်းက အာသီးမီးယက်ဆိုတဲ့တိုင်းပြည်မှာ ဘုရင်တစ်ပါး ရှိတယ်။ ဘုရင့်နာမည်က 'ဂုဇက်'တဲ့။ သူ့မှာ 'အိုဒက်' လို့ခေါ်တဲ့ သားတစ်ယောက်ရှိတယ်။ အဲ့ဒီ အာသီးမီးယက်ဆိုတဲ့တိုင်းပြည်ရဲ့ တောင်ဘက်ဝင်လယ်မှာ ကျွန်းတစ်ကျွန်းရှိတယ်။ အဲ့ဒီကျွန်းမှာ 'နီဗာ' လို့ခေါ်တဲ့ စုန်းမတစ်ယောက်က ရဲတိုက်ကြီးတစ်ခုဆောက်ပြီး နေ့နေတယ်တဲ့။ စုန်းမဆိုပေမယ့် ငယ်ရွယ်ပြီး သိပ်ကိုလှပရှာတယ်တဲ့"

သူခဏနားလိုက်သည်။ အားလုံးက တထိတ်ထိတ်နှင့် စိတ်ဝင်စားနေကြသည်။

"တစ်နေ့တော့ ဘုရင်ကြီးရဲ့သား 'အိုဒက်'ဟာ ပင်လယ်ထဲမှာ အပေါင်းအသင်းတွေနဲ့ အပန်းဖြေတုန်း မုန်တိုင်းတစ်ခုမိပြီး စုန်းမလေး 'နီဗာ'နေတဲ့ကျွန်းကို ရောက်သွားတယ်။ အဟင်း . . . အဲ့ဒီလိုမင်းသားချောနဲ့ လှပတဲ့စုန်းမလေးတို့ဟာ တွေ့တွေ့ချင်း တစ်ယောက်ကိုတစ်ယောက် စွဲလမ်းသွားတော့တာပေါ့။ အဲ့ဒီနောက် မခွဲနိုင်မခွာရက်လို့ မေတ္တာသက်ဝင်သွားကြတော့တယ်။

ဒါပေမဲ့ ဒီသတင်းကိုကြားတဲ့ ဘုရင်ကြီးကတော့ သိပ်ကို အမျက်ထွက်တော့တာပေါ့။ သူ့သားကို မရမက အင်အားသုံးပြီး ပြန်ခေါ်တယ်။ သူ့သားကလည်း မလိုက်ချင်ဘူး။ နီဗာကလည်း မခွဲချင်ဘူး။ ဒါကြောင့် နောက်ဆုံးမှာ ဘုရင်ကြီးဟာ သူ့သားနဲ့နီဗာကို သဘောတူလိုက်ရတယ်။ ဒါပေမဲ့ ညှိနှိုင်းမှုတစ်ခုတော့ ကြားခံသေးတာပေါ့"

ဇာတ်ရှိန်က မြင့်နေသည်။

"ဘုရင်ကြီးဂုဇက်က သူ့သားနဲ့နီဗာကို သဘောတော့တူတယ်။ ဒါပေမဲ့ အပြစ်ပေးတဲ့အနေနဲ့ သူတို့နှစ်ယောက်ရဲ့မျက်လုံးကို ဦးခေါင်းကနေဖိုက်ပြီး သံခါးပတ်နဲ့ ပိတ်လိုက်တယ်။ သူတို့ တစ်ယောက်နဲ့တစ်ယောက် မမြင်ရအောင်လို့ပေါ့။ နောင် အနှစ်(၂၀)ကြာမှ အဲ့ဒီမျက်လုံးမှာ ပိတ်ထားတဲ့ခါးပတ်ကို ဖွင့်ခွင့်ပြုမယ်လို့ ပြောလိုက်တယ်။ ရွှေးချယ်



စရာမရှိတဲ့ နီဗာနဲ့အိုဒက်ဟာ ဘုရင်ကြီးရဲ့အမိန့်အတိုင်း တစ်ယောက်ကိုတစ်ယောက် မမြင်ရဘဲ လက်ထပ်လိုက်ကြတယ်တဲ့"

သူ စကားကို ရပ်လိုက်သည်။ တစ်ခုခု စဉ်းစားနေပုံပါ။

"ပုံပြင်က နည်းနည်းတော့ ကျန်သေးတယ်။ ဒါပေမဲ့ မလိုအပ်တော့ဘူးထင်လို့ ကျွန်တော် မပြောတော့ပါဘူး။ ကဲ . . . အခု ကျွန်တော် မနွေးယွန်းယွန်းစံကို စီရင်ချက်ချချင်ပြီ"

သူ့အသံက တစ်ဖက်လူကို အသင့်ပြင်ခိုင်းလိုက်သည့် ခြိမ်းခြောက်သံမျိုးနှင့် တူနေသည်။ ဘာမဆို ရင်ဆိုင်ရုံမှလွဲ၍ မတတ်နိုင်သည့် ယွန်းစံက . . .

"ပြောပါ၊ ရှင်ဖြစ်ချင်တာကို ပြောပါ"

ကိုအောင်ခန့်က ဈာန်ရဲကိုလည်း တစ်ချက်ကြည့်သေးသည်။ ပြီးမှ . . .

"မင်းတို့နှစ်ယောက်ကို ပုံပြင်ထဲကလိုပဲ တွေ့ခွင့်မပေးနိုင်တော့ဘူး"

"ရှင် . . ."

"ဘာ . . ."

"မင်းတို့နှစ်ယောက်ကို တစ်နေ့တစ်နာရီပဲ တွေ့ခွင့်ပေးမယ်။ အဲ့ဒီတစ်နာရီအတွင်းမှာ တစ်ယောက်ကိုတစ်ယောက် မမြင်ရအောင် မျက်လုံးတွေကို အဝတ်နက်တွေနဲ့စည်းပြီး ကာထားရမယ်။ ကျန်တဲ့အချိန်တွေ လုံးဝဆုံခွင့်၊ တွေ့ခွင့်မရှိဘူး။ ဖုန်းတွေ၊ စာတွေ ဘာအဆက်အသွယ်မှ မလုပ်ရဘူး။ ဘယ်လိုလဲ"

ဈာန်ရဲ ဝုန်းခနဲ ထရပ်သည်။ ယွန်းစံဆွဲထားသည့်ကြားက ရအောင်ရပ်ကာ . . .

"ခင်ဗျား မညစ်နဲ့။ ပုံပြင်ထဲကဟာတွေနဲ့ အပြင်မှာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျွန်တော်တို့က တကယ့်လူတွေ။ ပုံပြင်ထဲကလူတွေလို တစ်ယောက်နဲ့တစ်ယောက် နီးနီးလေးရှိလျက်နဲ့ မတွေ့ရတဲ့ဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်နေနိုင်မှာလဲ။ မဖြစ်နိုင်ဘူး . . . အာ . . . အလုပ်နိုင်ဘူး ဗျာ"

"ကိုဈာန်ရဲ . . . ခင်ဗျား မှားနေပြီ။ ခင်ဗျားမှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ ယွန်းစံရဲ့သဘောထားကိုပဲ ခင်ဗျားကြည့်ရမှာ"

ယွန်းစံ ငိုနေပါသည်။ မိုးအောင်က လက်သီးဆုပ်မိသွားသည်။ ယွန်းစံအသံက တုန်ယင်စွာ ထွက်လာပါသည်။

"ကျွန်မတို့ အဲ့ဒီလိုပုံစံမျိုးနဲ့ ဘယ်လောက်နေရမှာလဲ"

"ပုံပြင်ထဲမှာတော့ အနှစ်(၂၀)။ အင်း . . . မင်းတို့နှစ်ယောက်ကတော့ (၂)လလောက်ပေါ့"

"ဟာ . . . အဓိပ္ပာယ်မရှိတာ"

ဈာန်ရဲ ထိန်းမရတော့။ ဘိတ်ကြီးက ဝင်ထိန်းပေးသည်။ မိုးအောင်က ဈာန်ရဲပခုံးကို ဝင်ကိုင်ထားသည်။

ယွန်းစံ မျက်လုံးစုံမှိတ်လိုက်သည်။ မျက်ရည်ဥလေးများ စီးကျသွားသည်။

"ကျွန်မ လက်ခံတယ်"

"ဘာ . . . "

ယွန်းစံဆုံးဖြတ်ချက်ကို ဈာန်ရဲ တုန်ခါသွားသည်။

"ယွန်းစံ . . . မဖြစ်ဘူးနော်။ ငါ နင်နဲ့ နှစ်လလောက်မတွေ့ရဘဲ မဖြစ်ဘူး။ နီးနီးလေးရှိရက်နဲ့ မမြင်ရတဲ့ဘဝ . . ."

"ကျွန်မ လက်ခံပါတယ်"

ကိုအောင်ခန့်က ပြုံးနေသည်။ သူနိုင်နေပြီ မဟုတ်ပါလား။

"ကျွန်မ လက်ခံတယ်။ ဒါပေမဲ့ ရှင့်ကတိ တည်ပါစေ။ ကျွန်မချစ်သူနဲ့ ဒီလိုနီးကပ်စွာဝေးရမယ့် အပြစ်ကိုခံယူပြီးရင် ရှင် ကျွန်မဘဝထဲကို လုံးဝ မနှိပ်စက်ပါနဲ့တော့။ မဟုတ်ရင် ရှင့်ကို ကျွန်မကိုယ်တိုင်သတ်မယ်"

ကိုအောင်ခန့်က ခေါင်းညိတ်ပြသည်။



"ကျွန်တော့်ဘက်က ကတိပျက်ဖို့ အစီအစဉ်မရှိပါဘူး။ မင်းတို့ဘက်ကသာ အပြစ်ပေးတဲ့စည်းမျဉ်းကို အတိအကျလိုက်နာပါ။ တွေ့ဆုံခွင့်ပေးတဲ့တစ်နာရီကလွဲရင် ဘာအဆက်အသွယ်မှ မလုပ်ရဘူး။ ငါ့လူတွေကိုလည်း မင်းတို့ကိုစောင့်ကြည့်ဖို့ လွှတ်ထားမှာပါ"

ဈာန်ရဲမျက်ဝန်းတို့ နီနေသည်။ ယွန်းစံကိုကြည့်နေသည်။ ယွန်းစံ ဈာန်ရဲကို မော့မကြည့်ပါ။ ငါတို့မှ ကျိန်စာမိတာပါ ယွန်းစံရယ် . . .။

ဈာန်ရဲကို သူမ အရဲစွန့်ပြီးတော့ မော့ကြည့်လိုက်သည်။ မျက်ဝန်းတွေနီကျင်နေသော်လည်း ပြုံးနေသည့်ဈာန်ရဲကို သူမမြင်နေရသည်။

"ငါ နင့်အနားမှာ ဘာတွေဖြစ်ဖြစ် အမြဲရှိနေမှာပါ ယွန်းစံရယ်"

ချစ်သူ၏စကားက သူမကို ကောင်းကင်တစ်ခုစာ အင်အားပေးသည်။

"ငါ အရှုံးအားနာလိုက်တာဟာ . . ."

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

တစ်ရက်

နှစ်ရက်

သုံးရက်

လေးရက်

ငါးရက်

ခြောက်ရက်

ခုနှစ်ရက်

ဆယ့်တစ်ရက်

. . . . . .

. . . . . .

ဆယ့်ငါးရက်

. . . . . .



"ယွန်းစံ . . . ဖြည်းဖြည်းလျှောက်၊ ရောက်တော့မှာ။ ဟိုမှာ ချာန်ရဲက ရောက်နှင့်နေပြီ"

နီထွေးက သူမကို တွဲပေးသည်။

မိုးမခပင်ကြီးအောက်မှာတော့ ချာန်ရဲတို့ ရောက်နေပါပြီ။

"ဟိုမှာ ယွန်းစံလာနေပြီကွ ချာန်ရဲ၊ လာနေပြီ လာနေပြီ"

"ဟင် . . . ဟုတ်လား"

ချာန်ရဲက လက်တစမ်းစမ်းနှင့် ယွန်းစံလာမည့်ဘက်ကို မျှော်သည်။

ယွန်းစံလည်း မိုးမခပင်ကြီးအောက်ကို ရောက်လာပြီ။

ဒီတော့ သူငယ်ချင်းတွေက . . .

"ကဲ . . . အေးအေးဆေးဆေး စကားပြောကြကွာ။ တစ်နာရီပြည့်ရင် ငါတို့လာခေါ်မယ်"

"အင်း . . . "

"အင်း . . . "

သူတို့နှစ်ယောက်ကိုချန်ခဲ့ပြီး သူငယ်ချင်းတွေက ခပ်ဝေးဝေးမှ ခုံတန်းလျားလေး၊ သစ်ပင်ရိပ်လေးကနေ လှမ်းစောင့်ကြည့်နေလိုက်ကြသည်။

"ချာန်ရဲ . . . ဒီနေ့ဆို (၁၆)ရက်ရှိပြီနော်။ နောက်ထပ် တစ်လခွဲလောက်ပဲ ကျန်တော့မှာ"

"အင်း . . . ငါ အားတင်းထားတယ်"

တစ်ယောက်လက်တစ်ယောက် စမ်းကိုင်ကြရင်း စကားတွေ အမြန်ပြောမိနေကြသည်။ ဒီလို သူတို့မမြင်ရဘဲ ဆုံရသည့်အချိန်က ဆောင် တစ်နာရီပဲမို့လား။

"ငါ . . . နင့်မျက်နှာလေးကို စမ်းကြည့်ဦးမယ်"

ယွန်းစံက ချာန်ရဲမျက်နှာကို လက်နှင့်စမ်းကြည့်သည်။

ဖြတ်သွားဖြတ်လာ ကျောင်းသားကျောင်းသူများက သူတို့ကို ကြည့်ကြည့်သွားကြသည်။ တချို့ကလည်း တမင်သက်သက် လာကြည့်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သို့သော် သူတို့အနှောင့်အယှက်မဖြစ်စေရန် ခပ်လှမ်းလှမ်းမှသာ ကြည့်ကြသည်။ အားလုံးက သူတို့အကြောင်းကို အလွမ်းပုံပြင်လေးတစ်ခုလိုပြောကြသည်။ သူတို့အဖြစ်ကို ဒဏ္ဍာရီတစ်ခုလို ရင်နင့်ကြသည်။

"ဟင် . . . ဈာန်ရဲ၊ နင့်နဖူးကဘာဖြစ်တာလဲ။ ဒဏ်ရာရထားတာမို့လား။ ဟုတ်တယ်မို့လား"

"ဩော် . . . လှေကားတက်ရင်း ခြေချော်ပြီး နံရံနဲ့ဆောင့်မိတာပါ။ သေးသေးလေးပါ"

"သေးသေးလေးလုပ်မနေနဲ့။ ဂရုစိုက်မှပေါ့ ဈာန်ရဲရယ် . . . ဟင်"

သူမ သက်ပြင်းသံတိုးသဲ့သဲ့ကို သူကြားလိုက်ရပါသည်။

"ငါလည်း နင့်မျက်နှာကို စမ်းဦးမယ်လေ"

ဈာန်ရဲ သူမမျက်နှာလေးကို လက်ဖြင့်ပွတ်သပ်ကြည့်ပါသည်။ သူမမျက်နှာမှ နွေးစိုစိုအထိအတွေ့ကို သူခံစားလိုက်ရသည်။

"ချုပ်မထားနဲ့ ယွန်းစံ။ လွှတ်ပြီး စိတ်ကိုလွှတ်ပြီး ငိုပစ်စမ်းပါ။ နင်မမြင်ပေမယ့် နင့်ရှေ့မှာငါရှိနေတုန်း ငိုပစ်လိုက်"

ထိုမှ သူမ အသံထွက်ကာ ငိုတော့သည်။

ဈာန်ရဲမှာ နှစ်သိမ့်ရန် စကားလုံးရှာနေခဲ့သည်။ သူမခေါင်းမှ ဆံပင်လေးတွေကိုသာ ဖွပေးနေမိသည်။ သူ့ရင်ထဲမှာတော့ သွေးအလိမ်းလိမ်းပျက်နေပြီပေါ့။

သူမ ငိုလျက်ပြောသည်။

"ငါ . . . ငါ နင့်မျက်နှာကိုမြင်ချင်တယ် ဈာန်ရဲရယ်"

ဈာန်ရဲ ချက်ချင်းပဲ မျက်လုံးမှာအုပ်ထားသည့်ပဝါစကို ဖြည်ချပစ်လိုက်ချင်မိသည်။ သို့သော် ထိုစိတ်ကို အလျင်အမြန် ခေါက်သိမ်းလိုက်ရသည်။

"ငါကောပဲ နင့်ကိုတွေ့ချင်တယ်"



သူမတို့ လက်ချင်းမြဲမြဲဆုပ်ကာ မျက်ရည်တွေကို အဆုံးမဲ့စွာသွန်ချနေတော့သည်။

တီ . . . တီ . . . တီ . . .

တစ်နာရီစေ့သွားသည့်နာရီသံက သူတို့အတွက် ပက်ကြားအက်လွန်းပါသည်။ မကြာခင် သူငယ်ချင်းတွေလာခေါ်ကြတော့မည်။

တစ်ဆယ့်ရှစ်ရက်

တစ်ဆယ့်ကိုးရက်

နှစ်ဆယ်

နှစ်ဆယ့်တစ်ရက်

နှစ်ဆယ့်နှစ်ရက်

နှစ်ဆယ့်သုံးရက်

. . . . . .

. . . . . .

နှစ်ဆယ့်ခြောက်ရက်

. . . . . .

ညတွေမှာဆို လူအများအိပ်မှ သူတို့ကြိတ်ငိုနေရသည်။ ဖုန်းနံပါတ်ကလေးများကို နှိပ်လိုက်ဖျက်လိုက်လုပ်မိကြခြင်းမှာ သူတို့၏အလွမ်းရောင် စိတ္တဇဖြစ်လေမည်။ နီးလျက်နှင့်ဝေးနေလိုက်တာများ ကမ္ဘာဦးပင်လယ်ကြီး၏ အနံလိုက်ကာခြားထားသလိုမျိုး။ ဒါ ရှင်လျက်သေခြင်းပေါ့။ ဘယ်သူ့မှ မေးမနေပါနဲ့တော့လေ . . .။

ငါတို့ အရှင်လတ်လတ် အသတ်ခံနေရပြီ။

နှစ်ဆယ့်ရှစ်ရက်

နှစ်ဆယ့်ကိုးရက်

. . . . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ တစ်လပြည့်ပြီနော်"

"အင်း . . . နောက်ထပ် တစ်လလောက်ပဲလိုတော့တယ်"

တစ်ယောက်မျက်နှာတစ်ယောက် လက်နှင့်စမ်းရင်း သူတို့ပြန်တွေ့နိုင်မည့်ရက်ကို စိတ်ချိုးရေတွက်နေမိသည်။

"ဟတ်ချိုး . . . ဟတ်ချိုး . . . "

"ဟင် . . . ချာန်ရဲ၊ နှာစေးနေတာလား"

နှုတ်ကလည်း မေး၊ လက်ကလည်း တရွေ့ရွေ့သွားကာ သူ့နဖူးပြင်ကို စမ်းလိုက်သည်။

"ဟင် . . . ကိုယ်တွေလည်း ပူလို့။ ထင်တယ် မျက်နှာကိုစမ်းကတည်းက ကိုယ်ငွေ့တွေ နွေးနေပါတယ်လို့"

"ဟတ်ချိုး . . . ညက ဝရန်တာမှာ အကြာကြီး ထွက်ထိုင်လိုက်မိလို့ အအေးမိသွားတာထင်တယ်"

"ဆေးသောက်ပြီးပြီလား။ ဘာစားထားလဲ"

"ဟင့်အင်း . . . ငါ ဘာမှမစားသောက်ရသေးဘူး"

"ဟာကွာ . . . ကျန်းမာရေး ဂရုစိုက်မှပေါ့။ ငါမသိရင် မသိသလိုပဲ။ ငါ နင့်ကို ပြန်မြင်တဲ့အခါ အရင်လို ကျန်းကျန်းမာမာနဲ့ ရွှင်နေတဲ့မျက်နှာလေးကိုပဲ မြင်ချင်တာ"

"မြင်ရမှာပေါ့ စိတ်ချ။ ငါကတိပေးတယ်၊ ကတိ"

အဝေးဆုံးဝေးပြီးရင် အနီးဆုံး နီးချင်ပါသည်။ ကံကြမ္မာရယ် ငါတို့ကို တိမ်အတုတွေနှင့် မိုးမရွာပေးပါနှင့်တော့။

သုံးဆယ့်တစ်၊ သုံးဆယ့်နှစ်၊ သုံးဆယ့်သုံးရက်မြောက်။

သည်နေ့တွင်တော့ ယွန်းစံမှာ အရေးကြီးပြောစရာကိစ္စ ရှိနေပါသည်။

ထုံးစံအတိုင်း တစ်ယောက်နှင့်တစ်ယောက်မမြင်ရပေမယ့် လက်ကလေးအချင်းချင်းဆုပ်ကိုင်ပြီး စကားပြောဖြစ်ကြသည်။

ယွန်းစံက . . .



"နောက်သုံးလေးရက်လောက်ဆို ငါ့အဖေနဲ့အမေဆုံးတာ (၁၅) နှစ်ပြည့်ပြီ။ အဲ့ဒါကြောင့် ငါတို့အရင်နေခဲ့တဲ့မြို့ကလေးဆီ ခဏပြန်ရဦးမယ်။ ကုသိုလ်ကောင်းမှုလည်းလုပ်ဖို့၊ အဖေနဲ့အမေအုတ်ဂူကိုလည်း ကန်တော့ဖို့ပေါ့"

"ဟုတ်လား . . . ဘယ်လောက်ကြာမှာလဲ"

"အလွန်ဆုံး တစ်ပတ်ကျော်လောက် ကြာမယ်ထင်တယ်"

"ဟင် . . . နောက်တစ်ပတ်ပြီးရင် ကျောင်းပိတ်ရက်ရှည်တစ်ခုကလည်း ရှိနေသေးတယ်မို့လား"

ဟုတ်ပါသည်။ ဒီလထဲမှာ ဒီဇင်ဘာကျောင်းပိတ်ရက်ရှည်တစ်ခုကလည်း ရှိနေပါသေးသည်။

"အင်း . . . "

"ဒါဆို ငါတို့ နှစ်ပတ်ကျော်သုံးပတ်လောက် မတွေ့ရတော့ဘူးပေါ့"

ချာန်ရဲ စိတ်ညစ်စွာပြောတော့ ယွန်းစံက နှစ်သိမ့်ရသည်။

"ဘယ်တတ်နိုင်မလဲ ချာန်ရဲရယ် ခဏပဲကို။ နှစ်လမပြည့်မီ ငါတို့ ပြန်တွေ့မှာပဲ"

မတားသင့်သည့်ခရီးဆိုတော့ ချာန်ရဲ ဘယ်တတ်နိုင်မည်နည်း။

"အင်း . . . ငါစောင့်နေမယ်။ ငါတို့ မြန်မြန်ပြန်တွေ့ကြမယ်နော်"

"အင်း . . . အင်း . . . "

သုံးဆယ့်လေးရက်

သုံးဆယ့်ငါးရက်

သုံးဆယ့်ခြောက်ရက်

သုံးဆယ့်ခုနစ်ရက်

. . . . . .

. . . . . .



www.burmeseclassic.com

www.burmeseclassic.com

လေးဆယ့်နှစ်ရက်

. . . . . . .

လေးဆယ့်ခြောက်ရက်

လေးဆယ့်ခုနစ်ရက်

. . . . . . .

ရက်ပေါင်းငါးဆယ်

. . . . . . . .

. . . . . . . .

နှစ်လမပြည့်ခင် လေးငါးရက်အလိုမှာတော့ သူနှင့်ယွန်းစံ ပြန်တွေ့ရပါသည်။ ယွန်းစံ ခရီးလွန်နေ၍ ထိုနေ့မှ ပြန်တွေ့ရခြင်းဖြစ်သည်။

ခါတိုင်းလိုပဲ ကျောင်းအလယ်က မိုးမခပင်ကြီးအောက်မှာတွေ့ကြပြီး အချင်းချင်းအားပေးကြသည်။

ရက်ပေါင်း ငါးဆယ့်ခုနစ်

ရက်ပေါင်း ငါးဆယ့်ရှစ်

. . . . . . .

ထိုသို့နှင့် . . .

သူတို့ မနက်ဖြန်ဆို နှစ်လပြည့်တော့မည်ဖြစ်သည်။



(၁၈)

နှစ်လပြည့်သောနေ့ . . .။

'ကိုနိစာတွေပြယ်မည့်နေ့'ဟု သူတို့ ယုံကြည်ထားကြပါသည်။

တစ်ကျောင်းလုံးလည်း ရုတ်ရုတ်ရုတ်ရုတ်နှင့် ကျောင်းအလယ်က မိုးမခပင်ကြီးဆီသို့ အာရုံရောက်နေကြသည်။ ကျောင်းသားကျောင်းသူများသည် ကျောင်းဆောင်အပေါ်ထပ်များမှနေ၍လည်းကောင်း၊ စင်္ကြံများ၊ ဆင့်ဝင်များမှလည်းကောင်း၊ သစ်ပင်အရိပ်များ၊ ခုံတန်းလျားများမှ လည်းကောင်း မိုးမခပင်ကြီးရှိရာဆီသို့ လှမ်းကြည့်နေကြသည်။

ကော်ရစ်ဒါထောင့်ချိုးမှ စကားဝိုင်းများတွင်လည်းကောင်း၊ ကန်တင်းစကားဝိုင်းများတွင်လည်းကောင်း သူတို့အကြောင်းကို ပြောဖြစ်နေကြလိမ့်မည်ထင်သည်။

သူ့အတွက်တော့ သည်နေ့သည် အပျော်ရွှင်ဆုံးနေ့ဖြစ်သည်။ ခန္ဓာတစ်ခုလုံး လန်းဆန်းပေါ့ပါးနေကာ အလိုလိုပင် လေထဲဝဲချင်သလိုဖြစ်နေသည်။

"ဟော့ကောင်တွေ . . . ယွန်းစံ မလာသေးဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ဟိုမှာ လာနေပါပြီကွာ"

သူ သိပ်ပျော်နေသည်။ ယွန်းစံလာမည့်ဘက်ကို ခါတိုင်းလို လက်ခေါင်းစင်းနှင့် လှည့်လိုက်သည်။

"ဟား . . . ဟား . . . ဒီတစ်နာရီပြီးရင် ငါတို့ကျိန်စာ ပြယ်ပြီကွ။ ယွန်းစံနဲ့ ငါ တစ်ယောက်မျက်နှာတစ်ယောက် တွေ့ရတော့မှာ ဟား . . . ဟား . . . "

သူငယ်ချင်းများက သူ့စကားကို ဘာမှပြန်မပြောကြ။

"အဲ့ဒီအခါကျရင် မင်းတို့ကို မုန့်လိုက်ကျွေးမယ်။ အဲ . . . ဘီယာကတော့ ညကျမှဝိုင်းတာပေါ့ကွာ။ ယွန်းစံလစ်တော့မှလေ။ ဟား ဟား . . . ဘိတ်ကြီး မင်းဗိုက်ကို စားသောက်ဖို့အဆင်သင့်ပြင်ထား"

"အေးပါ . . . သူငယ်ချင်းရာ"

ဘိတ်ကြီးအသံက ခပ်နွဲ့နွဲ့ဖြစ်နေသည် (သို့) တစ်မျိုးဖြစ်နေသည် ဟု သူထင်မိသည်။

"ဘိတ်ကြီး . . . ဘာတုံး မင်း နေမကောင်းဘူးလား"

"ဟင် . . . အင်း . . . အေး . . . အေး . . . ဟုတ်တယ် သိပ်နေမကောင်းဘူး"

"တစ်ညလုံး တီဗီဂိမ်းနှိပ်ပြီး အိပ်ရေးပျက်ပြန်ပြီမို့လား"

သူ သိပ်ပျော်နေပါသည်။

ခဏကြာတော့ ယွန်းစံရောက်လာသည်။ နီထွေးတို့၊ ခတ္တာတို့ကပဲ ခါတိုင်းလို တွဲလာကြခြင်းဖြစ်သည်။

"ရပြီ . . . ယွန်းစံ၊ ဒီမှာထိုင်"

"နင်တို့ အေးအေးဆေးဆေး စကားပြောကြနော်။ ငါတို့ ခပ်လှမ်းလှမ်းက စောင့်နေမယ်"

သူငယ်ချင်းတွေ ထွက်သွားပြီးသောအခါ သူက ယွန်းစံကို စကားတွေ တရွှင်ရွှင်ပြောနေတော့သည်။ သူ အရမ်းပျော်နေသည်မဟုတ်လား။ ယွန်းစံကတော့ သူပြောသမျှကို အင်းဟုသာ အသံပြုနေသည်။



"ယွန်းစံ . . . စကားလည်း သိပ်မပြောဘူး။ နေမကောင်းဘူးလား"

ယွန်းစံမျက်နှာကို သူစမ်းကြည့်သည်။

"ဟော . . . ငိုနေပြန်ပြီလား။ နောက်တစ်နာရီ မဟုတ်ပါဘူး နောက်နာရီဝက်လောက်ဆိုရင် ငါတို့ပြန်တွေ့ရတော့မှာပဲကို ဘာလို့ငိုနေတာလဲ"

"ဝမ်းသာလို့ ငိုနေတာပါ"

"အို . . . ဖြစ်ရမယ်"

သူစကားတွေကို ခရားရေလွှတ် ဆက်ပြောလာသည်။ ပြီးလျှင် သူငယ်ချင်းတွေကို မုန့်လိုက်ကျွေးမည့်အကြောင်း၊ နောက်တော့ သူ ရည်ရွယ်ထားသည့် အနာဂတ်အစီအစဉ်တွေအကြောင်းကို မမောတမ်း ပြောလာခဲ့သည်။

တီ . . . တီ . . . တီ . . .

"ဟာ . . . တစ်နာရီပြည့်ပြီ"

သူတို့အတွက် နောက်ဆုံးတစ်နာရီ ပြည့်ခဲ့ပါပြီ။

"ငါ နင့်ပဝါကိုဖြည်ပေးမယ်။ နင်က ငါ့ပဝါကို ဖြည်ပေးလေ"

"အင်း . . . "

သူတို့မျက်လုံးများ၌ အုပ်၍စည်းနှောင်ထားသော ပဝါများကို အပြန်အလှန် ဖြည်ပေးကြသည်။

မျက်လုံးထဲ စူးရှသောအလင်းက တရိပ်ရိပ်ဝင်လာသည်။ မျက်တောင်ကို နှစ်ချက်သုံးချက် ပုတ်ခတ်လိုက်ပြီးမှ သူ့အမြင် ပီ,သလာသည်။ ထိုအချိန်မှာတော့ သူမြင်ရပါပြီ။

"ယွန်းစံ . . . ငါနင့်ကိုမြင်ရပြီ၊ ဟား . . . ဟား . . . "

သူ ဝမ်းသာစွာ အော်ဟစ်မိသည်။ သူ ရက်ပေါင်းများစွာ ကွင်းကွာနေခဲ့ရသော မျက်နှာလေးအား သူ ပြန်မြင်ခွင့်ရခဲ့ပြီ။

"ယွန်းစံရယ် . . . ငါ အရမ်းဝမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံဝါးလေးနှစ်ဘက်ကို သူလက်နဲ့ဆွဲဖျစ်ပြီး သူပြောနေရှာသည်။

သို့သော် အခုထိ ယွန်းစံဆီမှ ဘာစကားမှ ထွက်မလာသေးတာကို သူသတိထားမိလိုက်သည်။

"ယွန်းစံ . . . ဘာဖြစ်လို့လဲ"

သူမ မျက်ရည်တို့ကျလာသည်။ ယွန်းစံမျက်နှာ တစ်မျိုးဖြစ် –

"ယွန်းစံ . . . ဘာဖြစ်နေတာလဲလို့"

"ငါ . . . ငါ . . . ဝင့်လည်နေပြီ"

"ငါ . . . နင့်ကိုမမြင်ရဘူး ချာန်ရဲရဲ့"

" . . . . . "

နားမလည်မှုနှင့် သွေးပျက်မှုက အရှိန်ပြင်းစွာ သူ့ရင်ကို ဝင်ဆောင့်တိုက်သွားသည်။ သူမလည်း ရှုးမတတ်ခံစားရင်း . . .

"ငါ့ . . . ငါ့မျက်လုံး ကန်းသွားပြီ"

"ဘာ . . . "

ချာန်ရဲခန္ဓာကိုယ် မယုံကြည်နိုင်မှုနှင့် နောက်သို့လန်ကျသွားသည်။

အား . . .

အား . . . ။

ꕤ ꕤ ꕤ



ခင်ဗျားတို့သိလား။

စုန်းမတွေရဲ့ . . .

သူတို့ကျိန်ဆိုတဲ့ ကျိန်စာဟာ

သူတို့အပေါ် သုံးဆပြင်းထန်တဲ့အားနဲ့

ထန်ပြန်သက်ရောက်တတ်တယ်တဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ယွန်းစံ သူ့အဖေနဲ့အမေရဲ့ အုတ်ဂူရှိတဲ့ နယ်မြို့ကလေးဆီပြန်တာ သုံးရက်ပဲ ကြာခဲ့ပါတယ်။ သူခရီးက စောပြန်ရောက်တယ်။ ရောက်ရောက်ချင်း နောက်တစ်နေ့မှာပဲ ငါ့ဆီဖုန်းဆက်တယ်။ ဘုရားသွားချင်တယ်တဲ့။ နင်နဲ့ပြန်တွေ့တဲ့နေ့ကျရင် ပျော်ပျော်ရွှင်ရွှင်ပြန်တွေ့ဖို့၊ ဘာဆူးညှောင့်ခလုတ်မှမရှိစေဖို့၊ ပြီးတော့ အခုတလော နင်ဖျားနေတာဆို၊ အဲ့ဒါကြောင့် နင့်ကျန်းမာရေးကောင်းဖို့ပါ ဘုရားမှာ ဆုတောင်းချင်တယ်တဲ့။

သူ အဲ့ဒီလိုဖုန်းဆက်တော့ အေး . . . လာခဲ့လေ။ ငါ လမ်းထိပ်က ထွက်စောင့်နေမယ်ဆိုပြီး ငါ လမ်းထိပ်ကအသုပ်ဆိုင်မှာ သွားစောင့်နေတာ။ တစ်နာရီလောက်ကြာတဲ့အထိ ယွန်းစံ ရောက်မလာဘူး။ ဒါပေမဲ့ နောက်နာရီဝက်လောက်အကြာမှာတော့ ငါ့ဆီ သတင်းဆိုးတစ်ခု ရောက်လာတယ်။ ယွန်းစံ ကားအက်ဆီးဒင့်ဖြစ်လို့ဆိုတာပဲ"

ဈာန်ရဲ့ မျက်နှာကို စားပွဲပေါ် မှောက်ချထားသည်။ ဆက်ပြောရမည့်ခွန်အား အားမရှိပါ။ ထက်ထက်နှင်းက ဝင်ပြောပေးသည်။



"နင့်ဆီ ဖုန်းဆက်သင့် မဆက်သင့် ခွန်အားမဆုံးဖြတ်ခဲ့ဘဲနဲ့ ကျန်တဲ့သူငယ်ချင်းတွေကို ဖုန်းဆက်ခေါ်ပြီး ဆေးရုံလိုက်သွားတယ်။ အားလုံးကလည်း နင့်ကို ပေးမသိချင်ကြဘူးလေ။ ဆေးရုံရောက်တော့ ယွန်းစံ အသက်အန္တရာယ် မရှိတော့ပါဘူးတဲ့။ ဒါပေမဲ့ . . . ဒါပေမဲ့ . . . မျက်ကြည်လွှာတော့ . . . ထိခိုက်သွားပြီ"

". . . . ."

ဘာကိုနာကျည်းရမှန်းမသိအောင်ကို ခံပြင်းစိတ်က ထုံနေခဲ့ပြီ။

"ယွန်းစံသတိရတော့လည်း နင့်ကို ဒီကိစ္စ ပေးမသိချင်ဘူးဆိုပြီး ငါတို့ကို လျှို့ဝှက်ခိုင်းခဲ့တယ်။ သတင်းဆိုးဆိုတော့ နောက်ဆုံး ဒီနေ့လို မလွှဲသာတဲ့အချိန်မှပဲ သိရင်သိပါစေတော့ဆိုပြီး ငါတို့ တတ်နိုင်သလောက်-ဖုံးကွယ်ခဲ့ကြတယ်။ ယွန်းစံ ဆေးရုံမှာရှိနေတဲ့အချိန်တွေမှာတော့ ငါတို့က ခရီးလွန်နေလို့ ပြန်မရောက်သေးတာလို့ နင့်ကိုလိမ်ခဲ့ရတာပေါ့ဟာ"

သူ အဖြစ်အပျက်တွေကို ကောင်းကောင်းနားလည်လိုက်ပါပြီ။ သို့သော် စိတ်က သိသိလျက်နှင့် လက်ခံရခက်နေသည်။

ယွန်းစံလက်ကလေးများက ဟိုစမ်းသည်စမ်းနှင့် ဈာန်ရဲ့၏မျက်နှာလေးကို လိုက်ရှာစမ်းနေသည်။ ထိုလက်ကလေးကို မြင်နေရသည့် သူငယ်ချင်းများက ရင်ထဲမကောင်းကြပါ။ ဈာန်ရဲ သူမ၏ လှုပ်ရှားမှုကင်းမဲ့နေပြီဖြစ်သော မျက်ဝန်းလေးတွေကို စိုက်ကြည့်နေမိသည်။ လေလွင့်စွာ သူရေရွတ်လိုက်သည်။

"ငါတို့ဘဝတွေ ဘာတွေဖြစ်နေတာလဲ ယွန်းစံရယ်"



www.burmeseclassic.com

www.burmeseclassic.com

(၂)နှစ်ခန့် ကြာခဲ့ပြီးသည့်နောက် . . .



## (၁၉)

ကမ်းခြေမြို့လေးတစ်မြို့၏ အေးချမ်းသော ရပ်ကွက်ကလေးတွင် သူတို့နှစ်ယောက် အိမ်ငှားနေကြသည်။

နံနက်မိုးလင်းလျှင် သူက ပြတင်းပေါက်တွေ ဖွင့်ပေးသည်။ ကော်ဖီကို သိပ်မခါးအောင် ဂရုစိုက်ဖျော်ပေးသည်။ ပေါင်မုန့်တွင် ထောပတ်ပါးပါးလေး သုပ်ပေးသည်။ သူမ ပေါင်မုန့်မစားချင်သည့် နံနက်များတွင်တော့ သူက ကြက်ဥပြုတ်ပေးရသည်။ သူမက ကြက်ဥပြုတ်ကို နှစ်သက်သည်။ နေ့လယ်စာအတွက်လည်း သူပဲချက်ပြုတ်ရသည်။

သူချက်ပြုတ်နေစဉ်အတွင်း သူမက ဧည့်ခန်းတွင် ရေဒီယိုနားထောင်တတ်သည်။ ဒါမှမဟုတ် မီးဖိုချောင်မှာ အလုပ်ရှုပ်နေသည့် သူ့အနားမှာ လာထိုင်၍ ကဗျာရွတ်ပြတတ်သည်။ ဟင်းထမင်းချက်ခြင်းနှင့် ကဗျာနားထောင်ခြင်းမှာ အစပ်အဟပ်မတည့်လှသော်လည်း သူက နားထောင်ပေးတတ်စမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com

နေ့ခင်းနေ့လယ်များတွင် သူတို့နှစ်ယောက်သည် တစ်ယောက်မိသားစုအကြောင်းကို တစ်ယောက် အောက်မေ့စွာ ပြောပြဖြစ်ကြသည်။ လွန်ခဲ့သောနှစ်က သူမ၏အဘိုးနှင့်အဘွားမှာ ဆုံးပါးသွားခဲ့ပြီဖြစ်သည်။

ညနေဆို ပင်လယ်ကမ်းခြေဘက်တွင် သူတို့လမ်းလျှောက်ထွက်ကြသည်။ သူက သူမ၏လက်ကိုတွဲ၍ လျှောက်ပေးရသည်။ သူမသည် အရာရာကို မမြင်နိုင်စွမ်းတော့ပြီမို့ ပင်လယ်ကိုလည်း နားနှင့်သာ လှမ်းကြားနိုင်တော့သည်။

"အခုကြားနေရတာ ဘာအသံလဲဟင်"

သူမမေးသောအခါ သူမ၏အကြားကို သူက အမြင်အဖြစ် ဘာသာပြန်ပေးရသည်။

"ငါးဖမ်းစက်လှေရဲ့ အသံပေါ့"

"သြော် . . ."

သူမက ငါးဖမ်းစက်လှေများကို ကျည်ဆန်ခွံများနှင့် တစ်ကိုင်းတည်းထားပုံရသည်။ သူမ မနှစ်သက်ပါ။

"ငါးဖမ်းစက်လှေတွေမရှိတဲ့ဘက် လျှောက်ချင်တယ် . . . ဈာန်ရဲ့ရယ်"

သူတို့ဝန်းကျင်မှာ ဘယ်သူမှမရှိပါ။ အားလုံးနှင့်ဝေးရာမှာ သူတို့ဘဝအသစ်တစ်ခုကို ဖန်တီးခဲ့ကြသည်။ ညဦးယံတွင် အိမ်ရှေ့က ကျောက်တုံးကြီးပေါ်တွင် သူတို့ထိုင်ကြသည်။ လတ်ဆတ်သောလေကို ရှူကြသည်။ သို့သော် ကြယ်များ၊ လများနှင့် ည၏ အနှစ်သာရများကိုတော့ သူမ မခံစားနိုင်တော့ပါချေ။

ညအိပ်ရာဝင်ချိန်တွင် သူသည် သူမကို အိပ်ခန်းထဲသို့ တွဲပို့သည်။ အေးသည့်ညမျိုးတွင် သူမကို စောင်ထူထူခြုံပေးရသည်။ သူမကို ချော့သိပ်ရသည့်အခါမျိုးရှိသည်။ သူမ မအိပ်မချင်း ခုတင်ဘေးက အဖြူရောင်ကုလားထိုင်လေးတွင် သူရှိနေတတ်သည်။



သူမအိပ်ပျော်သွားပြီး တစ်နာရီလောက်ရှိမှသာ ထိုအိပ်ခန်းထဲမှထွက်ခဲ့ပြီး ဧည့်ခန်းက ဆိုဖာခုံရှည်ကြီးပေါ်တွင် သူအိပ်ဖို့ ပြင်ဆင်ရသည်။ သူမ ညရေးညတာ အပေါ့အပါးသွားချင်သည်ဖြစ်ဖြစ်၊ အိပ်မက်ဆိုးမက်၍ နိုးလာသည်ဖြစ်ဖြစ် သူမ၏အသံကို အလွယ်တကူကြားနိုင်အောင် ဧည့်ခန်းအတွင်း သူအိပ်ခြင်းဖြစ်သည်။

သူတို့ တစ်ခန်းတည်း အတူအိပ်စက်ခြင်းမရှိပါ။ လက်ထပ်စာချုပ်မရှိပါ။ သို့သော် တစ်ယောက်အနားတွင်တစ်ယောက် အစင်ကြယ်ဆုံး ရှိနေခဲ့ကြပါသည်။ ထိုသို့နေထိုင်လာခဲ့တာ နှစ်၊နှစ်တောင် ရှိခဲ့ပြီမဟုတ်လား။

• • •

ဆိုဖာပေါ်မှာအိပ်ရတာ ကျင့်သားရလာသောသူသည် နံနက်လည်း စောစောနိုးတတ်ခဲ့ပြီ။

"ယွန်းစံ . . . ထတော့လေကွာ"

"ဟင့်အင်း . . . အိပ်ချင်သေးတယ်"

ငြူစူစူလေးပြောလာသည့် သူမပုံလေးက ကလေးငယ်တစ်ယောက်လို ချစ်စရာကောင်းနေသည်။

"ဟော့ . . . ဟော့ . . . မဆိုးနဲ့။ ဒီနေ့ အုန်းနို့ခေါက်ဆွဲချက်စားမှာဆို။ ဈေးသွားရမယ်လေ"

"သြော် . . . ဟုတ်သားပဲ၊ မေ့သွားတယ်။ ဆောရီး . . . ကန်တော့ . . . ကန်တော့"

သူမ၏တောင်းပန်ပုံလေးကြောင့် သူနှင့်သူမ စတွေ့ခဲ့ပုံလေးကို သူ့စေတသိတ်တို့က ပြန်မြင်ယောင်လိုက်မိသေးသည်။

ဈေးသို့သွား၍ လိုအပ်တာများကို သူတို့ဝယ်ကြသည်။ အပြန်



www.burmeseclassic.com

www.burmeseclassic.com

ကို ကမ်းခြေလမ်းဘက်က ပတ်လျှောက်ခဲ့ကြသည်။ မိုးအနည်းငယ်အုံ့နေ၍ နံနက်ခင်းကမ်းခြေသည် ညနေကဲ့သို့ပင် မှိုင်းဆိုင်းနေသည်။

အိမ်ရောက်လျှင် အုန်းနို့ခေါက်ဆွဲချက်စားရန် ဘာကိုအရင်ဝယ်ရမယ်၊ အုန်းနို့ဘယ်လောက်ထည့်၍ ကြက်သားဘယ်လောက်ထည့်ရမယ် စတာတွေကိုပြောရင်း သူတို့ လျှောက်လာခဲ့ကြသည်။

သူတို့လျှောက်လာသည့်လမ်းမှပင် ယောဂီဝတ်အမျိုးသမီးတစ်ဦးသည်လည်း လမ်းလျှောက်လာနေသည်။ သူတို့၏ မျက်နှာချင်းဆိုင်အရပ်မှ လျှောက်လာခြင်းဖြစ်သည်။

တရွေ့ရွေ့နှင့် တစ်ဖက်နှင့်တစ်ဖက် လှမ်းမြင်ရသော နေရာလောက်အရောက်တွင်တော့ ထိုယောဂီအမျိုးသမီးကို ဈာန်ရဲ ကြည့်မိသည်။ မြင်ဖူးသလိုလည်း ခံစားရသည်။ ယောဂီဝတ်အမျိုးသမီးကလည်း ဈာန်ရဲကို ကြည့်နေသည်။ အကြည့်နည်းနည်း ကြာသွားသောအခါ အမျိုးသမီး၏မျက်နှာမှာ ပြုံးယောင်သန်းလာသည်။

"နေကောင်းကြလား မောင်လေးနဲ့ညီမလေး"

အမျိုးသမီးက အမှတ်မထင် စတင်နှုတ်ဆက်လာသည်။

"ခင်ဗျာ . . . "

ဈာန်ရဲမှာ မြင်ဖူးသလိုရှိသည်မှအပ ထိုအမျိုးသမီးကို ကောင်းကောင်းမမှတ်မိသေးပါ။

"အစ်မက ဘယ်သူလဲမသိဘူး။ ကျွန်တော် မမှတ်မိလို့ခင်ဗျ"

အမျိုးသမီးက ပြုံးမြဲပြုံးနေသည်။ ထိုအပြုံးက ယောဂီရောင်နှင့် လိုက်ဖက်နေသည်။

"ဈာန်ရဲ . . . ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

ထိုယွန်းစံ၏အသံထွက်လာတော့ အမျိုးသမီးမျက်နှာ တစ်မျိုးဖြစ်သွားသည်။

ထိုတစ်မျိုးဖြစ်သွားသော အမျိုးသမီး၏မျက်နှာကို ဈာန်ရဲသိပါသည်။



"ဒါ ကျွန်တော့်ချစ်သူပါ။ အမြင်အာရုံမကောင်းတာ (၂)နှစ်လောက်ရှိပါပြီ"

"ဩော် . . ."

အမျိုးသမီး စိတ်မကောင်းဖြစ်သွားသည်။ အခုမှ သူ့ကိုယ်သူလည်း မိတ်ဆက်ပါသည်။

"အစ်မကို လွန်ခဲ့တဲ့နှစ်,နှစ်လောက်ကပဲ မောင်လေးနဲ့ညီမလေးက ငွေတစ်သိန်း ကူညီခဲ့ဖူးတယ်လေ။ အဲ့ဒီတုန်းကတော့ ရန်ကုန်မြို့ရဲ့ဆေးရုံကြီးတစ်ရုံရှေ့မှာပေါ့"

ဈာန်ရဲနှင့်ယွန်းစံ ပြန်စဉ်းစားကြည့်နေသည်။

"အဲ့ဒီတုန်းက မောင်လေးနဲ့ညီမလေး လမ်းလျှောက်လာကြတာလေ။ ညဦးပိုင်းလေးပဲ။ အောက်တိုဘာလလောက်မှာပေါ့"

"အော် . . . ဟိုအစ်မပဲ"

သူတို့ မှတ်မိသွားကြပါသည်။ လွန်ခဲ့သည့်(၂)နှစ်က Hallowe-en day တွင် သူတို့ကူညီခဲ့သည့် အမျိုးသမီးမှန်း သူတို့မှတ်မိသွားသည်။ ထိုစဉ်တုန်းက အပူသည်ရုပ်နှင့် ယခု အေးချမ်းတည်ငြိမ်သောသဏ္ဌာန်နှင့် ဖြစ်နေ၍ သူတို့ မှတ်မိရခက်နေခြင်းဖြစ်သည်။

ထို့နောက် သူတို့ ကျောက်ဆောင်တစ်ခုမှာထိုင်၍ စကားတွေပြောဖြစ်ကြသေးသည်။ သူ့ဘဝတွေအကြောင်း၊ ကိုယ့်ဘဝတွေအကြောင်း တော်တော်စုံသွားသည်။ ပင်လယ်၏လှိုင်းရိုက်ချက်များကြောင့် သူတို့စကားပြောသံများက တိုးသက်နေသည်ဟု ထင်ရသည်။

"ဘာမှအားမငယ်ပါနဲ့ ညီမလေးရယ်။ ညီမလေးမျက်လုံး ပြန်မြင်လာနိုင်ဖို့ အစ်မဆုတောင်းပေးပါတယ်"

ထိုဆုတောင်းသည် အမျိုးသမီးပြောသွားသော နောက်ဆုံးစကားဖြစ်သည်။ ထို့နောက် သူတို့လမ်းခွဲကာ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ခဲ့ကြသည်။

ထိုအမျိုးသမီးနှင့်တွေ့ဆုံပြီး နောက်သုံးလခန့်အကြာမှာတော့—



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသောဘဲလ်သံလေးတစ်ခုက သူတို့အိမ်ရှေ့မှ ထွက်ပေါ်လာတော့သည်။ ထူးဆန်းသည်ဆိုသည်မှာ ဧည့်သည်လာရန်မရှိသော သူတို့အိမ်ကလေးတွင် ထိုသို့ လူခေါ်ခေါင်းလောင်းသံ ထွက်ပေါ်လာခြင်းကြောင့်ဖြစ်သည်။

"ဘယ်သူလဲ မသိဘူး"

ယွန်းစံကိုတွဲ၍ တံခါးဆီလျှောက်လာကာ သူ တံခါးဖွင့်ပေးလိုက်သည်။ အပြင်မှာရပ်နေသူက စာပို့သမားလေးတစ်ယောက်ပါ။

"စာလာပို့တာပါ။ ဒီမှာ လက်ခံရရှိကြောင်း လက်မှတ်လေးတစ်ချက်ထိုးပေးပါ"

ဘယ်ကစာလဲမကြည့်ခင် လတ်မှတ်ထိုးပေးလိုက်သည်။ စာပို့သမားလေး ထွက်သွားတော့မှ သူတို့ စာအိတ်ကိုဖွင့်ကြည့်လိုက်သည်။

အထဲက စာထဲတွင်တော့ . . .

| |
|---|
| သင့်မျက်စိ ပြန်ကောင်းလိုပါက<br>အောက်ပါနေရာသို့ လာခဲ့ပါ။<br>မွေကြာပွင့် တရားရိပ်သာ<br>. . . . . မြို့။ |

ᵡ ᵡ ᵡ



(၂၀)

သူတို့ ဆင်းပြီးပြီးချင်းပဲ အဝေးပြေးကားကြီးက ဆက်လက်ထွက်ခွာသွားပြီးဖြစ်သည်။

"ဟိုရှေ့နားက လက်ဖက်ရည်ဆိုင်ထင်တယ်။ အဲ့ဒီမှာ ခဏသွားနားရအောင်နော်"

"အင်း . . . "

စာထဲမှာပါသည့်မြို့ကလေးသို့ သူတို့ရောက်ခဲ့ပြီဖြစ်သည်။ ယွန်းစံကိုတွဲရင်း လက်ဖက်ရည်ဆိုင်လေးထဲသို့ ဝင်ခဲ့သည်။ ဆိုင်ထဲမှလူများက သူတို့စုံတွဲကို သတိပြုမိနေကြသည်။

စားပွဲထိုးလေး အနားလာရပ်တော့ ခပ်လွယ်လွယ်အစားအသောက်ပဲ မှာလိုက်သည်။ ပြီး . . . အနောက်စားပွဲဝိုင်းမှ လူဘက်သို့လှည့်၍ ဈာန်ရဲ စုံစမ်းမေးမြန်းကြည့်သည်။

"အစ်ကို . . . ဒီမြို့မှာ 'မွေကြာပွင့် တရားရိပ်သာ' ဆိုတာ ရှိလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်လူက မဆိုင်းမတွပင် . . .

"ရှိတာပေါ့၊ ရှိတာပေါ့ မြို့စွန်ဘက်မှာပဲ"

တခြားစားပွဲဝိုင်းက တစ်ယောက်ကလည်း ဝင်ပြောသည်။

"ဘာလဲ အဲ့ဒီရိပ်သာမှာ တရားစခန်းဝင်မလို့လား။ စဉ်းစားကြပါဦး၊ အဲ့ဒီရိပ်သာက တော်တော်စည်းကမ်းကြီးတာ၊ တင်းကြပ်တယ်ဗျ။ အဲ့ဒီရိပ်သာမှူး ယောဂီကြီးဦးအုန်းကလည်း တော်ရုံတန်ရုံလူဆို သူ့ရိပ်သာမှာ တရားစခန်းဝင်ခိုင်းတာမဟုတ်ဘူး"

"မဟုတ်ပါဘူး၊ ကျွန်မတို့က တခြားကိစ္စလေးရှိလို့ပါ"

ယွန်းစံက ပြန်ပြောခြင်းဖြစ်သည်။ ကျန်သည့်လူများ တိတ်သွားကြသည်။ ခဏလောက်အကြာမှ ဈာန်ရဲက ထပ်မေးသည်။

"ကျွန်တော်တို့ အဲ့ဒီရိပ်သာကို ဘယ်လိုသွားရမလဲ အစ်ကိုတို့"

"ဟိုရှေ့နားလျှောက်သွားလိုက် မြင်းလှည်းဂိတ်ရှိတယ်။ မြင်းလှည်းခတစ်ထောင်လောက်ပေးလိုက် သူတို့လိုက်ပို့ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါ"

နောက်နာရီဝက်လောက်အကြာမှာတော့ သူတို့ ဓမ္မကြာပွင့်တရားရိပ်သာရှေ့သို့ ရောက်ခဲ့ကြပါပြီ။ မြို့ကလေး၏ အစွန်တွင်ဖြစ်သည်။ တောအုပ်ကလေး၏အစပ်နှင့်ပင် နီးနေသေးသည်။ သစ်ရိပ်ဝါးရိပ်ဖြင့်လည်း စိမ်းမြနေသည်။ ထို့ကြောင့် တောရကျောင်းလေးတစ်ကျောင်းနှင့်ပင် တူနေသေးသည်။

ခြံဝန်းတံခါးကိုခေါက်တော့ ယောဂီအမျိုးသားတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ဈာန်ရဲက စာကိုထုတ်ပြလိုက်သည်။ ထိုမှ အထဲသို့ဝင်ခွင့်ပြုသည်။ ခြံဝန်း၏အနောက်ဘက်ဆုံးအဆောင်တစ်ခုသို့ ခုနတံခါးဖွင့်ပေးသော ယောဂီအမျိုးသားကပင် ခေါ်ဆောင်သွားသည်။ အဆောင်ရှေ့သို့ရောက်တော့ . . .



"အဘ . . . သူတို့ ရောက်လာပါပြီ"

အဆောင်ထဲမှ အဘိုးအိုတစ်ဦး၏အသံ ပြန်ထွက်လာသည်။

"အထဲခေါ်ခဲ့ပါ"

သူတို့ အထဲသို့ ဝင်ခဲ့ကြသည်။ လိုက်ပို့သော ယောဂီအမျိုးသားက ပြန်ထွက်သွားသည်။ အဆောင်၏အတွင်းခန်းထဲမှာ အဘအုန်းဟုခေါ်သော အဘိုးအိုက ထွက်လာသည်။ သူတို့ကိုကြည့်ကာ . . .

"ထိုင်ကြပါ၊ ထိုင်ကြပါ"

ယွန်းစံကိုတွဲ၍ ရှေ့၌အသင့်ခင်းထားသော တစ်ယောက်ထိုင်ဖျာဝိုင်းလေးများပေါ်တွင် ထိုင်လိုက်ကြသည်။ အဘအုန်းလည်း ကြမ်းပြင်တွင်သာ တင်ပျဉ်ခွေထိုင်သည်။

"သမီးလေးမျက်လုံးကွယ်ခဲ့တာ နှစ်,နှစ်ကျော်ခဲ့ပြီနော်"

"ဟုတ်ပါတယ်ရှင့်"

"ကောင်လေးက ဒီသမီးလေးရဲ့ ခင်ပွန်းနော်"

"ဟုတ်ကဲ့၊ အဲ့ဒီလိုပြောချင်လည်း ရပါတယ်"

အဘအုန်းက သူ့စကားကို တစ်ချက်ပြုံးသေးသည်။ ပြီးမှ မျက်နှာပြန်တည်ကာ . . .

"ကောင်လေးနဲ့အဘ နှစ်ယောက်တည်း စကားပြောချင်တယ်။ အဘနဲ့ အတွင်းခန်းထဲ လိုက်ခဲ့ပါလား"

"ဟုတ်ကဲ့ ရပါတယ်အဘ"

အဘအုန်းနှင့်ဈာန်ရဲ အတွင်းခန်းသို့ ဝင်သွားကြသည်။ ယွန်းစံသာ ဟိုတွေးသည်တွေးနှင့် ကျန်ခဲ့သည်။ အဘအုန်းက ဈာန်ရဲကို ဘာတွေများပြောမလို့လဲ သူမတွေးနေမိသည်။

နောက် မိနစ်သုံးဆယ်လောက်ကြာမှ အတွင်းခန်းမှ ဈာန်ရဲနှင့် အဘအုန်း ပြန်ထွက်လာသည်။ ဈာန်ရဲ ယွန်းစံအနားပြေး၍ထိုင်ကာ . .

"ယွန်းစံ . . . နင့်မျက်လုံး ပြန်မြင်တော့မယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . "

"နင့်အတွက် မျက်ကြည်လွှာလှူတဲ့သူ ရှိပြီ။ ငါတို့ လွန်ခဲ့တဲ့ နှစ်-နှစ်က Halloween day မှာ ကူညီခဲ့တဲ့ အမျိုးသမီးကလှူတာ"

"ဟင် . . . ဟုတ်လား။ ဟိုတစ်ခါ ကမ်းခြေမှာတွေ့တဲ့အစ်မ က လှူတာလား"

"အင်း . . . နင့်မျက်လုံး ပြန်မြင်တော့မယ်"

"ဟား . . . ဝမ်းသာလိုက်တာ"

ယွန်းစံ အရမ်းဝမ်းသာသွားသည်။ သို့သော် ချက်ချင်းပဲ တစ်စုံတစ်ရာကို တွေးမိသွားကာ . . .

"ငါ့ကို မျက်ကြည်လွှာလှူတယ်ဆိုတော့ အဲ့ဒီအစ်မကျတော့ အဲ့ဒီအစ်မကကော . . ."

"သူ ဆုံးသွားပါပြီသမီး။ သူ ကင်ဆာနဲ့ ဆုံးသွားခဲ့တာပါ"

"အို . . ."

အဘအုန်း၏အဖြေကြောင့် သူမနှုတ်ခမ်းလေး ဝိုင်းသွားအောင် အံ့သြသွားသည်။



(၂၁)

ကျောင်းတုန်းက သူငယ်ချင်းများနှင့် သူတို့ ပြန်တွေ့ရသည်။ သူတို့ရောက်ရှိနေရာ ဆေးရုံသို့ သူငယ်ချင်းများကလည်း အုပ်လိုက်ဖွဲ့၍ လာကြသည်။

"ဟို ချီးထုတ်နှစ်ကောင်"

မိုးအောင်အသံကို သူတို့ ကောင်းကောင်းမှတ်မိနေပါသည်။ ဘိတ်ကြီးကလည်း စားစရာတွေ အများကြီးဝယ်လာသည်။ ခေတ္တာ၊ ညဏ်မင်း၊ ထက်ထက်နှင်းနှင့် နီထွေး လူစုံလှသည်။

နီထွေးက ယွန်းစံအနား ပြေးထိုင်ကာ . . .

"ဟော့ကောင်မလေး . . . မျက်လုံးသာမမြင်တာ ယောကျ်ားနောက်ကျ လိုက်တတ်တယ်ဟေ့"

နီထွေးက ကျီစားသည်။ ယွန်းစံက ရယ်သည်။

"ငါ့မျက်လုံးလည်း ပြန်မြင်တော့မှာ။ အဲ့ဒီအချိန်ကျ ယောကျ်ားလည်း တကယ်ယူတော့မှာ"

သူငယ်ချင်းတွေက ဝိုင်းရယ်ကြသည်။ ဘိတ်ကြီးက မျက်နှာမဲ့ ပခုံးကို မနာမကျင်ထိုးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ပျောက်သွားလိုက်ကြတာကွာ၊ ဘယ်မှလည်း အကြောင်းမကြားဘူး"

"ခွင့်လွှတ်ကြပါကွာ။ ငါ . . . သူ့ကိုစောင့်ရှောက်ဖို့ လိုအပ်တယ်လေ"

"ငါတို့ နားလည်ပါတယ်ကွာ"

ယွန်းစံ၏ဆေးရုံအခန်းလေးမှာ သူငယ်ချင်းများကြောင့် စည်ကားနေသည်။ ခတ္တာက ယွန်းစံကို ခေါင်းဖြီးပေးရင်း . . .

"ဘယ်နေ့ မျက်ကြည်လွှာလဲမယ် ပြောလဲ"

"မပြောသေးဘူး၊ ရက်မရွေးရသေးဘူး"

ဈာန်ရဲ ယွန်းစံကုတင်ပေါ်သွားထိုင်လိုက်သည်။

"ယွန်းစံ . . . လိမ်လိမ်မာမာနေခဲ့နော်"

"ဟင် . . . နင်က ဘယ်သွားမလို့လဲ"

ဖြည်းဖြည်းချင်းချလိုက်ပေမယ့် သက်ပြင်းသံက ကျယ်သွားပါသည်။

"ငါ . . . အိမ်ခဏပြန်ဦးမယ်လေ"

အခန်းလေးထဲ ငြိမ်ကျသွားပါသည်။ သူအိမ်မပြန်ဖြစ်တာ နှစ်နှစ်ကျော်ခဲ့ပြီမဟုတ်လား။ ယွန်းစံ မျက်ရည်ကျလာသည်။

"အားနာလိုက်တာ ဈာန်ရဲရယ်။ ငါ့ကြောင့် နင့်ဘဝပါရောပြီး ဒုက္ခရောက်ရတာ။ ငါဟာ တကယ်ပဲ စုန်းမ . . ."

ယွန်းစံနှုတ်ခမ်းလေးကို သူလက်နှင့် လှမ်းအုပ်ထားလိုက်သည်။ ပြီး ခေါင်းယမ်းပြလိုက်သည်။

"လိမ်လိမ်မာမာနေနော်၊ မနက်ဖြန်နံနက် ပေါင်မုန့်ထောပတ်သုတ်စားမလား၊ ကြက်ဥပြုတ်စားမလား"

"ကြက်ဥပြုတ်"

သူမက သွက်လက်စွာ ဖြေသည်။

"အင်း . . . ကြက်ဥပြုတ်ခဲ့မယ်နော်။ တာ့တာ"



ယွန်းစံခေါင်းလေးကိုပုတ်၍ သူထွက်သွားပါသည်။

ဈာန်ရဲထွက်သွားပြီးမှ ဉာဏ်မင်းကလည်း သူပြောချင်နေသည့် စကားကို ပြန်သတိရသည်။

"သြော် . . . ငါကလည်း မေ့တတ်ရန်ကော"

"ဘာလဲ"

"လွန်ခဲ့တဲ့နှစ်,နှစ်က ယွန်းစံနဲ့ဈာန်ရဲကို ဒုက္ခပေးခဲ့တဲ့ပုံပြင်လေ။ အဲ့ဒီတုန်းက ကိုအောင်ခန့်က ပုံပြင်ကို ဆုံးအောင်ပြောမသွားဘူးမို့လား။ ဟိုတစ်နေ့က ငါ့မိတ်ဆွေတစ်ယောက်ဆီက အဲ့ဒီပုံပြင်ကို အပြည့်အစုံ ငါ ကြားခဲ့ရတယ်"

အရေးမပါတော့ပေမယ့် အားလုံးက စိတ်ဝင်စားနေကြသည်။

"ပုံပြင်အဆုံးမှာ အိုဒက်နဲ့ စုန်းမလေးနီဗာတို့က သေသွားကြတယ်ဟ။ နှစ်(၂၀)လောက်ကြာပြီးမှ ကိုယ့်ချစ်သူကို ပြန်မြင်ရတဲ့အခါ ဝမ်းသာလွန်းအားကြီးလို့ အင်း . . . ဝမ်းသာလုံးဆို့ပြီး သေသွားတာ့တဲ့"

"သြော် . . ."

ထိုတစ်ခွန်းသာ သူတို့ ရေရွတ်ဖြစ်ကြတော့သည်။ မိုးအောင်က ပြုံးပြုံးရွှင်ရွှင်နှင့် . . .

"ဘာပဲဖြစ်ဖြစ် ယွန်းစံနဲ့ဈာန်ရဲတို့က ပုံပြင်ထဲကလောက် မဆိုးခဲ့ပါဘူး"

"တော်ပါတော့ဟာ အဲ့ဒီပုံပြင်တွေလည်း အဆုံးသတ်ပါပြီ။ အတိတ်မှာ ကျန်ခဲ့ပါပြီဟာ"

အားလုံးက ပုံပြင်ကိစ္စကို စကားဖြတ်လိုက်ကြသည်။ ခတ္တာက ယွန်းစံကို . . .

"ကဲ . . . ကောင်မလေး၊ နံနက်ကျရင် ကြက်သားဆန်ပြုတ် ပြုတ်ပေးမယ်။ ကုန်အောင်သောက်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

“ဟွန်း . . . သောက်ဖူးဟော့။ ငါ့ရည်စားယူလာတဲ့ ကြက်ဥပြုတ်ပဲစားမှာ”

“သောတော့ . . .”

ခတ္တာလက်လန်သွားတော့ အားလုံး ဝိုင်းရယ်ကြသည်။

သို့သော် နံနက်ကျတော့ သူမ ကြက်ဥပြုတ်မစားရပါချေ။ ဈာန်ရဲ ရောက်မလာခြင်းကြောင့်ဖြစ်သည်။

ယွန်းစံ သူ့အပေါ် အပြည့်အဝ နားလည်ပေးနိုင်ပါသည်။ မိဘအိမ်နဲ့ နှစ်၊နှစ်လောက်ဝေးခဲ့တာဆိုတော့ သူ့အိမ်မှာနေချင်ဦးမည်ပေါ့။

“ဈာန်ရဲ နင့်အပေါ်ထားတဲ့ မေတ္တာစိတ်မျိုးကတော့ တုန်လှုပ်ရပါတယ်”

“ဟုတ်တယ်၊ နှစ်၊နှစ်လုံး အားလုံးကိုစွန့်လွှတ်ပြီး ကိုယ့်ချစ်သူအနားမှာ မားမားမတ်မတ်၊ ဖြူဖြူစင်စင် စောင့်ရှောက်နိုင်ခဲ့တာ တကယ်မလွယ်ဘူး”

ထက်ထက်နှင့်နီထွေးက ပြောခြင်းဖြစ်သည်။ ယွန်းစံကတော့ ပြုံးနေသည်။ ခတ္တာကတော့ . . .

“ဟွန်း . . . ဒီကောင်မလေး သူ့ရည်းစား ကြက်ဥပြုတ်လာမပေးတော့ ငါ့စွပ်ပြုတ်တွေပဲ လာသောက်တယ်၊ လူလည်မ”

“ဗိုက်ဆာလို့၊ မအောင့်နိုင်လို့ သောက်လိုက်တာနော်။ မနက်ဖြန်ဆို မသောက်ဘူး။ ငါ့ရည်းစား ကြက်ဥပြုတ်ယူလာမှာ”

ယွန်းစံ ပြန်ပြောလိုက်ပါသည်။

သို့သော် နောက်တစ်နေ့မှာလည်း ကြက်ဥပြုတ်ကိုယူ၍ ဈာန်ရဲရောက်မလာပါ။ ယွန်းစံ စိတ်ပူပြီ။

“ဈာန်ရဲ၊ သူ တစ်ခုခုဖြစ်နေတာများလား။ ဟင် . . . နင်တို့ပြောကြပါဦး”

“သိပ်မစိုးရိမ်ပါနဲ့ ယွန်းစံရယ်။ ဘိတ်ကြီး သူ့အိမ်လိုက်သွားပါတယ်။ ဟိုမှာ မိုးအောင်လည်း ဖုန်းဆက်နေသား”



အခန်းဝ အပြင်နံရံမှာ ရပ်နေသူတွေကတော့ ဉာဏ်မွှင်းနှင့်မိုးအောင်။ ခြေလှမ်းကျဲကျဲနှင့်လှမ်းလာသော ဘိတ်ကြီးကိုမြင်တော့ သူတို့မျက်လုံးဝင့်သွားသည်။

“ဘယ်လိုလဲ ဈာန်ရဲကော”

“မသိဘူးကွ၊ သူ့အိမ်သွားရှာပြီးပြီ။ သူ့အိမ်ကို တစ်ခေါက်ပဲ ပြန်လာပြီး ပြန်ထွက်သွားတာတဲ့”

“ဟာ . . . ဒီကောင် ဘယ်တွေလျှောက်သွားနေလဲမသိဘူး”

“ယွန်းစံကိုတော့ ဒီအကြောင်းပြောလို့မဖြစ်ဘူး။ လျှို့ဝှက်ထားမှကောင်းမှာ”

နောက်သုံးရက်ကြာတော့လည်း ဆေးရုံသို့ ဈာန်ရဲရောက်မလာပါ။ ယွန်းစံ စိတ်တွေ အရမ်းပူလာပြီ။

“နင်တို့ပြောကြလေ ဈာန်ရဲ ဘယ်မှာလဲလို့”

“ဩော် . . . ငါပြောသားပဲ။ နယ်က သူ့အစ်ကိုမင်္ဂလာဆောင်ရှိလို့ သူ့မိသားစုနဲ့ ကမန်းကတန်း လိုက်သွားရတာပါဆို”

“ဒါဆို ငါ့ကို ဘာလို့မပြောသွားတာလဲ”

“အင်း . . . အဲ . . .”

“နင့်ကိုလာပြောတယ်။ အဲ့ဒီတုန်းက နင်အိပ်နေလို့ နှိုးမပြောသွားတာ”

ဘိတ်ကြီးစကားထစ်နေ၍ ဉာဏ်မင်းက အမြန်ဝင်ဖာလိုက်ခြင်းဖြစ်သည်။

“ဟုတ်လား”

ယွန်းစံ၏အသံလေး ငယ်နေပါသည်။

“ငါကဖြင့် မကြာခင်ခွဲစိတ်တော့မှာကို သူမရှိရင် ဘယ်လိုလုပ်မလဲ”

“ငါတို့လည်းရှိနေတာပဲ။ သူစောစောပြန်လာရင်လည်း ပြန်လာမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ . . . ယွန်းစံကလည်း"

ဝိုင်းအားပေးကြသည်။ ကွယ်ရာမှာလည်း သူတို့ စည်းဝေးခဲ့ထိုင်ရသည်။ ဈာန်ရဲ ဘယ်ပျောက်သွားတာလဲကို တွေးမရကြ။

"ဘာပဲဖြစ်ဖြစ် ကြိတ်ရှာရမှာပဲ"

သူတို့ ကြိတ်ရှာကြသည်။

သို့သော် ခွဲစိတ်ခန်းဝင်သည့်နေ့တွင်ပင် ဈာန်ရဲရောက်မလာပါ။ ပြဿနာတစ်ခုရှိနေပြီမှန်းကို သူတို့သိလိုက်ကြသည်။ ခွဲစိတ်မှုကတော့ အောင်မြင်ပြီတဲ့။ နောက်တစ်ပတ်ကျော်ကျော်လောက်မှာ ပတ်တီးဖြည်ရတော့မည်။

ခတ္တာတို့၊ ဉာဏ်မင်းတို့ ပျာယာခတ်အောင်ရှာကြသည်။ ဖုန်းနံပါတ်တွေလည်း လျှောက်ခေါ်ကြ၊ သူငယ်ချင်းဟောင်းတွေဆီလည်း စုံစမ်းကြ၊ ကျောင်းတုန်းက ကန်တင်းတွေ၊ သစ်ပင်အောက်တွေ အတွေးပေါက်ရာနေရာတွေဆီ လျှောက်ရှာကြသည်။ အစအနတို့မတွေ့။

သို့နှင့် . . .

မနက်ဖြန်ဆိုလျှင် ယွန်းစံမျက်လုံး ပတ်တီးဖြည်ရတော့မည်။

ထ ထ ထ



## (၂၂)

ဆရာဝန်က သူမ၏ဦးခေါင်းအနောက်မှနေ၍ ပတ်တီးစကိုဝိုက်၍ စဖြည်လေသည်။

"စိတ်ကိုငြိမ်ငြိမ်ထားနော် သမီး"

သူငယ်ချင်းတွေ ရင်တခုန်ခုန်နှင့် သူမကို ကြည့်နေသည်။ မှန်ပြတင်းပေါက်ကနေလည်း ဈာန်ရဲများ ဆေးရုံထဲဝင်လာမလားဟု လှမ်းမျှော်မိနေကြသေးသည်။

ဆရာဝန်က သေချာညွှန်ကြားနေသည်။

"ပတ်တီးဖြည်ပြီးတဲ့အခါ မျက်လုံးကို တန်းမဖွင့်ရဘူးနော်။ ဖြည်းနိုင်သမျှ ဖြည်းဖြည်းချင်း စိတ်အေးအေး စိတ်ငြိမ်ငြိမ်ထားပြီး ဖွင့်ရမယ်နော်"

'ဝုန်း'ခနဲ သူမ ထရပ်သည်။ နောက်သို့ နှစ်လှမ်းခန့်ဆုတ်သွားသည်။

"ဟင့်အင်း . . . ကျွန်မ မျက်လုံးမမြင်ချင်တော့ဘူး။ ကျွန်မ မျက်လုံးက ကျွန်မချစ်သူကိုမြင်ဖို့ပဲ။ အခု သူမရှိရင် ကျွန်မမျက်လုံးမြင်လည်း ဘာလုပ်ရမှာလဲ။ ဟင့်အင်း . . . ဟင့်အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

"ယွန်းစံ . . . ယွန်းစံ . . . စိတ်ကိုအေးအေးထား"

"ရှာန်ရဲလာမှာ၊ ရှာန်ရဲ အမီလာပါလိမ့်မယ်"

သူတို့ ပျာပျာသလဲ ဝိုင်းဖျောင်းဖျကြသည်၊ မရပါ။ သူမ အရမ်းပဲ ဆူပွက်နေသည်။

"ပြော . . . ဒါဆို နင်တို့ပြောလေ။ ရှာန်ရဲဘယ်မှာလဲ၊ ရှာန်ရဲ ဘာဖြစ်နေတာလဲလို့"

"ငါပြောပြီးသားပဲ၊ သူ့အစ်ကိုမင်္ဂလာဆောင် . . ."

"ဘာမှမဟုတ်ဘူး၊ နင်တို့လိမ်နေတာ။ ဒါမဖြစ်နိုင်ဘူး၊ ရှာန်ရဲ တစ်ခုခုဖြစ်နေတာ။ ပြောစမ်းပါ . . . ဟင့်အင်း . . . ငါ . . . ငါ့လိုများ ရှာန်ရဲ ကားအက်ဆီးဒင့်ဖြစ်တာလား"

သူမ ခေါင်းတွေ ယမ်းနေအောင်ခါသည်။

"ယွန်းစံ . . . စိတ်ထိန်းစမ်းဟာ"

ဉာဏ်မင်း အသံဝင်လာသည်။

"ငါ အမှန်အတိုင်းပြောမယ်။ ရှာန်ရဲဘယ်မှာလဲ ငါတို့မသိဘူး။ ဘယ်သူမှလည်း မသိဘူးဖြစ်နေတယ်။ ရှာတာလည်း နံ့နေပြီ၊ မတွေ့ဘူး"

"ဟင် . . . "

"ဟုတ်တယ် . . . သူ့ကို ရှာနိုင်တဲ့သူက တစ်ယောက်ထဲရှိတော့တယ်လို့ ငါထင်တယ်"

"ဘယ်သူလဲ"

ဉာဏ်မင်းစကားကို အားလုံးစိတ်ဝင်စားသွားသည်။ ယွန်းစံကလည်း ပျာပျာသလဲ ပြန်မေးလိုက်သည်။

"ဘယ်သူလဲဆိုတော့ နင်ပဲပေါ့"

"ငါ . . ."

"ဟုတ်တယ်၊ နင်ကလွဲပြီး ရှာန်ရဲကို ဘယ်သူမှရှာနိုင်မယ်လို့ ငါမထင်ဘူး။ နင်ရှာနိုင်ဖို့ဆိုရင်လည်း မျက်လုံးပြန်မြင်မှဖြစ်မှာ။ အဲ့ဒါ



ကြောင့် စိတ်အေးအေးလေးထားပြီး ပတ်တီးဖြည်တာကို ခံလိုက်ပါ ယွန်းစံ။ ငါတို့လည်း ရှာန်ရဲကို စိတ်ပူနေပြီ။ နင့်မျက်လုံး ပြန်ကောင်းမှဖြစ်မယ်"

ဉာဏ်မင်း ဖျောင်းဖျချက် ကောင်းသွားပါသည်။ တစ်ခန်းလုံး ငြိမ်သွားသည်။ ယွန်းစံ လက်နှင့်စမ်း၍ ထိုင်ခုံမှာ ပြန်ထိုင်သည်။

"ငါမျက်လုံးမြင်ရင် ပထမဆုံးမြင်ချင်တာ သူ့ကိုဟ"

သူမစကားက အားလုံးကို နာကျင်သနားသွားစေသည်။

"ဆရာ . . . ခုနကအပြုအမူအတွက် တောင်းပန်ပါတယ်။ သမီးကို ပတ်တီးပြန်ဖြည်လို့ရပါပြီ"

ထိုတော့မှ ဆရာဝန်နှင့် သူနာပြုမလေးနှစ်ယောက် အလုပ်ပြန်စသည်။

ပတ်တီးတွေကို တစ်ရစ်ပြီး၊ တစ်ရစ်ပြီး ဖြည်ချ . . . ဖြည်ချ နောက်ဆုံးပတ်တီးစလေးကို ဖြည်ချအပြီးမှာတော့ . . .

"ခဏမှိတ်ထားဦးသမီး။ ပြီးမှ . . . ဖြည်းဖြည်းချင်းဖွင့်"

ဂြိုလ်တစ်ခုဆီမှာ အချိန်ကြာမြင့်စွာ သွားရောက်နေထိုင်ရာမှ ယခုမှ ကမ္ဘာမြေပေါ် ပြန်ရောက်လာသလို သူမ ခံစားနေရသည်။ မျက်လွှာကိုဖွင့်ရမှာ မဝံ့မရဲဖြစ်နေသည်။ ကြိုးစားဖွင့်ကြည့်သည်။ စိတ်ကိုလည်း ငြိမ်အောင် ကြိုးစားထားသည်။ ဖြည်းဖြည်းချင်း ဖွင့်သည်။

အလင်းစလေးများကို ဝတ်လွှာပါးလေးတွေလို မြင်နေရပြီ။ ဖြည်းဖြည်းချင်း ထပ်ဖွင့်ကြည့်သည်။ နေရောင်ကို ခံစားရပြီ။ နေရောင်က အေးမြနေသည်ဟု သူမထင်မိသည်။ သူမ အမြင်အာရုံ ကြည်လင်လာတော့မည်။

မျက်ခွံအားလုံး ဆန့်ဖွင့်လိုက်ချိန်မှာတော့ . . .

• • •



www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး မျက်လုံးပြန်မြင်ရရင် မင်းတို့ဘာလုပ်မှာလဲ"

"ကျွန်တော်တို့ လက်ထပ်မှာပါအဘအုန်း။ ပြီးတော့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားတော့မှာပါ"

သူ့စကားကြောင့် အဘအုန်း ခေါင်းခါသည်။

"မျက်လုံးပြန်မြင်ရရင်လည်း ဒီလိုကိလေသာချောင်မှာပဲ ပျော်နေဦးမှာပေါ့"

" . . . . "

"ယောဂီမလေး မေဖြူစင်က . . . အင်း . . . မင်းတို့တစ်ခါက အကူအညီပေးခဲ့ဖူးတယ်ဆိုတဲ့ မိန်းကလေးက သူမဆုံးခင် မင်းတို့ကို မျက်ကြည်လွှာ လှူပေးပါတဲ့။ အဘအုန်း ကြိုက်သလိုစီမံပြီး လှူပါဆိုတော့ ဒီကိစ္စမှာ ငါလည်း စွက်ဖက်ခွင့် ကောင်းကောင်းရှိနေပြီလေ"

"ဟုတ်ကဲ့ပါ"

"ဒါပေမဲ့ . . . မင်းတို့က ကိလေသာမှာပဲ သာယာနေဦးမှာဆိုတော့ ငါတို့လှူလိုက်တဲ့ မျက်ကြည်လွှာက ဘာတန်ဖိုးရှိဦးမှာလဲ"

ဈာန်ရဲ အဘအုန်း၏စကားလမ်းကြောင်းကို ကြိုးနားလည်နေပါသည်။ သူ့စိတ်ထဲမှာရှိနေသည်က ယွန်းစံအတွက် မျက်ကြည်လွှာရဖို့ပဲ။

"အဘအုန်း ပွင့်ပွင့်လင်းလင်းပြောပါ။ ကျွန်တော် ဘာလုပ်ပေးရမလဲ။ ဘာပြန်ပေးရမလဲ"

"အဟင်း . . ."

အဘအုန်း ပြုံးသည်။ 'အရိပ်အခြည် နားလည်တဲ့ကလေးပဲ' ဟု တီးတိုးရေရွတ်သေးသည်။

"မင်းကို ဒီရိပ်သာမှာ ယောဂီအဖြစ် နေစေချင်တယ်။ အဲ့ဒါမှ မျက်ကြည်လွှာလှူရတာ အကျိုးရှိမယ်"

"ကျွန်တော် ဘယ်လောက်နေရမှာလဲ"

"တစ်သက်လုံးပေါ့"



"ဗျာ . . ."

သူစဉ်းစားနေပြီ။ သို့သော် ဘယ်လိုစဉ်းစားစဉ်းစား သူ့အတွက် ရွေးချယ်စရာ နည်းနေခဲ့သည်။ သူတစ်သက်လုံး ဒီတရားစခန်းလေးမှာ နေသွားရမလား။ ဒါမှမဟုတ် တစ်သက်လုံး ယွန်းစံကို မျက်ကန်းဘဝနဲ့ ကုန်ဆုံးစေမလား။ ပထမအတွေးက သူ့အာရုံမှ ပျောက်သွားသည်။ ဒုတိယအတွေးအတွက်သာ သူဖြေရသည်။

"ယွန်းစံ မျက်လုံးမြင်မှဖြစ်မယ် အဘ"

"ဒါဆို . . . "

"ကျွန်တော် ယွန်းစံကို ဆေးရုံပို့၊ စီစဉ်စရာရှိတာစီစဉ်ပြီး ကျွန်တော့်အိမ် တစ်ခေါက်ပြန်ပြီးတာနဲ့ ဒီရိပ်သာလေးမှာ တစ်သက်လုံးနေဖို့ ပြန်လာခဲ့ပါ့မယ်"

ဓမ္မကြာပွင့်တရားရိပ်သာသို့ ယွန်းစံနှင့်အတူ ရောက်ခဲ့စဉ်က အတွင်းခန်းမှာ အဘအုန်းနှင့်ပြောသည့် စကားများဖြစ်သည်။

သူပြန်တွေးရင်း ယွန်းစံကို သတိရလာမိသည်။

အခုတော့ သူ့မှာ မြို့ကလေးတစ်မြို့၏အစွန်က တရားရိပ်သာလေးတစ်ခုမှာ ဇာတ်မြုပ်နေရသည်။

ပျောက် . . . ပျောက် . . . ဘာကိုမှသတိမရနဲ့ ပျောက်။

အရာရာကိုမေ့ပျောက်ရန် သူကြိုးစားနေသည်။

ရိပ်သာလေးတွင် သက်သက်လွတ် ကျွေးသည်။ နံနက်ပိုင်း ကျောင်းဝန်းအလယ်မှ ဓမ္မာရုံလေးတွင် တရားခွေဖွင့်ထားသည်။ ပြီးလျှင် တိုးနာရီမှစ၍ တစ်နာရီခြား‌တစ်ခါ အာနာပါနအခန်းဝင်ရသည်။ ဓမ္မာရုံဆောင်မှ ခန်းမဆောင်ကြီးတွင် ယောဂီအားလုံး တရားမှတ်ရသည်။ တစ်နာရီ တရားထိုင်ပြီးလျှင် နာရီဝက် စင်္ကြံလျှောက်ရသေးသည်။

ဈာန်ရဲနေထိုင်ရာအဆောင်၏ အနောက်တွင် ယောဂီကြီး ဦးထွန်းဆိုတာလည်း ရှိသေးသည်။ ထိုယောဂီကြီးကတော့ အချိန်ပိုင်း သစ်ပင်စိုက်နေသည်။ ထိုအဘိုးကြီးနှင့်ဈာန်ရဲ စကားပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဘကကျတော့ ဘာလို့ တရားမထိုင်တာလဲ"

"ကျန်းမာရေးမကောင်းလို့ပေါ့ကွ။ အရိုးအဆစ်တွေ မကောင်းဘူး။ ဒါပေမဲ့ ငါက သစ်ပင်စိုက်တဲ့အထဲ အာရုံစိုက်ထားတယ်လေကွာ။ ဒီတော့လည်း စိတ်ငြိမ်တာပေါ့။ အခြေခံသမာဓိလေးတွေရတာပဲ"

"ဪ . . ."

"မင်းလည်း တစ်ခုခုကိုမေ့ချင်ရင် အခြားတစ်ခုမှာ အာရုံနှစ်ထားကြည့်ပေါ့ကွာ"

ရှာန်ရဲ တွေးတွေးစစနှင့် ခေါင်းညိတ်ဖြစ်သွားသည်။

ဘာတစ်ခုခု အာရုံနှစ်ထားရမလဲ။ ဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ ယွန်းစံရေ . . .။

သူ ယွန်းစံအပေါ် သတိရစိတ်ကို ထိန်းချုပ်ချင်သည်။

တရားမှတ်ရတာလည်း သူ့အတွက် အကျင့်မရ၍ အဆင်မပြေပါ။ ဒါဆို ဘာကိုလုပ်ရင်း စိတ်ပြောင်းနေရမလဲ၊ စိတ်နှစ်နေရမလဲ သူ စဉ်းစားသည်။

ဟုတ်ပြီ . . .။

သူ အတွေးရသွားလေပြီ။



(၂၃)

ဒဂ်ါးပြားလေးပေါ်တွင် သံချောင်းလေးနှင့် သူခြစ်နေသည်။ ရုပ်ပုံတစ်ခုကို ထွင်းနေခြင်းဖြစ်သည်။ သူ ထိုရုပ်ပုံလေးကို အချိန်ရှိတိုင်းထွင်းနေခဲ့သည်။ သည်ရုပ်ပုံလေးပေါ်မှာပဲ သူအာရုံရှိနေသည်။

ယွန်းစံ မျက်စိခွဲစိတ်ပြီးလောက်ပြီ။ အင်း . . . ပတ်တီးဘယ်နေ့ဖြည်မလဲ။ အို . . . ဖျောက်ပစ်စမ်း။

အတွေးတွေကို သူဖျောက်သည်။ ဒဂ်ါးပြားလေးကို စိုက်ကြည့်သည်။

သူမျက်လုံးမြင်ရင် သူ့ဘဝသာယာသွားမှာပါလေ။ ဘာမှစိတ်ပူစရာမရှိတော့ဘူး။ အို . . . ဖျောက်စမ်း . . . ဖျောက် . . . ဖျောက်...။

အာရုံကို အထပ်ထပ်ဆင်ခြင်နေရသည်။ အဖန်ဖန်ထိန်းချုပ်ကာ ဒဂ်ါးပြားလေးပေါ်မှာသာ သူ့အာရုံကိုစူးစိုက်ထားသည်။ သူ့စိတ်တွေ ငြိမ်လာသည်၊ ကြည်လင်လာသည်ဟု သူထင်မိလာသည်။ ရုပ်ပုံလေးကို အပြီးသတ်ထွင်းပြီးသည့်အခါမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ပြီးပြီဗျ ဒါပဲ"

သူတစ်ယောက်တည်း ကြိတ်အော်လိုက်သည်။

သို့သော် သူ့အနောက်တွင်ရှိနေသူက . . .

"ဘာ . . . ဒါပဲလဲ"

"ဟာ . . . အဘအုန်း"

သူလန့်သွားသည်။ အဘအုန်းက ခပ်ပြုံးပြုံးပင် . . .

"ဒဂ်ါးပေါ်ထွင်းနေတဲ့ပုံလေး ပြီးသွားပြီပေါ့ဟုတ်လား"

အဘအုန်းက သူ့ကိုစောင့်ကြည့်နေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ သူ ဘာလုပ်နေသလဲကို ကောင်းကောင်းသိပြီပေါ့။

"အဲ့ဒါတွေလျှောက်လုပ်နေမှတော့ သမာဓိဘယ်ရတော့မလဲ"

ဈာန်ရဲငြိမ်နေသည်။

"ကဲ . . . ငြိမ်မနေနဲ့၊ မြန်မြန်ပြန်သွားတော့။ မနက်ဖြန် မင်းကောင်မလေး မျက်လုံးပတ်တီးဖြည်မှာတဲ့။ ငါသတင်းရထားတယ်"

"ဗျာ . . . ကျွန်တော် ဒီတရားစခန်းမှာ မနေရတော့ဘူးပေါ့"

အဘအုန်းက ဟက်ဟက်ပက်ပက်ရယ်သည်။

"မင်းက နေချင်ပါတယ်ဆိုရင်တောင် ငါက မနေခိုင်းချင်ပါဘူးကွာ။ ငါက မင်းစိတ်ဘယ်လိုရှိလဲလို့ စမ်းကြည့်တာလောက်ပါ။ ဒီတရားစခန်းလေးဆီ ပြန်လာတယ်ဆိုကတည်းက မင်းရဲ့ဂတိတည်မှု၊ ကိုယ်ကျင့်စိတ်ဓာတ်ကို လေးစားပြီးသားပါ။ ဒါပေမဲ့ ငါ့ရိပ်သာမှာတော့ တရားလည်း ကောင်းကောင်းမထိုင်ဘဲ လျှောက်လုပ်နေတဲ့ယောဂီမျိုးကို မလိုချင်ဘူး။ အဲ့ဒါကြောင့် မင်းကောင်မလေးဆီ မင်းသွားပါတော့"

"တ . . . တကယ်"

ဈာန်ရဲ အံ့သြဝမ်းသာသွားသည်။ ရင်ထဲတဖျစ်ဖျစ်နှင့် လျှပ်စစ်ကြိုးနှစ်ကြိုးပစ်ရိုက်နေသလို အလင်းတွေဖြာဆင်းလာသည်။



"အခု ကားစီးမယ်ဆိုရင်တောင် မနက်ဖြန်ဘယ်အချိန်လောက် မင်းကောင်မလေးဆီ ရောက်မယ်မသိဘူး။ အမြန်ပြေးမှကောင်းမယ်ထင်တယ်နော် ကောင်လေး"

"ကျေး . . . ကျေးဇူးပဲ အဘအုန်း"

အဘအုန်းကို သူ အားရပါးရ ထိုင်ကန်တော့ပစ်လိုက်သည်။ ပြီးတော့ . . . သူထွက်ပြေးခဲ့ပြီပေါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

(၂၄)

ခတ္တာနှင့်နီထွေး အသက်ရှူသံပြင်းနေကြသည်။ ထက်ထက်နှင်း၏ပခုံးကိုတော့ မိုးအောင်က ဖျစ်ကိုင်ကာ ထိန်းထားပေးသည်။ ဉာဏ်မင်းက တည်ငြိမ်သည့် မျက်နှာမျိုးလုပ်၍ ကြည့်နေသည်။ ဘိတ်ကြီးက တခြားနံရံဘက် လက်ထောက်ပြီး နောက်ဆုံး ပင်နယ်တီကန်တော့မည့် ကစားသမားကို မကြည့်ရဲသလိုမျိုးနှင့် အကြည့်လွှဲထားသည်။

သူမ မျက်ခွံအားလုံးကို ဆန့်ဖွင့်လိုက်သည်။

စောင့်ကြည့်နေသူအားလုံး ရင်ခုန်နေကြသည်။

သူမမျက်တောင်ကို ပုတ်ချည်ခတ်ချည်လုပ်ကြည့်သည်။

"သမီး မြင်ရလား"

ဆရာဝန်ကြီးက မေးသည်။

"ယွန်းစံ ဘယ်လိုလဲ"

"မြင်လားယွန်းစံ၊ ငါ . . . ခတ္တာလေ"

"ယွန်းစံ . . . ငါ . . . ငါက ဘိတ်ကြီး"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။



သူမမဖြေဘဲ ငြိမ်နေသည်။ သူမမျက်နှာ တစ်မျိုးလေးဖြစ်လာသည်။ ပြီးမှ တစ်ခွန်းချင်းထွက်လာသည်။

"ငါမြင်ရတယ်"

ဆရာဝန်ကြီးက အရင်ပြုံးသည်။ သူငယ်ချင်းတွေလည်း ထိုအခါမှ ရင်ထဲက အပူလှိုင်းကြီး ငြိမ်သွားတော့သည်။ သို့သော် ယွန်းစံ ငြိမ်နေသေးသည်ကို သူတို့ သတိထားမိကြသည်။

"ယွန်းစံ . . . ဘာဖြစ်လို့လဲ"

"ယွန်းစံ . . . ယွန်းစံ . . ."

အားလုံးက စိုးရိမ်လာကြပြန်သည်။

ယွန်းစံထိုင်ရာမှ ဖြည်းဖြည်းချင်း ထလာသည်။ ပြီးတော့ ဆန့်ဆန့်လေးရပ်သည်။ မျက်နှာလေး ပြုံးလာသည်။

"ငါမြင်နေရတယ်"

" . . . . . "

"ဈာန်ရဲ"

" . . . . "

အားလုံး 'ဝုန်း'ခနဲ တစ်စုံတစ်ရာအသံကြောင့် နောက်ကိုလှည့်ကြည့်ပစ်ကြသည်။

တံခါးဝတွင်ရပ်နေသူက ဈာန်ရဲ . . .။

ဈာန်ရဲ တဟောဟောနှင့် မောနေသည်။ ပြီးတော့ ပျော်နေသည်။ စကားမပြောနိုင်သေး။ လူကတော့ ခွေယိုင်နေသည်။ ဘယ်လောက်ဝေးဝေးက အားကုန်ပြေးလာလဲမသိ။ သို့သော် ဈာန်ရဲပြောနေသည်။

သူမနှုတ်ခမ်းများမှ တုန်ယင်စွာ ထွက်လာသည်။

"ငါ့ . . . ဈာန် . . . ရဲ . . ."

"ယွန်းစံ . . . "

ဈာန်ရဲ ပြေးဝင်လာသည်။ ယွန်းစံရှေ့ ဝင်ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခတ္တာက ပြတင်းပေါက်နားပြေး၍ ငိုသည်။ နီထွေးက ထိုင်ချပစ်သည်။ ထက်ထက်နှင်းက မိုးအောင်ရင်ခွင်ထဲ မျက်နှာအပ်ပစ်လိုက်သည်။ ညထက်မင်း မျက်ရည်တစ်ပိုင်းနှင့် နံရံကို လက်သီးနှင့်လှည့်ထိုးသည်။

ဘိတ်ကြီး ခေါင်းမော့ထားသည်။

သူနာပြုဆရာမလေးနှစ်ယောက်က တစ်ယောက်လက်တစ်ယောက် ဆုပ်ထားသည်။ ဆရာဝန်ကြီးကလည်း နားကြပ်ကြီးကိုင်လို့ ဘာမှလည်းနားမလည်ဘဲ ပြုံးလို့၊ သူ့ဘာသာသူ ရသမြောက်နေသည်။

"ငါ . . . ငါနင့်ကို အရင်မြင်ရတာ။ ငါ့မျက်လုံးစမြင်တော့ နင့်ပုံရိပ်ကို အရင်စမြင်တာ"

"ယွန်းစံရယ် . . . "

" . . . . . "

မအောင့်နိုင်တော့၍ သူငယ်ချင်းတွေကပါ ဝိုင်းဖက်ကြတော့သည်။ အေပေး၊ ချီးမှပဲနှင့် ဆဲဆိုကြသည်။ 'ငါတို့ကို ရင်ပူအောင်အရမ်းလုပ်တယ်'ဟု ဘိတ်ကြီးက ပြောသေးသည်။ သူ့ကို ခေါင်းတွေဝိုင်းရိုက်ကြသည်။ ယွန်းစံကိုလည်း နီထွေးက 'ရှေ့မှာရှိနေတဲ့ ငါတို့ကိုကျော်ပြီး သူ့ရည်းစားကိုအရင်မြင်တဲ့ မိန်းမစုတ်' တဲ့။

အခုတော့ မေးလို့ရပါပြီ။

ကျိန်စာတွေ ဘယ်မှာလဲ . . .။



## (၂၅)

ကမ်းခြေမြို့လေးမှအိမ်ကလေးဆီ သူတို့ပြန်ရောက်ခဲ့ကြသည်။ အလုပ်တွေကြိုးစားလုပ်၊ ပိုက်ဆံစုပြီး ထိုအိမ်ကလေးကိုဝယ်ရန်လည်း သူတို့ ဆုံးဖြတ်လိုက်ကြသည်။

သူငယ်ချင်းတွေလည်း လိုက်လာကြသည်။

အိမ်ကလေးကို လှကြောင်း၊ ရှုခင်းကောင်းကြောင်း စုံမက်စွာ ဝိုင်းပြောကြသည်။

နံနက်ပိုင်း အုန်းနို့ခေါက်ဆွဲ လုပ်စားကြသည်။

ညနေကျတော့ သူငယ်ချင်းတွေနှင့်အတူ ကမ်းခြေမှာရေကစားကြသည်။ သူငယ်ချင်းတွေ၏ ခပ်ဝေးဝေးမှ ကျောက်ဆောင်လေးပေါ်တွင် သူတို့နှစ်ယောက် ရှိနေသည်။

သူ့ရင်ခွင်ကိုမှီ၍ သူမ ထိုင်ထားသည်။

ပင်လယ်လေက သူမဆံပင်လေးများအား ရှည်ရှည်လွင့်လွင့်လေးဖြစ်အောင် တိုက်ခတ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ဒင်္ဂါးပြားလေးကို မြှောက်လိုက်သည်။ ပြီးတော့ ပြန်ဖမ်းထား သူမရှေ့ထိုးပြသည်။

"ပြော . . . ဒါ အသည်းပုံလား။ ဘာပုံမှမဟုတ်ဘူးလား"

သူမ မခန့်မှန်းတတ်ပါ။ ရင်ထဲရှိသည့် ဆန္ဒလေးအရတော့ . .

"ငါကတော့ အသည်းပုံလေးကျချင်တာပေါ့"

"ဒါဆို နင့်ဆန္ဒပြည့်စေရမှာပေါ့။ ရော့ . . . ဒီမှာကြည့်"

လက်ခုပ်ကိုဖွင့်ပြလိုက်တော့ အသည်းပုံလေးကို တွေ့လိုက်ရသည်။

သူမ ပျော်သွားသည်။

"အိုး . . . တော်လိုက်တာ၊ ဒင်္ဂါးပြားလေးကို အသည်းပုံကျအောင် မြှောက်တတ်တယ်။ ငါ့ရည်းစားတော်တယ်ဟေ့"

တဟားဟားနှင့် ဈာန်ရဲ ထရယ်သည်။ ရယ်သံငြိမ်သွားမှ . . .

"ဘာမှစိတ်မပူနဲ့တော့။ ငါတို့အတွက် နိမိတ်ဆိုးတွေမရှိတော့ဘူး။ ဒီဒင်္ဂါးပြားလေးကို ဘယ်လိုလှည့်လှည့်မြှောက်မြှောက် အသည်းပုံပဲကျတော့မှာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ဈာန်ရဲ ပြန်ပြောပြရသည်ပေါ့။ သူတရားစခန်းမှာတုန်းက ဒီဒင်္ဂါးပြားလေးပေါ်မှာ အသည်းပုံကို စိတ်ရှည်ရှည်ထွင်းခဲ့သည့်အကြောင်းကို . . .သူမက သူ့မျက်လုံးတွေကိုကြည့်၍ နားထောင်နေသည်။

"ငါတို့ဘဝက တော်တော်ခက်ခဲခဲ့တာပဲနော်"

"အင်း . . . ဘဝဆိုမှ ယွန်းစံဘဝကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။ ဘဝဆိုတာ တိုက်ပွဲဆိုတာမျိုးကြီးတော့ မပြောနဲ့တော့နော်။ နားထဲမှာ ရိုးနေလို့"

သူမက ရယ်ပြီးမှ . . .

"ဘဝဆိုတာတိုက်ပွဲ ဆိုတဲ့စကား ငါလည်းမကြိုက်ပါဘူး"

"ဘာလို့လဲ"



"ညီစော်နံလို့"

ရှင်းပါသည်။ ဈာန်ရဲပါ သဘောကျမိသည်။

"ဘဝဆိုတာကို အဓိပ္ပါယ်ဖွင့်လို့ ဘယ်တော့မှ လုံခြုံ ခြုံငုံမိမယ် မထင်ဘူး။ လူတွေက ကိုယ့်ဘဝနဲ့ကိုယ်ပဲ မဟုတ်ဘူးလား နော်"

"ဒါပေါ့"

"ဒါကြောင့် ငါတို့ဘဝကိုပဲ အဓိပ္ပာယ်ဖွင့်ကြည့်မယ်နော်"

ဈာန်ရဲ နားထောင်နေလိုက်သည်။

"ငါတို့ဘဝက နစ်ချို့ခဲ့တယ်။ မြေကြီးထဲမြှုပ်ခံခဲ့ရသလို မှန်းကျပ်ခဲ့တယ်၊ ခါးသက်ခဲ့တယ်၊ ပြီးတော့ ချိုမြိန်ခဲ့တယ်။ ဒါကြောင့် ငါတို့ဘဝကို ဒီလိုအဓိပ္ပာယ်ဖွင့်ချင်တယ်"

ကဗျာဆရာမလေးဖွင့်မည့်အဓိပ္ပာယ်ကို သူသေချာနားထောင်လိုက်သည်။

"ငါတို့ဘဝက . . ."

" . . . . . "

"စုန်းသောက်ပိုင်"

လောကဓာတ်သည် တိမ်ပြာတို့နှင့် နသစ်ပျိုလွင်လာတော့သည်။

နောက်တစ်ခေါက်အဖြစ် ဒင်္ဂါးပြားလေးကို လေထဲမြင့်နိုင်သမျှမြင့်အောင် မြှောက်လိုက်သည်။ ထို့နောက် . . .

သူတို့ ဒင်္ဂါးပြားလေးကို မော့ငေးကြည့်လို့ . . .။

ᨁ ᨁ ᨁ

သူဝေ

05:05 AM

2011,Oct



www.burmeseclassic.com